
mgyoe.com

SAMPLE BOOK

ဆုရောင်စဉ်စာအုပ်တိုက်



# ဇာစ်မြစ်

လင်းတင့်သီဟ

# ORIGIN

DAN BROWN

2022.GRAPHIC DESIGN : KYAW MINN MOUNG

ဒုတိယအကြိမ်

mgyoe.com


mgyoe.com SAMPLE BOOK

# ဇာစ်မြစ်

လင်းတင့်သီဟ

# ORIGIN

DAN BROWN



9 780201 008326

mgyoe.com

mgyoe.com · SAMPLE BOOK


ပုံနှိပ်မှတ်တမ်း

**ဒုတိယအကြိမ်၊ စက်တင်ဘာလ၊ ၂၀၂၅ ခုနှစ်။**

ပထမအကြိမ် ✹ နိုဝင်ဘာလ၊ ၂၀၁၉ ခုနှစ်။

ထုတ်ဝေသူ ✹ ဦးမြင့်စိုး (ဆုရောင်စဉ်စာပေ) (၀၁၆၉၅)၊
အမှတ် (၃၈၂)၊ နီလာ ၁ လမ်း၊ ၈ ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ✹ ဒေါ်မျိုးမျိုးသန့် (မျိုးမျိုးပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)၊
အမှတ် (၅၂)၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း ✹ ကျော်မင်းမောင်

အုပ်ရေ ✹ ၅၀၀

တန်ဖိုး ✹ ကျပ် ၃၅၀၀၀

လင်းတင့်သီဟ
ဓာစ်မြစ်/လင်းတင့်သီဟ။ – ရန်ကုန်၊
ဆုရောင်စဉ်စာအုပ်တိုက်၊ ၂၀၂၅။
၆၉၁ – စာ၊ ၁၅.၄ × ၂၂.၃ စင်တီ။
(၁) ဓာစ်မြစ်


mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

မော့ကြည့်လျှင် ချာချာလည် မူးသွားလောက်သော လျှောစောက်အတိုင်း ရှေးဟောင်း စက်သွားတပ် ရထားတစ်စင်း တရွေ့ရွေ့ တက်နေစဉ်ဝယ် အက်ဒ်မန်ခါးရှ်သည် အပေါ်ဘက်ရှိ မားမတ်မတ် တောင်ထွတ်တို့ကို အကဲခတ်လျက် ရှိ၏။ အဝေးတွင် လှမ်းမြင်နေရသည့် ရောမ ကျောက်သားဘုန်းကြီးကျောင်းမှာ ကျောက်နံရံ မျက်နှာစာဒ္ဓ တည်ဆောက်ထားသဖြင့် ဟင်းလင်းပြင်တွင် တွဲလဲခိုနေသည့်နှယ် ထင်မှတ်မှားရပေသည်။ ကိုးဆယ်ဒီဂရီ မတ်စောက် နေသော ကျောက်နံရံကြီးနှင့် ဘုန်းကြီးကျောင်းကို သဘာဝလွန် စွမ်းအားတို့က ပေါင်းစပ် ပေးထားသယောင်။

စပိန်နိုင်ငံ ကာတာလိုးနီးယားဒေသတွင် တည်ရှိခဲ့သည်မှာ နှစ်ပရိစ္ဆေဒ ကြာမြင့်လှပြီ ဖြစ်သော ဤဘုရားကျောင်းသည် ပထဝီမြေမဟီ၏ အညှာတာမဲ့ ဆွဲငင်အားကို ရာစုနှစ် လေးခုမက ကြံ့ကြံ့ခံနေဆဲ ဖြစ်ပြီး 'ကျောင်းတော်တွင်းရှိ ပုဂ္ဂိုလ်များကို ပြင်ပကမ္ဘာနှင့် ကန့်သတ်ပေးထားရေး' တည်းဟူသော ၎င်း၏ မူလဘူတ ရည်ရွယ်ချက်ကို စိုးစဉ်းမျှ အတိမ်း အစောင်း မခံခဲ့ချေ။

*အင်း... အမှန်တရားကို ဦးဦးဖျားဖျား သိခွင့်ရမယ့်သူတွေက ဒီလူတွေ ဖြစ်နေတာ ရယ်ဖို့တော့ အကောင်းသားပဲ။*

အနီ ပုဂ္ဂိုလ်များ မည်သို့ တုံ့ပြန်လေမည်နည်းဟု ခါးရှ်တစ်ယောက် အတွေးနယ်ချဲ့ နေမိ၏။ ဘုရားသခင် ဘက်တော်သားများမှာ ကမ္ဘာပေါ်တွင် အန္တရာယ်အကြီးဆုံး ပုဂ္ဂိုလ်များ ဖြစ်ကြောင်းကို ရာဇဝင်သမိုင်းတို့က ပြဆိုလျက် ရှိ၏။ အထူးသဖြင့် ၎င်းတို့၏ ဘုရားသခင်ကို ခြိမ်းခြောက်သည့် အနေအထားမျိုးတွင် ဖြစ်ပေသည်။

*ငါ အခု မျှားတူအုံကို မီးတုတ်နဲ့ ထိုးရတော့မယ်။*

ခါးရှ် စီးလာသော ရထား တောင်ထိပ်သို့ ရောက်ရှိချိန်တွင် စကြံ့ဒ္ဓ စောင့်ကြိုနေသော ပုဂ္ဂိုလ်တစ်ဦးကို အထီးတည်း မြင်တွေ့ရ၏။ ထိုသူမှာ အိုမင်းပိန်လှီလှပြီး ကက်သလစ် အထိမ်းအမှတ် ခရမ်းရောင် ဝတ်ရုံရှည်နှင့် အဖြူရောင် ရော့ချတ်ဝတ်စုံတို့ကို ဆင်မြန်းထား လေသည်။ ခေါင်းတွင်မူ သံပရာခွံ ဦးထုပ်လေးကို ဆောင်းထား၏။ သူ့ကို စောင့်ကြိုနေသူ၏ အရိုးပေါ် အရေတင် သွင်ပြင်ကို ဓာတ်ပုံများထဲတွင် မြင်ဖူးထားသော ခါးရှ်က ချက်ချင်း


mgyoe.com

mgyoe.com SAMPLE BOOK

မှတ်မိလိုက်သည်။ ထင်မှတ်မထားသည့် ခပ်ပြင်းပြင်း စိတ်လှုပ်ရှားမှုကို ခါးရှိတစ်ယောက် ရုတ်တရက် ခံစားလိုက်ရသည်။

*ဗယ်လ်ဒက်စ်ပီနို ကိုယ်တိုင် ထွက်ကြိုနေတာပါလား။*

ဘုရင်မင်းမြတ်၏ တိုးတိုးဖော် မိတ်ဆွေအရင်းအချာ ဖြစ်ရုံမျှမက ကက်သလစ် ရှေးရိုးစွဲ တန်ဖိုးများနှင့် နိုင်ငံရေး အစဉ်အလာ စံနှုန်းတို့ကို ထိန်းသိမ်းရာတွင် ဩဇာအရှိဆုံး၊ အလွှမ်းမိုးနိုင်ဆုံး ဖြစ်သည့် ဘစ်ရှော့ဘုန်းတော်ကြီး အန်တိုနီယို ဗယ်လ်ဒက်စ်ပီနိုသည် စပိန်နိုင်ငံ၏ အထင်ကရ ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်ပေသည်။

"အက်ဒ်မန်ခါးရှိ… ဟုတ်စ"

ရထားထဲမှ ခါးရှိ ထွက်လာချိန်တွင် ဘုန်းတော်ကြီးက တည်တည်ငြိမ်ငြိမ် နှုတ်ဆက် လိုက်၏။

"မှန်ပါတယ် ခင်ဗျာ"

ဘုန်းတော်ကြီး၏ အရိုးဂေါက်ဂက် လက်ကို ဆွဲကိုင်နှုတ်ဆက်ရန် အလို့ငှာ လက်ကမ်း ပေးရင်း ခါးရှိက ခပ်ပြုံးပြုံး ဖြေသည်။

"တွေ့ခွင့်ပေးတဲ့အတွက် ဆရာတော် ဗယ်လ်ဒက်စ်ပီနိုကို အထူး ကျေးဇူးတင်ပါတယ် ခင်ဗျာ"

"မင်း တွေ့ခွင့်တောင်းတာကို တို့များ အသိအမှတ်ပြုပါတယ်"

ဘစ်ရှော့ ဘုန်းတော်ကြီး၏ အသံမှာ မျှော်လင့်ထားသည်ထက် အားပါသည်။ ခေါင်းလောင်းသံကဲ့သို့ ပီသကြည်မြပြီး ထိုးထွင်းနိုင်စွမ်း ရှိ၏။

"ပုံမှန်အားဖြင့်တော့ သိပ္ပံသမားတွေနဲ့ တို့တစ်တွေ နီးနှောလေ့ မရှိဘူးကွဲ့၊ အထူးသဖြင့် မင်းလို လူသိများတဲ့ သူမျိုးနဲ့ပေါ့၊ ဒီဘက်လာ"

စကြံကို ဖြတ်ပြီး ခါးရှိကို လမ်းပြခေါ်ဆောင်သွားသော ဘုန်းတော်ကြီး ဗယ်လ်ဒက်စ် ပီနို၏ ဝတ်ရုံရှည်မှာ အေးစက်သော တောင်ပေါ်လေတို့ကြောင့် တဖျပ်ဖျပ် လွင့်လျက် ရှိ၏။

"မင်းရဲ့ ပုံပန်းသဏ္ဍာန်ကို တို့များ ထင်ထားတာနဲ့ အခု မြင်ရတဲ့ ပုံစံက တော်တော် လေး ကွဲနေတယ် ဆိုတာကိုတော့ ဝန်ခံရမကွဲ့"

ဗယ်လ်ဒက်စ်ပီနိုက ဆိုသည်။

"တို့များက မင်းကို သိပ္ပံပညာရှင် ပုံစံမျိုး တွေးထားတာကွ၊ ဒါပေမဲ့ အခုက နည်းနည်း…"

ဘုန်းတော်ကြီးက ချေ့သည်တော်၏ တောက်ပ ပြောင်လက်နေသော ကီတွန် ကေ-၅၀ အနောက်တိုင်းဝတ်စုံနှင့် ဘာကာတံဆိပ် ငှက်ကုလားအုတ်ရေ ရှူးဖိနပ်တို့ကို အထင်မကြီးဟန်ဖြင့် တစ်ချက်ကြည့်ရင်း ဆက်ပြောသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

"ဟော့ရှော့ ဖြစ်နေတယ်၊ တို့များ ပြောတဲ့ စကားလုံး မှန်မယ် ထင်ပါရဲ့"

ခါးရှိက ယဉ်ယဉ်ကျေးကျေးပင် ပြုံးပြလိုက်သည်။ *'ဟော့ရှော့' ဟူသော စကားလုံး ဒိတ်အောက်သွားသည်မှာ ကြာချေပြီ။*

"မင်းအကြောင်း ဖတ်ကြည့်တော့ မင်း ဘာလုပ်တယ် ဆိုတာကို တို့များ လိပ်ပတ်မလည်ဘူး ဖြစ်နေတယ်"

"ကျွန်တော်က ဂိမ်းသီအိုရီနဲ့ ကွန်ပျူတာမော်ဒဲလင်းကို အဓိက လုပ်ပါတယ်"

"ဆိုတော့ မင်းက ကလေးတွေ ဆော့တဲ့ ကွန်ပျူတာဂိမ်းတွေကို ထွင်တာပေါ့၊ ဟုတ်လား"

ဘစ်ရှော့ဘုန်းတော်ကြီးမှာ ရှေးရိုးဆန်ဟန်ဆောင်နေကြောင်း ခါးရှိတစ်ယောက် ခံစားမိလိုက်၏။ အတိအကျ ပြောရလျှင် ဗယ်လ်ဒက်စ်ပီနို ဆိုသည်မှာ နည်းပညာနယ်ပယ်အကြောင်းကို ကြောက်စရာ ကောင်းလောက်အောင် ထဲထဲဝင်ဝင် သိထားသူတစ်ဦး ဖြစ်ပြီး သိပ္ပံနည်းပညာတို့၏ အန္တရာယ် ကြီးမားပုံကိုလည်း အများပြည်သူသို့ မကြာခဏ ဆိုသလို သတိပေးလေ့ ရှိသူတစ်ဦး ဖြစ်သည်ကို ခါးရှိ ကြိုတင် သိရှိပြီး ဖြစ်သည်။

"မဟုတ်ပါဘူး ဆရာတော်၊ အဖြစ်အပျက်တွေရဲ့ သဘောသဘာဝ ပုံစံတွေကို လေ့လာပြီး အနာဂတ်အကြောင်း ခန့်မှန်း ဟောကိန်းထုတ်တဲ့ သင်္ချာနယ်ပယ်တစ်ခုကို ဂိမ်းသီအိုရီလို့ ခေါ်တာပါ"

"အား… သိပြီ၊ အရင်နှစ်တွေတုန်းက ဥရောပငွေကြေး အကျပ်အတည်းအကြောင်း မင်း ဟောကိန်းထုတ်ခဲ့တာကို တို့များ ဖတ်ဖူးတယ်၊ မင်းပြောစကားကို ဘယ်သူမှ နားမထောင်ကြပေမဲ့ ကွန်ပျူတာ ပရိုဂရမ်တစ်ခု တီထွင်ပြီး အီးယူကို အသက်ပြန်သွင်းပေးခဲ့တာလေ၊ မင်းရဲ့ နာမည်ကြီး စကားလေးတောင် ရှိပါသေးတယ်၊ ဘာတဲ့ 'သခင်ယေရှု ရှင်ပြန်ထမြောက်တဲ့ အချိန်တုန်းကလိုပဲ အခု ငါလည်း အသက်သုံးဆယ့်သုံးနှစ်တဲ့'၊ ဟုတ်ရဲ့လား"

ခါးရှိက ကိုယ်ကို ကျုံ့လိုက်သည်။

"အတော်လေး ဆိုးတဲ့ အသုံးအနှုန်းပါ ဆရာတော်၊ အဲဒီအချိန်တုန်းကလည်း ကျွန်တော် ငယ်သေးတာကိုး"

"ငယ်သေးတယ်… ဟုတ်စ"

ဘုန်းတော်ကြီးက သဘောတကျ ရယ်သည်။

"ကိုင်း… ဒါဖြင့် မင်း အခု အသက် ဘယ်လောက်လဲ၊ လေးဆယ်လောက် ရှိမလား"

"ပြည့်ရုံလေးပါ"

တဟူးဟူး တိုက်ခတ်နေသော လေအေးများကြောင့် ဘုန်းတော်ကြီး၏ ဝတ်ရုံက တဖျပ်ဖျပ် လူးလွန့်နေဆဲ ဖြစ်၏။ ဗယ်လ်ဒက်စ်ပီနိုက ပြုံးရင်း ဆက်ပြောသည်။

"ဆင်ခြင်တုံတရား ရှိပြီး စိတ်ထားနူးညံ့သူတွေရဲ့ လက်ထဲမှာ ကမ္ဘာကြီးကို ရှိနေ


mgyoe.com

mgyoe.com SAMPLE BOOK

စေချင်တာ၊ ဒါပေမဲ့ နည်းပညာကိုပဲ သိပ်အားကိုးတဲ့ လူငယ်တွေဆီ ကမ္ဘာကြီး ရောက်သွားတယ်၊ ကိုယ့်ရဲ့ စိတ်နှလုံး ဝိညာဉ်ထက် တီဗွီဖန်သားပြင်ကိုပဲ အာရုံစိုက်တတ်တဲ့ လူငယ်တွေဆီကိုပေါ့၊ ဒီလို လူငယ်တွေကို ရှေ့တန်းက ဦးဆောင်နေတဲ့ မင်းလိုလူမျိုးနဲ့ ဆုံစရာ အကြောင်းဖန်လာမယ်လို့ တို့များ တစ်ခါမှ မတွေးမိခဲ့ဖူးဘူး၊ သူတို့က မင်းကို ဗျာဒိတ်ပေး တမန်တော်လို့ ခေါ်ကြတာ သိတယ် မဟုတ်လား''

''အတော်လျှော်တဲ့ တမန်တော်ပေါ့ ခင်ဗျာ''

ခါးရှ်က ပြန်ဖြေသည်။

''ဆရာတော်တို့တစ်တွေနဲ့ သီးသန့်တွေ့ပါရစေလို့ ကျွန်တော် ခွင့်တောင်းတုန်းက ဆရာတော် လက်ခံဖို့ နှစ်ဆယ်ရာခိုင်နှုန်းပဲ ရှိတယ်လို့ ကျွန်တော် တွက်ထုတ်ခဲ့တာ''

''အင်း… တို့များရဲ့ ဆရာတော်တွေကို ပြောခဲ့တဲ့အတိုင်း ပြန်ပြောရရင်တော့ တို့လို ဘာသာတရား ကိုင်းရှိုင်းတဲ့ အမာခံတွေအနေနဲ့ အယုံအကြည် မရှိသူတွေရဲ့ စကားသံကို နားထောင်ရင်းလည်း အကျိုးထူးနိုင်တယ် ဆိုတာပဲ၊ နတ်ဆိုးဒိဌ္ဌိရဲ့ စကားတွေထဲမှာ ဘုရားသခင်ရဲ့ အသံကို ပိုကြားနိုင်တယ်လေကွယ်''

အဘိုးအိုက ပြုံးသည်။

''တို့များ မင်းကို နောက်နေတာပါ၊ လူအိုတွေများ ဟာသဉာဏ်လည်း မရှိတော့ပါဘူး၊ ဘယ်စကား ဘယ်မှာ ရပ်သင့်တယ် ဆိုတာ မသိဘူး၊ ခက်တယ်ကွယ်''

တစ်ဆက်တည်းမှာပင် ဘစ်ရှော့ကြီး ဗယ်လ်ဒက်စ်ပီနိုက ရှေ့သို့ လက်ဟန်ပြသည်။

''တခြား ဆရာတော်တွေ စောင့်နေကြတယ်၊ လာကွဲ့''

ခါးရှ်က ဦးတည်ရာ ခရီးဆုံးကို လှမ်းမျှော်ကြည့်လိုက်သည်။ မတ်စောက်လှသော ကျောက်နံရံ၏ အစွန်တွင် ခံ့ထည်စွာ တည်ရှိနေပြီး မီးခိုးရောင် ကျောက်တုံးများဖြင့် တည်ဆောက်ထားသည့် ဇရာမ ရဲတိုက်ကြီး။

ချောက်ကမ်းပါး အောက်ဘက် ပေထောင်ပေါင်းများစွာ အကွာတွင်မူ သစ်ပင်များ ထူထပ်စွာ ပေါက်ရောက်နေသော တောင်ပူစာ အများအပြား ရှိနေ၏။ နက်ရှိုင်းလှသည့် ချောက်ကြီးကြောင့် အလန့်တကြား ဖြစ်သွားသော ခါးရှ်က အကြည့်ကို အမြန် လွှဲလိုက်ပြီး ကျောက်နံရံ ဘေးပတ်လည်ရှိ မညီမညာ လမ်းလေးအတိုင်း ဘုန်းတော်ကြီးနောက်သို့ ထက်ကြပ် လိုက်သည်။ ရှေ့တွင် ကြိုဆိုနေသည့် အစည်းအဝေးဆီသို့ သူ့အာရုံတို့ကို ပို့ထားလိုက်၏။ လတ်တလောလေးကပင် ဤနေရာ၌ ကျင်းပပြုလုပ်ခဲ့သော ကွန်ဖရင့်ညီလာခံသို့ တက်ရောက်ခဲ့ပြီး ဖြစ်သည့် အထင်ကရ ဘာသာရေးခေါင်းဆောင် သုံးဦးနှင့် တွေ့ဆုံခွင့်ရရေးကို ခါးရှ် တောင်းဆိုခဲ့၏။

*ကမ္ဘာ့ဘာသာပေါင်းစုံ ညီလာခံ။*

ကမ္ဘာပေါ်ရှိ ဘာသာပေါင်း သုံးဆယ်နီးနီးမှ ဘာသာရေး ခေါင်းဆောင်တို့သည်


mgyoe.com

mgyoe.com

၁၈၉၃ မှ အစပြုကာ နှစ်အနည်းငယ် ကြာတိုင်း တစ်ကြိမ် ဆိုသလို မတူညီသော နေရာဒေသ အသီးသီး၌ စုဝေးကာ ရက်သတ္တပတ် တစ်ပတ်ခန့် တွေ့ဆုံရင်း ဘာသာတရားများ အချင်းချင်း နှီးနှောကြလေ့ ရှိပေသည်။ တွေ့ဆုံဆွေးနွေးကြသူများတွင် ဩဇာရှိ ခရစ်ယာန်ဘုန်းတော်ကြီး များ၊ ရဟူဒီ ဓမ္မဆရာများ၊ အစ္စလာမ် ဗလီဆရာများ၊ ဟိန္ဒူ ဘာသာရေးခေါင်းဆောင်များ၊ ဗုဒ္ဓဘာသာ သံဃာတော်များ၊ ဂျိန်းစ်၊ ဆစ်ခ် ဘာသာရေးခေါင်းဆောင်များ စသဖြင့် ပုဂ္ဂိုလ် အထွေထွေ ပါဝင်၏။

'ကမ္ဘာပေါ်ရှိ ဘာသာတရား အချင်းချင်း သဟဇာတဖြစ်မှုကို ပျိုးထောင် ဖော်ဆောင် ရေး၊ အဖုံဖုံ ကွဲပြားသော သက်ဝင်ယုံကြည်မှုများကြား ပေါင်းကူးဆက်ဆံနိုင်ရေး၊ ဘာသာ တရား အားလုံး၏ တူညီရာ၊ (ဝါ) ဆုံစည်းရာတို့ကို အသိအမှတ်ပြု လက်ခံရေး' တို့သည် ညီလာခံကြီးမှ ချမှတ်ထားသော ဦးတည်ချက်များ ဖြစ်လေသတတ်။

*မြင့်မြတ်လှတဲ့ လမ်းစဉ်ကြီးပေါ့လေ၊ လုပ်နေတာတော့ အဟုတ်ပဲ။*

ရှေးဟောင်း ယုံတမ်းများ၊ ပုံပြင်များ၊ လုပ်ကြံဖန်တီးထားသော ဇာတ်လမ်းများအကြား ကျပန်းတိုက်ဆိုင်မှုတို့ကို ရှာဖွေရန် ဟူသည်မှာ ခါးရှ်၏ အမြင်၌ မည်သို့မျှ အဓိပ္ပာယ် မရှိ။

ဘစ်ရှော့ဘုန်းတော်ကြီး ဗယ်လ်ဒက်စ်ပီနို ခေါ်ငင်ရာ လမ်းကြောင်းအတိုင်း လိုက်ပါ လာသည့် ခါးရှ်မှာ တောင်အောက်သို့ ငေးမောကြည့်ရင်း ခပ်လှောင်လှောင် အတွေးတစ်ခု ခေါင်းထဲ ဝင်လာ၏။

*ဘုရားသခင်ရဲ့ စကားကို နာခံဖို့ မိုးဇက်က တောင်ပေါ်တက်ခဲ့တယ်၊ ငါကျတော့ သူနဲ့ ပြောင်းပြန်လုပ်ဖို့ တောင်ပေါ်ကို တက်လာခဲ့ရပါလား။*

ကျင့်ဝတ်ပိုင်းအရ လုပ်သင့် လုပ်ထိုက်သော အမှုတစ်ခုကို ပြုရန် ဤတောင်ပေါ်သို့ ရောက်လာခဲ့ရခြင်း ဖြစ်သည်ဟု ခါးရှ်က သူ့ကိုယ်သူ ပြောနေမိသည့်တိုင် အမှန်စင်စစ်တွင် မာန်မာန အစိုင်အခဲများက ဤခရီးစဉ်ကို လောင်စာသွင်း မီးထိုးနေကြကြောင်းကိုလည်း သူ ကောင်းကောင်းသဘောပေါက်၏။ အနီ ဘာသာရေးခေါင်းဆောင်များနှင့် မျက်နှာချင်းဆိုင် စားပွဲဝိုင်းထိုင်ရင်း ၎င်းတို့၏ မျက်နှာကို စေ့စေ့ကြည့်ကာ မနေးနဲ့ အမြန် ကြုံတွေ့လာရ တော့မည့် ဘေးဆိုးကြီးအကြောင်း ကြိုတင် အသိပေးရမည့် အရသာကား ကျေနပ်စရာ၊ ပီတိဖြစ်စရာ ကောင်းလှပါဘိတောင်း။

*ကျုပ်တို့အတွက် အမှန်၊ အမှား ဆိုတာကို ခင်ဗျားတို့ပဲ သတ်မှတ်ပေးထားခဲ့တာ ကြာပြီလေ။*

"မင်းရဲ့ ကိုယ်ရေးအကျဉ်းကို တို့များ ကြည့်ပြီးပြီ"

ဘစ်ရှော့ဘုန်းတော်ကြီးက ခါးရှ်ကို တစ်ချက် လှမ်းကြည့်ရင်း ရုတ်တရက် ထပြော သည်။


mgyoe.com

mgyoe.com SAMPLE BOOK

"ဟားဗတ်ထွက်… ဟုတ်စ"

"ဘွဲ့ကြိုတန်း တက်ခဲ့ပါတယ်"

"အင်း… အင်း ဟုတ်ပြီ၊ ဟားဗတ်မှာ ရှိတဲ့ ဘာသာမဲ့ ကျောင်းသားဦးရေဟာ ကျောင်းသမိုင်းမှာ ပထမဆုံးအကြိမ်အနေနဲ့ ဘာသာရှိ ကျောင်းသားဦးရေထက် များသွားပြီလို့ တို့များ ဖတ်လိုက်ရတယ်"

*'ကျုပ်တို့ ဟားဗတ်မျိုးဆက်တွေက ပိုပိုစမတ်ကျလာပြီလေ'* ဟု ခါးရှ်က ပြန်ပြော လိုက်ချင်သည်။

ကျောက်သားအဆောက်အအုံ မျက်နှာစာရှေ့သို့ သူတို့ ရောက်ရှိလာချိန်ဝယ် လေပိုထန် လာ၏။ မှိန်ပျပျ မီးရောင်ထွန်းထားသည့် အဝင်စင်္ကြံတစ်လျှောက်တွင်လည်း ပူဇော်သက္ကာရ ပြုထားသော အမွေးနံ့သာတို့က လှိုင်လှိုင်ထလျက် ရှိပေသည်။ မည်းမှောင်နေသော စင်္ကြံလမ်း အတိုင်း နှစ်ယောက်သား မြွေလိမ်မြွေကောက် ဆက်လျှောက်လာခဲ့ကြ၏။ ရှေ့မှ ဦးဆောင် သွားသော ဘုန်းတော်ကြီးနောက်သို့ မှန်မှန်ကြီး လိုက်နေသည့် ခါးရှ်မှာ အမှောင်ထဲ၌ မျက်စိ ကျင့်သားရအောင် မနည်း ကြိုးစားနေရသည်။ နောက်ဆုံးတွင်မူ ထူးထူးခြားခြား သေးငယ် လှသော သစ်သားတံခါးလေးတစ်ခုရှေ့သို့ ရောက်လာခဲ့ကြချေပြီ။ ဘစ်ရှော့ဘုန်းတော်ကြီးက တံခါးခေါက်လိုက်ပြီး ခေါင်းငုံ့ကာ အခန်းထဲသို့ ဝင်သွား၏။ ခါးရှ်ကိုလည်း လိုက်ဝင်လာရန် လက်ဟန်ပြသည်။

ခါးရှ်မှာ ဇဝေဇဝါနှင့်ပင် အထဲလိုက်ဝင်သည်။ သူ ရောက်ရှိလာရာ အခန်းမှာ ထောင့်မှန်စတုဂံသဏ္ဌာန် ရှိပြီး ပတ်ပတ်လည်ရှိ နံရံမြင့်မြင့်ကြီးများတွင်မူ ထူထဲလေးလံလှ သော ရှေးဟောင်း သားရေဖုံး စာအုပ်ကြီးများကို တွေ့မြင်နိုင်ပေသည်။ အခြား စာအုပ်စင်တို့ မှာလည်း နံရိုးများပမာ နံရံမှ ထိုးထွက်နေသည့်အပြင် ၎င်းတို့အကြား၌ အသံတကျွီကျွီ တရှူးရှူး မြည်လျက် ရှိသော အနွေးဓာတ်ပေး သံရေဒီယေတာကြီးများလည်း ရှိနေသေးရာ အခန်းမှာ အသက်ရှိနေသယောင် ခံစားနေရ၏။

ခံ့ညားကြီးကျယ်သော လက်ရန်းတို့ဖြင့် ဆင်ယင်ထားသည့် ဒုတိယထပ် လျှောက်လမ်း ကို တစ်ချက် မော့ကြည့်လိုက်ရုံမျှဖြင့် သူ ရောက်နေရာ အရပ်ကို ခါးရှ် အတပ်သိလိုက် ချေပြီ။

*ကျော်ကြားလှသော မွန်ဆာရတ် ပိဋကတ်တိုက်ကြီး။*

ဘုရားသခင်ကို အသက်နှင့် ထပ်တူထပ်မျှ ယုံကြည်မြတ်နိုး ကိုးကွယ်ပြီး ဤတောင် ပေါ်တွင် သီကင်းသုံး နေထိုင်ကြသော ဆရာတော်များသာလျှင် ကိုင်တွယ် ကြည့်ရှုခွင့် ရှိသည့် ရှားပါးအဖိုးတန် စာပေများ၊ ကျမ်းစာများ တည်ရှိရာ ပိဋကတ်တိုက်ကြီး။

"တသီးတသန့် တွေ့ပါရစေလို့ မင်း ခွင့်တောင်းခဲ့တယ်နော်"

ဘစ်ရှော့ဆရာတော်က ဆိုသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

"ဒီနေရာက တို့များရဲ့ တသီးတသန့် အဖြစ်ဆုံး၊ အလျှို့ဝှက်ဆုံး နေရာပဲ၊ ဒီထဲကို ရောက်ဖူးတဲ့ အပြင်လူ မရှိသလောက်ပဲ"

"အခုလို ခွင့်ပြုတဲ့အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျ"

အဘိုးအို နှစ်ဦး ထိုင်စောင့်နေသည့် သစ်သားစားပွဲကြီးဆီသို့ ဘုန်းတော်ကြီးက ခါးရှ်ကို ခေါ်သွားသည်။

ဘယ်ဘက်ခြမ်းတွင် ထိုင်နေသော ပုဂ္ဂိုလ်မှာ အိုလှချေပြီ။ သူ့မျက်ဝန်းများက ငြိမ်းငွေ့နွမ်းနယ်နေသလို ရှုပ်ခဲပွေလီနေသည့် မုတ်ဆိတ်တို့ကလည်း ဖွေးဖွေးလှုပ်နေ၏။

"ဒါက ရဟူဒီဓမ္မဆရာ ရဟူဒါကိုဗ်စ်"

တွန့်ကြေနေသော အနက်ရောင် အပေါ်ဝတ်စုံ၊ ရှပ်အင်္ကျီအဖြူနှင့် ထိပ်ချွန် ဦးထုပ်ဝိုင်းတို့ကို ဆင်မြန်းထားသော အနီ ပုဂ္ဂိုလ်ကို ဘစ်ရှော့ဘုန်းတော်ကြီးက ညွှန်ပြရင်း မိတ်ဆက်ပေးသည်။

"ကဘာလာစကြဝဠာဗေဒအကြောင်း တစိုက်မတ်မတ် ရေးနေတဲ့ ရဟူဒီ တွေးခေါ်ပညာရှင် တစ်ယောက်ပေါ့"

ခါးရှ်က ရဟူဒီဓမ္မဆရာ ကိုဗ်စ်ကို ယဉ်ကျေးစွာ လက်ကမ်းပေးရင်း လက်ဆွဲနှုတ်ဆက်သည်။

"တွေ့ရတာ ဝမ်းသာပါတယ် ဆရာ၊ ကဘာလာအကြောင်း ဆရာ ရေးတဲ့ စာတွေကို ကျွန်တော် ဖတ်ရပါတယ်၊ နားလည်တယ်ရယ်လို့တော့ မပြောနိုင်ပေမဲ့ ဖတ်ဖူးတယ် ဆိုပါစို့"

ကိုဗ်စ်က မျက်ရည်ပူများ ထွက်နေသော မျက်လုံးကို လက်ကိုင်ပဝါဖြင့် တို့ရင်း ခါးရှ်ကို အသာအယာ ခေါင်းညိတ်ပြသည်။

"ဒါကတော့ အများ လေးစားရတဲ့ အလ္လမာ ဆိဒ်အယ်လ်ဖာဒီ"

ဘစ်ရှော့ဘုန်းတော်ကြီးက နောက်ထပ် ပုဂ္ဂိုလ်တစ်ဦးကို ညွှန်ပြရင်း မိတ်ဆက်ပေးပြန်သည်။

ဝတ်ရုံရှည် ဆင်မြန်းထားသော အစ္စလာမ်ဆရာကြီးက မတ်တတ်ထရပ်လိုက်ပြီး နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးပြ၏။ ၄င်းမှာ ပုပျပ်ပျပ် တုတ်တုတ်ခိုင်ခိုင် ဖြစ်ကာ ဉပမိမှာလည်း ခင်ဖို့ ကောင်းလှသဖြင့် နက်မှောင် အေးစက်ပြီး စူးရှလှသော မျက်ဝန်းအစုံနှင့် ပနံမစားလှချေ။

"လူတွေရဲ့ အနာဂတ်အကြောင်း မစ္စတာခါးရှ်ရဲ့ ခန့်မှန်းချက်တွေကို ကျွန်တော် ဖတ်ရပါတယ်၊ အဲဒါတွေကို သဘောတူတယ်ရယ်လို့တော့ မပြောနိုင်ပေမဲ့ ဖတ်ဖူးတယ် ဆိုပါစို့"

ခါးရှ်က ရည်မွန်စွာ ပြုံးပြရင်း လက်ဆွဲ နှုတ်ဆက်လိုက်သည်။

"ကိုင်း... ဒါကတော့ တို့များရဲ့ ဧည့်သည်တော် မစ္စတာ အက်ဒ်မန်ခါးရှ်"

ဘစ်ရှော့ဘုန်းတော်ကြီးက အဆုံးသတ် မိတ်ဆက်ပေးသည်။


mgyoe.com

 mgyoe.com SAMPLE BOOK 

“အားလုံး သိကြတဲ့အတိုင်း မစ္စတာခါးရှ်က ထိပ်တန်း ကွန်ပျူတာသိပ္ပံပညာရှင်၊ ဂိမ်းသီအိုရီပညာရှင်၊ တီထွင်သူ၊ အဲ… ပြီးတော့ နည်းပညာကမ္ဘာကြီးရဲ့ တမန်တော် ပရောဖက်တစ်မျိုး ဆိုပါတော့လေ၊ ဒီပုဂ္ဂိုလ်လေးရဲ့ နောက်ခံသမိုင်းကြောင်းနဲ့ ချိန်ထိုးကြည့်မယ် ဆိုရင်တို့များ သုံးဦးသားနဲ့ တွေ့ပါရစေလို့ ခွင့်တောင်းလာတာ အတော်လေးတော့ ထူးဆန်းသကွဲ့၊ ဒီတော့ မစ္စတာခါးရှ်ပဲ အကြောင်းစုံကို ရှင်းပြပါဦး”

ထိုသို့ ပြောပြီးသည်နှင့် ဘစ်ရှော့ဘုန်းတော်ကြီး ဗယ်လ်ဒက်စ်ပီနိုက သူ့အပေါင်းအပါနှစ်ဦးကြား ဝင်ထိုင်လိုက်ကာ လက်များကို ယှက်ထားရင်း ခါးရှ် ပြောလာမည့် စကားတို့ကို ငံ့လင့်နေ၏။ ပုဂ္ဂိုလ်သုံးဦးစလုံးမှာ ခုံသမာဓိအဖွဲ့ဝင်များသဖွယ် ခါးရှ်ကို မျက်နှာချင်းဆိုင်ပြီး ထိုင်နေကြရာ ပညာရှင်အချင်းချင်း ရင်းနှီးစွာ တွေ့ဆုံနှီးနှောသည့် သဘောမျိုးထက် တရားရုံး၌ စစ်မေးဟန် ပိုပေါက်နေပေသည်။

သူ့အတွက် ထိုင်စရာ ခုံပင် စီစဉ်မပေးထားကြောင်း ခါးရှ် ရုတ်ခြည်း သတိထားမိလိုက်၏။

သူ့ရှေ့တွင် ထိုင်နေကြသော အဘိုးအို သုံးဦးကို စိုက်ကြည့်ရင်း ခါးရှ်မှာ ခြိမ်းခြောက်ခံရသည့် သဘောထက် စိတ်ထဲ ဇဝေဇဝါ ဖြစ်လာသည်။

*အင်း… ဒါ ငါ တောင်းဆိုထားတဲ့ သုံးပါးတြိရတနပေါ့၊ ပညာရှိကြီး သုံးယောက်ဆိုပါတော့လေ။*

အားအင်တို့ကို စုစည်းနေသော ခါးရှ်သည် ပြတင်းဆီသို့ လျှောက်သွားပြီး အောက်ဘက်တွင် လှမ်းမြင်ရသည့် ရင်သပ်ရှုမောဖွယ်ရာ မြင်ကွင်းကျယ်ကို ငေးနေမိ၏။ နက်ရှိုင်းသော တောင်ကြားတစ်လျှောက် ဖြန့်ကြက်သွားသည့် ရှေးဟောင်း စားကျက်မြေတို့ပေါ် နေခြည် ဖြန့်ကြက်နေပုံမှာ ကတ္တီပါရောင်စုံ ချခင်းထားသည့်အလား ကိုဆယ်ရိုလာ တောင်တန်း၏ ထိုးထိုးထောင်ထောင် အထွတ်တို့ကို လမ်းပြ ပုံဖော်ပေးနေလေသည်။ ၎င်း၏ ဟိုမှာဘက် မိုင်ပေါင်းများစွာ ကွာဝေးသော နေရာရှိ ဘယ်လားရစ်ပင်လယ် အထက်တစ်နေရာတွင်မူ ငြိုးဟန်ဖွဲ့ မုန်တိုင်းဆင်ရန် ဟန်ပြင်နေသည့် တိမ်စိုင်တိမ်ခဲတို့မှာ မိုးကုပ်စက်ဝိုင်း၌ စုဝေးနေကြချေပြီ။

*အံကိုက်ပဲ…။*

*ဤအခန်းထဲတွင်သာမက ကမ္ဘာကြီးတစ်ခုလုံးကိုပါ အရှိန်အဟုန်ဖြင့် တိုက်ခတ်ပစ်တော့မည့် လေပြင်းမုန်တိုင်း ခပ်ကြမ်းကြမ်းကို မကြာမီ သူ ဖန်တီးတော့မည် မဟုတ်ပါလား။*

“လူကြီးမင်းများ ခင်ဗျား”

ခါးရှ်က အဘိုးအိုတို့ဘက် ရုတ်တရက် ပြန်လှည့်လိုက်သည်။

“အတတ်နိုင်ဆုံး သိုသိုသိပ်သိပ် ရှိဖို့ ကျွန်တော် တောင်းဆိုခဲ့တဲ့အကြောင်း ဘစ်ရှော့ဗယ်လ်ဒက်စ်ပီနိုက ဆရာတို့ကို ပြောပြထားပြီးသား ဖြစ်မှာပါ၊ အခု ဆရာတော်တို့ကို

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် ပြောပြမယ့် ကိစ္စဟာ လုံးဝ ထိပ်တန်းလျှို့ဝှက်ထားရမယ့် ကိစ္စပါ၊ ဒါလေးကို ရှင်းအောင် အရင် ပြောပါရစေ၊ တည့်တည့်ပြောရရင်တော့ ကျွန်တော် ပြောသမျှ အကြောင်းအရာ အားလုံးကို လျှို့ဝှက်ထားပါမယ် ဆိုတဲ့ ကတိတစ်ခု ဆရာတော်တို့ သုံးယောက်လုံးဆီက လိုချင်ပါတယ်၊ ဘယ့်နှယ်လဲ''

အဘိုးအို သုံးဦးလုံးက နားလည်ကြောင်း ပြသည့် အနေဖြင့် ခေါင်းညိတ်ပြသည်။ အမှန်အတိုင်း ပြောရလျှင် ဤသို့ ကတိတောင်းရန်ပင် မလိုကြောင်း ခါးရှ် ကောင်းကောင်းကြီး သိ၏။

*ငါ ပြောမယ့်ဟာတွေကို လူသိရှင်ကြား ဖြစ်အောင် လုပ်ဖို့ဝေးစွ၊ မြေပါ မြှုပ်ပစ်ချင်ကြမှာ။*

''ဆရာတော်တို့အားလုံး အလန့်တကြား ဖြစ်သွားလောက်တဲ့ သိပ္ပံတွေ့ရှိချက် တစ်ခုကြောင့် ဒီကနေ့ ဒီနေရာကို ကျွန်တော် ရောက်လာခဲ့ရတာပါ''

ခါးရှ်က စပြောသည်။

''လူသားတွေအတွက် အခြေခံအကျဆုံး မေးခွန်းတွေထဲက နှစ်ခုရဲ့ အဖြေကို ထုတ်ပေးနိုင်မလား ဆိုပြီး ကျွန်တော် နှစ်ပေါင်းများစွာ ရှာဖွေခဲ့ရတဲ့ အရာတစ်ခုပေါ့၊ အခုတော့ ကျွန်တော် အောင်မြင်ခဲ့ပြီ၊ ကျွန်တော် တွေ့ရှိခဲ့တဲ့ အချက်အလက်တွေက ကမ္ဘာကြီးရဲ့ ဘာသာရေး ယုံကြည်ကိုးကွယ်မှုတွေအပေါ် အများကြီး သက်ရောက်မှု ရှိလိမ့်မယ်၊ ပြောရရင် အင်း… 'ပွဲဖျက်တယ်' ဆိုတဲ့ စာလုံး သုံးရမလား၊ ဒါမျိုးပဲ ဖြစ်လာစရာ ရှိတယ်၊ ဒါကြောင့် ဆရာတော်တို့ဆီ ကျွန်တော် ဆိုက်ဆိုက်မြိုက်မြိုက်ကြီး လာခဲ့တာပဲ၊ အခုလက်ရှိအချိန်ထိတော့ ဒီအချက်အလက်တွေကို သိထားတဲ့သူ ဆိုလို့ ကမ္ဘာပေါ်မှာ ကျွန်တော် တစ်ယောက်တည်း ရှိတယ်''

ခါးရှ်က အပေါ်အင်္ကျီအိတ်ထဲ လက်နှိုက်ပြီး ပုံမှန် အရွယ်အစားထက် ပိုကြီးသည့် စမတ်ဖုန်းတစ်လုံးကို ဆွဲထုတ်လိုက်၏။ စင်စစ် ဤဖုန်းသည် တစ်ကိုယ်ရေ လိုအပ်ချက်အားလုံးကို ဆောင်ရွက်ပေးနိုင်ရန် ခါးရှ်ကိုယ်တိုင် ဒီဇိုင်းဆွဲ ဖန်တီးထားသော စမတ်ဖုန်းပင်။ ဖုန်းအပြင်ခွံမှာ အရောင်စုံလင် လှပ၏။ ခါးရှ်က သူ့စမတ်ဖုန်းကို အဘိုးအိုတို့ ရှေ့ဝယ် တီဗွီတစ်လုံးပမာ ထောင်လိုက်သည်။ စက္ကန့်ပိုင်းအတွင်းမှာပင် ခါးရှ်သည် ဤစမတ်ဖုန်းကို အသုံးပြုပြီး အလွန်တရာမှ လုံခြုံရေး တင်းကျပ်ခိုင်မာလှသော ကွန်ပျူတာဆာဗာတစ်ခုဆီသို့ ချိတ်ဆက်တော့မည် ဖြစ်၏။ ထို့နောက် လေးဆယ့်ခုနစ်လုံးတိတိ ရှည်လျားသော ကိုယ်ပိုင် စကားဝှက်ကို ရိုက်ထည့်ကာ ဗွီဒီယိုဖိုင်တစ်ခုကို ဖွင့်ပြပေလိမ့်မည်။

''နောက် တစ်လလောက်နေရင် ကမ္ဘာကြီးတစ်ခုလုံးကို အသိပေးမယ့် ကြေညာချက် အကြမ်းဖျင်းကို ကျွန်တော် ဖွင့်ပြတော့မယ်၊ ဒါပေမဲ့ ဒီလို မကြေညာခင်မှာ ဩဇာအရှိဆုံး ဆိုတဲ့ ဘာသာရေးခေါင်းဆောင်တွေနဲ့ ဆုံပြီး စကားနည်းနည်းပြောကြည့်ချင်သေးတာ၊ ဘာလို့လဲ


mgyoe.com

mgyoe.com SAMPLE BOOK

ဆိုတော့ ဒီကြေညာချက်ရဲ့ သက်ရောက်မှုက ဆရာတော်တို့အပေါ်ကို အများဆုံး ထိမှာကိုး''

ဘစ်ရှော့ဘုန်းတော်ကြီးက ခပ်ကျယ်ကျယ် သက်ပြင်းချသည်။ စိုးရိမ်စိတ်ထက် ပျင်းရိရိဟန် ပိုပေါက်နေ၏။

''စကားချီးကတော့ စိတ်ဝင်စားစရာ ကောင်းပါရဲ့ မစ္စတာခါးရှ်၊ မင်း အခု ပြမယ့် ဟာက ကမ္ဘာ့ဘာသာကြီးတွေရဲ့ အခြေခံ အုတ်မြစ်တွေကို ဆွဲလှုပ်ပစ်မယ့် သဘောမျိုး ပြောနေပါ့လား''

ဘေးပတ်ပတ်လည်ရှိ ရှေးဟောင်း ဘာသာရေးကျမ်းစာတို့ကို ခါးရှ်က တစ်ချက် ဆတ်ခနဲ ကြည့်လိုက်သည်။

*ကျွန်တော် အခု ပြမယ့်ဟာက ခင်ဗျားတို့ရဲ့ အခြေခံ အုတ်မြစ်တွေကို ဆွဲလှုပ်မှာ မဟုတ်ဘူး၊ အစိတ်စိတ် အမွှာမွှာ ကွဲသွားအောင် လုပ်မှာ။*

ခါးရှ်က သူ့ရှေ့ရှိ အဘိုးအိုတို့ကို ချင့်ချိန်သည့် အကြည့်ဖြင့် ကြည့်သည်။

စင်စစ် ခါးရှ်သည် နောက်ထပ် သုံးရက်တိတိအကြာတွင် ဤကြေညာချက်ကို ကမ္ဘာကြီးတစ်ခုလုံး သိရှိသွားအောင် ခမ်းနားကြီးကျယ်စွာ လှစ်ဟဖော်ပြတော့မည် ဖြစ်ကြောင်း အနီး အဘိုးအိုတို့ မသိတတ်နိုင်ခဲ့။ တွေးပင် မကြည့်နိုင်အောင် အံ့ဘနန်းဖြစ်ရမည့် လှုပ်ရှားမှု အဖုံဖုံတို့ဖြင့် အခမ်းအနားကြီး ဝှဲချီးဆင်ယင်ကာ ကြေညာဖော်ထုတ်မည့် အစီအစဉ်ပင်။

ထိုသို့ ဖော်ထုတ်ကြေညာပြီးချိန်တွင်မူ ကမ္ဘာပေါ်ရှိ ဘာသာတရား အားလုံး၌ ဘုံတူညီချက်တစ်ခု အကယ်ပင် ရှိနေကြောင်းကို အလုံးစုံသော လူသားတို့ အသေအချာ သဘောပေါက်သွားကြလိမ့်မည်။

အဆိုပါ ဘုံတူညီချက်မှာ အခြား မဟုတ်။

ကိုးကွယ် ယုံကြည်ရာ ဘာသာတရား အားလုံး မှားယွင်းနေကြသည် ဟူသော အချက်ပင်။


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၁ )

မြေကွက်လပ်တွင် အခံ့သား နေရာယူထားသော ပေလေးဆယ်အမြင့်ရှိ ခွေးကြီးကို ပါမောက္ခ ရောဘတ်လန်ဒင် တစ်ယောက် မော့ကြည့်နေသည်။ ရနံ့ထုံသင်းနေသော ပန်းများနှင့် မြက်ကော်ဇောတို့က ခွေးမွေးများအဖြစ် နေရာယူထားကြ၏။


*'ကျူပ် မင်းကို ချစ်မိချင်သားကွယ်'* လန်ဒင်က တွေး၏။ *တကယ်ပြောတာပါ။*

လန်ဒင်သည် ခွေးကြီးကို အတန်ကြာ စိုက်ကြည့်ပြီးနောက် လျှောက်လမ်းအတိုင်း ဆင်းလာခဲ့သည်။ အပြောကျယ်လှသော အဆိုပါ လျှောက်လမ်း၏ လှေကားထစ်များမှာ မညီမညာ ရှိလှသဖြင့် ရောက်ရှိလာသူအပေါင်း ဒယိမ်းဒယိုင် ဖြစ်ပြီး ဟန်ချက်ပျက်စေရန် တမင် ရည်ရွယ်သလားဟုပင် မှတ်ထင်ရ၏။

*ရည်ရွယ်ချက် အထမြောက်ပါပေတယ်။*

မူမမှန်သော လှေကားထစ်များကြောင့် နှစ်ကြိမ်တိတိ ခြေချော်ကျလု ဖြစ်ခဲ့ရသည့် လန်ဒင်က စိတ်ပေါက်ပေါက်နှင့် တွေးသည်။

လှေကားရင်းအရောက်တွင် လန်ဒင်က တိခနဲ ရပ်လိုက်ပြီး သူ့အရှေ့၌ မိုးနေသော ရောမ အရာကြီးကို တွေတွေကြီး ကြည့်နေ၏။





mgyoe.com

mgyoe.com


*ကိုင်း… အကုန် မြင်ရပြီ။*

မိုးထိုးနေသော အနက်ရောင် ပင့်ကူကြီးကို မြင်လိုက်ရခြင်းပင်။ မြေပြင်မှ အနည်းဆုံး ပေသုံးဆယ်အမြင့်၌ ရှိမည့် ပင့်ကူခန္ဓာကိုယ်ကြီးကို ရှည်သွယ်သွယ် သံခြေထောက်တို့ဖြင့် ထောက်မထား၏။ ပင့်ကူကြီး၏ ဝမ်းဗိုက်တွင်မူ ဆန်ခါပေါက်များဖြင့် ယှက်သန်းနေသည့် ဥအိမ် ရှိနေပြီး အထဲ၌ ဖန်လုံးများကို မြင်နေရသည်။

"သူ့နာမည်က မာမန်း တဲ့ဗျ"

အသံတစ်သံ ထွက်လာသည်။

လန်ဒင်က အကြည့်တို့ကို ပင့်ကူရပ်တ ခြေရင်းသို့ ရွှေ့လိုက်ရာ ပိန်ရှည်ရှည် လူတစ်ယောက် ရပ်နေသည်ကို တွေ့ရ၏။ အနီ ပုဂ္ဂိုလ်မှာ အနက်ရောင် ဘရိုကိတ်သား ရှဝါနီကို ဝတ်ဆင်ထားပြီး ဆာဗေဒိုးဒါလီနီးနီး ပြောင်စပ်စပ် ကော့နေသော နှုတ်ခမ်းမွေး ကိုလည်း ပိုင်ဆိုင်ထားသေးသည်။



"ကျွန်တော့်နာမည် ဖာနန်ဒိုပါ ခင်ဗျ"

ထိုသူက ဆက်ပြောသည်။

"ပြတိုက်လာတဲ့ သူတွေကို ကြိုဆိုဖို့ တာဝန်ယူထားပါတယ်"

ထို့နောက် ဖာနန်ဒိုက သူ့ရှေ့ စားပွဲပေါ်ရှိ အမည်စာရင်းစာရွက်ကို အသာယူလိုက်၏။

"ဆရာ့အမည်လေး သိပါရစေ ခင်ဗျ"

"ရောဘတ်လန်ဒင်ပါ"

ဖာနန်ဒိုက မျက်လုံးပြူးသွားသည်။

"အမယ်လေး… ဆရာရယ်၊ ရုတ်တရက် ဆိုတော့ ဆရာ့ကို ကျွန်တော် မမှတ်မိ လိုက်ဘူး၊ စိတ်မရှိပါနဲ့ဗျာ"

mgyoe.com

mgyoe.com
SAMPLE BOOK

*ကျုပ်တောင် ကိုယ့်ကိုယ်ကိုယ် သိပ်မမှတ်မိပါဘူး ဆရာသမားရယ်။*

အဖြူရောင် ဘိုးတိုင်လည်စည်း၊ အနက်ရောင် နောက်ကွဲကုတ်အင်္ကျီရှည်နှင့် အဖြူရောင် ခါးတိုအင်္ကျီတို့ကို တွဲဖက်ဝတ်ဆင်ထားသော လန်ဒင်က ဤနှယ် တွေးရင်း ရှေ့သို့ ခပ်တောင့်တောင့် လှမ်းသည်။

*ငါ့နှယ်… ဝှစ်ဖန်ပုဖ်အဖွဲ့ဝင်နဲ့တောင် တူနေသေးရဲ့။*

စင်စစ် သူ ဝတ်ဆင်ထားသော နောက်ကွဲကုတ်အင်္ကျီရှည်မှာ အနှစ်သုံးဆယ်မျှ သက်တမ်း ရှိပြီ ဖြစ်၏။ ပရင်စီတန်တက္ကသိုလ် အိုင်ဗီကလပ်အသင်းသား ဘဝကတည်းက ဆင်မြန်းခဲ့သော ကုတ်အင်္ကျီ ဖြစ်သည့်တိုင် နေ့စဉ် ဝတ္တရားမပျက် ခေါက်ပြန် ရေကူးလေ့ရှိသော လန်ဒင်၏ ခန္ဓာကိုယ်မှာ အင်္ကျီနှင့် နေသားတကျ ဖြစ်နေဆဲပင်။ ခရီးထွက်ရန် အထုပ်အပိုး ပြင်စဉ်က အလျင်လိုနေသော လန်ဒင်မှာ အိတ်မှားဆွဲလာသဖြင့် ဝတ်နေကျ တိုက်ဆီဒိုး ကုတ်အင်္ကျီမှာ အိမ်၌ ကျန်ရစ်ခဲ့လေသည်။

"အဖြူနဲ့ အနက် ဝတ်ရမယ်လို့တော့ ဖိတ်စာမှာ ရေးထားတယ်"

လန်ဒင်က ပြောသည်။

"ဒီနောက်ကွဲကုတ်အင်္ကျီဆို အဆင်ပြေတယ် မဟုတ်လား"

"သိပ်ပြေတာပေါ့ ဆရာရယ်၊ ရှေးမူမပျက်ပေါ့၊ ဆရာ့ကြည့်ရတာ ကြွရွနေတာပဲ"

ဖာနန်ဒိုက ပြောပြောဆိုဆိုဖြင့် အမည်တံဆိပ်ပြားလေးကို လန်ဒင့်ကုတ်အင်္ကျီ၏ လည်ခွံကွေး၌ ဂရုတစိုက်ဖြင့် ဖိကပ်ပေးလိုက်၏။

"ဆုံခွင့်ရတာ ဂုဏ်ယူပါတယ် ဆရာ"

နှုတ်ခမ်းမွေး ဖာနန်ဒိုက ဆက်ပြောသည်။

"ဆရာ ဒီကို ရောက်ဖူးတယ် မဟုတ်လား"

လန်ဒင်က ရှေ့သို့ လှမ်းမျှော်ကြည့်သည်။ တလက်လက် တောက်ပနေသော အဆောက်အအုံကြီးကို ပင့်ကူခြေထောက်များ အကြားမှ မြင်နေရသည်။

"ပြောရမှာတော့ ရှက်ပါရဲ့ဗျာ၊ ကျွန်တော် ဒီကို တစ်ခါမှ မရောက်ဖူးဘူး"

"အမယ်လေးလေး"

ဖာနန်ဒိုက ဟန်နှင့်ပန်နှင့် ပြန်ပြောသည်။

"မော်ဒန်အနုပညာကို ကိုယ့်ဆရာ သဘောမကျဘူး ထင်ရဲ့"

မော်ဒန်အနုပညာ၏ စိန်ခေါ်မှုများကို လန်ဒင်က အမြဲတစေ နှစ်ခြိုက်ခဲ့သည်သာ။ အထူးသဖြင့် ဂျက်ဆင်ပေါလစ်ခ်၏ ဆေးစက်ချ ပန်းချီလက်ရာများ၊ အန်ဒီဝါဟောင်၏ ကင်းဘဲလ်စွပ်ပြုတ်ဘူးများ၊ မာ့ခ်ရော့သကို၏ ရိုးရိုးရှင်းရှင်း ရောင်စုံ ထောင့်မှန်စတုဂံတုံးများ အစရှိသော လက်ရာတို့မှာ အပြောင်မြောက်ဆုံး လက်ရာများအဖြစ် အဘယ်ကြောင့် သတ်မှတ်ခံရသနည်းဟု စူးစမ်းလေ့လာခြင်းမှာ ပျော်စရာကောင်းသည့်တိုင် ဟီရိုနူးမက်ဘက်ရှ်၏


mgyoe.com

mgyoe.com SAMPLE BOOK

ဘာသာရေးသင်္ကေတလက္ခဏာများ၊ သို့မဟုတ် ဖရန့်စစ်စကိုဒီဂေါယား၏ စုတ်ချက်များ အကြောင်း ဆွေးနွေးရသည်ကို လန်ဒင် ပိုသဘောကျ၏။

"ရှေးဟောင်းဂန္ထဝင်အပိုင်းကို ကျွန်တော် ပိုကြိုက်တယ်ဗျ"

လန်ဒင်က အလိုက်သင့် ပြန်ဖြေသည်။

"ဒီကွန်းနင်းထက်စာရင် ဒါဗင်ချီနဲ့ ပိုပျော်တယ် ဆိုပါစို့ဗျာ"

"ဒါပေမဲ့ ဒါဗင်ချီနဲ့ ဒီကွန်းနင်းက အတော်လေး ဆင်ဆင်တူတာကလား ဆရာရဲ့"

လန်ဒင်က ယဉ်ကျေးစွာ ပြုံးသည်။

"ဒါဖြင့်ရင် ဒီကွန်းနင်းအကြောင်းကို ကျွန်တော် ထပ်လေ့လာရဦးမယ်နဲ့ တူပါရဲ့ဗျာ"

"ဆရာ ရောက်လာတာ နေရာမှန်ပဲဗျို့"

ဖာနန်ဒိုက ဧရာမ အဆောက်အအုံကြီးဆီသို့ လက်ဟန်ပြသည်။

"ကမ္ဘာ့အကောင်းဆုံး မော်ဒန်အနုပညာတွေကို ဒီပြတိုက်ကြီးထဲမှာ တစုတစည်းတည်း တွေ့ရပါလိမ့်မယ်ဗျား၊ ဆရာ သဘောကျပါစေ"

"အေးဗျာ… ဒီကို ဘာကြောင့် ရောက်လာရသလဲ ဆိုတာကိုတော့ သိချင်တာ အမှန်ပဲ"

"ဟား… ဟား ဆရာတင်မကဘူး၊ လူတိုင်း သိချင်နေကြတာပဲ"

ကိုနှုတ်ခမ်းမွေးက ခေါင်းခါခါ လည်ခါခါဖြင့် အားပါးတရ ရယ်သည်။

"ဒီညအခမ်းအနားရဲ့ အဓိက ရည်ရွယ်ချက်ကို လုံးဝ လျှို့ဝှက်ထားတယ် မဟုတ်လား ဆရာ၊ ပြတိုက်ဝန်ထမ်းတွေတောင် ဘာမှ မသိကြရဘူး၊ ဒီလို အသည်းတယားယား ဖြစ်နေရတာကိုက အရသာတစ်မျိုးပဲလေ ဆရာ၊ ကောလာဟလတွေကလည်း အမျိုးစုံ ပြန့်လို့၊ အထဲမှာ ဧည့်သည်တွေ ရာနဲ့ချီပြီး ရှိတယ် ဆရာ၊ နာမည်ကြီးတွေလည်း တစ်ပုံတစ်ပင်ပဲ၊ အဲ… ဒီည အခမ်းအနား အစီအစဉ်တွေကိုတော့ တစ်ယောက်မှ မသိကြဘူး၊ ကောင်းရော"

ဤတစ်ကြိမ်တွင်မူ လန်ဒင်ပါ ကျေကျေနပ်နပ်ကြီး လိုက်ရယ်မိ၏။

'စနေည ဒီကို အရောက်လာပါ၊ ကျွန်တော့်ကို ယုံ' ဟူသော ရေးကြီးသုတ်ပျာ စာတိုလေးကို အချိန်ကပ်ခါမှ ချေချေမိုးမိုးဖြင့် ပို့နိုင်စွမ်းရှိသူတို့မှာ ဤကမ္ဘာပေါ်၌ မဆို စလောက် အရေအတွက်သာ ရှိမည် ဆိုလျှင် ရာပေါင်းများစွာသော အရေးကြီး ပုဂ္ဂိုလ်တို့ကို လုပ်လက်စ အရာအားလုံး လွှင့်ပစ်ထားခဲ့ပြီး ဤအခမ်းအနားသို့ တက်ရောက်ရန် အလို့ငှာ စပိန်မြောက်ပိုင်းသို့ လေယာဉ်စီး အသော့နှင်လာအောင် သွေးဆောင်နိုင်သူတို့မှာမူ ပို၍ပင် နည်းပါးပေလိမ့်မည်။

လန်ဒင်သည် ပင့်ကူကြီး၏ အောက်မှ ဖြတ်ရင်း လျှောက်လမ်းအတိုင်း ဆက်လျှောက် သည်။ သူ့ခေါင်းပေါ်ရှိ အနီရောင် ဧရာမ ခေါင်းစီးကြီးကိုလည်း တစ်ချက် မော့ကြည့်လိုက် သေး၏။


mgyoe.com

mgyoe.com SAMPLE BOOK

## အက်ဒ်မန်ခါးရှ်နှင့် တစ်ညနေ

*'အက်ဒ်မန် တစ်ယောက်ကတော့ အမြဲ ဒီအတိုင်းပဲ'* လန်ဒင်က ခပ်မြုံးမြုံး တွေးသည်။

လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ခန့် ဟားဗတ်ဆရာပေါက်စဘဝက လန်ဒင် အဦးဆုံး ကြုံတွေ့ခဲ့ရသည့် တပည့်များအနက် အက်ဒ်မန်ခါးရှ်သည်လည်း တစ်ဦးအပါအဝင် ဖြစ်၏။ ဖရိုဖရဲ ပွရောင်းရောင်း ကေသာပိုင်ရှင် ကွန်ပျူတာ ကြမ်းပိုးလေးမှာ ကုဒ်သင်္ကေတများကို အထူးတလည် စိတ်ဝင်စားသည်နှင့်အညီ လန်ဒင်၏ 'ကုဒ်သင်္ကေတများ၊ ဆိုင်ဖာဝှက်စာများနှင့် သင်္ကေတတို့၏ ဘာသာဗေဒ' အမည်ရ ပထမနှစ် နှီးနှောပွဲသို့ ရောက်ရှိလာခဲ့လေသည်။ ခါးရှ်၏ ဉာဏ်ရည်ထက်မြက် ကွန့်မြူးနိုင်မှုကို လန်ဒင်က အတော်လေး အထင်ကြီး၏။ ဖုန်အထပ်ထပ်နှင့် အိုမင်းဟောင်းနွမ်းသည့် သင်္ကေတဗေဒ အသိုက်အဝန်းကို ခါးရှ် စွန့်ပစ်ခဲ့ပြီး သစ်လွင်တောက်ပသော ကွန်ပျူတာများနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားခဲ့သည့်တိုင် လန်ဒင်နှင့် အက်ဒ်မန်ခါးရှ် အကြားရှိ ဆရာ၊ တပည့် ရင်းနှီးချစ်ခင်မှုမှာ အတန်ပင် ခိုင်မြဲသည်ဟု ဆိုရမည်။ ခါးရှ် ဘွဲ့ရသွားချိန်မှစ၍ လွန်ခဲ့သော ဆယ်စုနှစ် နှစ်စုအတွင်း သူတို့နှစ်ဦး အဆက်အသွယ် မပြတ် ရှိနေခဲ့ကြသည်။

*'အခုတော့ ဆရာထက် တပည့် လက်စောင်းထက်သွားပြီပေါ့လေ'* လန်ဒင်က တွေး၏။ *ထက်တာမှ လိုက်မမီနိုင်လောက်အောင် ထက်သွားတာ။*

ယနေ့ အချိန်တွင် အက်ဒ်မန်ခါးရှ်သည် ကမ္ဘာတစ်လွှား ကျော်ကြားလှသော ဘီလျံနာ၊ ကွန်ပျူတာ သိပ္ပံပညာရှင်၊ အနာဂတ်ရေးရာ ကျွမ်းကျင်သူ၊ တီထွင်သူ၊ စွန့်ဦးကြံဆသူ ဖြစ်နေချေပြီ။

အသက်လေးဆယ်အရွယ် ခါးရှ်သည် စက်ရုပ်နည်းပညာ၊ ဦးနှောက်နှင့် အာရုံကြော ဆိုင်ရာ သိပ္ပံပညာ၊ AI ခေါ် အဇီဝဉာဏ် သိပ္ပံနယ်ပယ်နှင့် နာနိုနည်းပညာ အစရှိသော အပြောကျယ်လှ၊ ရှေ့တန်းရောက်လှသည့် နယ်ပယ်အဖုံဖုံတွင် ခုန်ပျံကျော်လွှားရင်း အဆင့်မြင့် နည်းပညာတို့ကို မွေးထုတ်ပေးခဲ့ပြီး ဖြစ်၏။

အနာဂတ်သိပ္ပံ ဖြစ်ပေါ်တိုးတက်မှုတို့နှင့် ပတ်သက်ပြီး မှန်ကန်တိကျလှသော ဟောကိန်းများကြောင့် ခါးရှ်မှာ လျှို့ဝှက်ဆန်းကြယ် လူသားတစ်ဦး ဖြစ်လာခဲ့ရသည်။ ပတ်ဝန်းကျင်ရှိ ကမ္ဘာလောကကြီးအကြောင်း အူမချေးခါးမကျန် ကျယ်ပြန့်စွာ သိရှိထားခြင်းကြောင့် အရာရာကို တိကျသေသပ် မှန်ကန်စွာ ခံစားနားလည် သုံးသပ်နိုင်သည့် စွမ်းရည် ရှိလာရခြင်း ဖြစ်မည်ဟု လန်ဒင် ယူဆသည်။ လန်ဒင် မှတ်မိသလောက် ပြောရလျှင် အက်ဒ်မန်သည် မြင်မြင်သမျှ စာအားလုံးကို အကုန် ဆွဲဖတ်သည့် အကျင့် ရှိ၏။ စာအုပ်စာပေကို စွဲစွဲလမ်းလမ်း ချစ်ခင် မြတ်နိုးမှု၊ ဖတ်ပြီးသမျှကို ဦးနှောက်ထဲ စုပ်ယူ သိမ်းဆည်းနိုင်မှု စသော အချက်တို့က အက်ဒ်မန်ကို အခြားသူများထက် သာလွန်စေခြင်း ဖြစ်ပေမည်။

ပြီးခဲ့သည့် နှစ်အနည်းငယ်အတွင်း ခါးရှ်သည် စပိန်၌သာ အနေများခဲ့၏။ စပိန်နိုင်ငံ၏


mgyoe.com

mgyoe.com SAMPLE BOOK

ရှေးဟောင်း အလှတရားများ၊ ခေတ်မီ ဆန်းသစ်လွန်းသော ဗိသုကာပညာရပ်များ၊ ဂျင်ဘားများနှင့် ပြီးပြည့်စုံလှသော ရာသီဥတုတို့က ခါးရှ်ကို အဓိက ဆွဲဆောင်ဟန် ရှိသည်။ သို့သော် ခါးရှ်သည် အမ်အိုင်တီ သုတေသနဌာနၶ ဟောပြောရန်အလို့ငှာ တစ်နှစ် တစ်ခါ ဆိုသလို ကင်းဘရစ်သို့ ပြန်လေ့ ရှိ၏။ ထိုသို့ ပြန်တိုင်းလည်း လန်ဒင်နှင့် တခုတ်တရ တွေ့ဆုံကာ နေ့လယ်စာ စားတတ်သေး၏။ ခါးရှ် ရွေးချယ်သော ဆိုင်များမှာ လန်ဒင် တစ်ခါမျှ မကြားဖူးသော်လည်း လတ်တလော ရေပန်းစားနေသည့် ဘော်စတွန် နာမည်ကျော်ဆိုင်များ ဖြစ်နေတတ်သည်။ သူတို့နှစ်ဦး ဆုံကြတိုင်း ပြောလေ့ ရှိသည်မှာ နည်းပညာအကြောင်း မဟုတ်ချေ။ ခါးရှ်အဖို့ လန်ဒင်နှင့် ဆွေးနွေးချင်သည့် တစ်ခုတည်းသော အကြောင်းအရာမှာ အနုပညာလက်ရာများအကြောင်း ဖြစ်၏။

*'ခင်ဗျားက ကျွန်တော့်ရဲ့ အနုပညာ ကွင်းဆက်ပဲ ရောဘတ်'* ခါးရှ်က ဤသို့ မကြာခဏ နောက်တတ်သည်။ *ကျွန်တော့်ရဲ့ အနုပညာဟင်းလေးအိုး လူပျိုကြီးပေါ့ဗျာ။*

အိမ်ထောင်သားမွေး မပြုခြင်းသည် 'ဆင့်ကဲဖြစ်စဉ်၏ မျက်နှာအား အိုးမဲသုတ်ခြင်းပင်' ဟု လူသိရှင်ကြား ပြောထားရုံသာမက ကုန်လွန်ခဲ့သည့် နှစ်များအတွင်း စူပါမော်ဒယ်ပေါင်း သောင်းခြောက်ထောင်နှင့် တွဲသွားတွဲလာ လုပ်နေသော ဘဝတူ လူပျိုကြီး တစ်ဦးထံမှ ဤသို့ စကားမျိုး ထွက်လာခြင်းကတော့ ရယ်စရာ ကောင်းပေသည်။

ကွန်ပျူတာသိပ္ပံနယ်ပယ်တွင် ရှေ့တန်းမှ ပြေးနေသော ခါးရှ်၏ သွင်ပြင်ကို တွေးဆကြည့်လျှင် အင်္ကျီကြယ်သီးကို လည်ပင်းထိ အပြည့်တပ်ထားသော ကွန်ပျူတာ ကြမ်းပိုးတစ်ကောင်အဖြစ် မြင်ယောင်ကောင်း မြင်ယောင်မိကြပေမည်။ သို့သော် ခါးရှ်သည် နာမည်ကျော် အဆိုတော်တစ်ဦး၊ မင်းသားတစ်ဦးပမာ ခေတ်ဆန်ဆန် ဝတ်စားဆင်ယင် နေထိုင်ပြီး အန်ဒါဂရောင်း တေးဂီတကိုလည်း နှစ်သက်စွာ နားဆင်တတ်ပေသည်။ အဖိုးထိုက်တန်လှသော အင်ပရက်ရှင်းနစ် ပန်းချီကားများနှင့် မော်ဒန် အနုပညာလက်ရာ အမျိုးအပြားကိုလည်း ကြေးကြီးပေးပြီး ဝယ်ယူ စုဆောင်းတတ်သေး၏။

မည်သည့် အနုပညာ လက်ရာတို့ကို ထပ်မံ ဝယ်ယူ စုဆောင်းရမည်နည်းဟု အကြံဉာဏ် တောင်းထားသော အီးမေးလ်တို့ကိုလည်း ခါးရှ်က လန်ဒင်ဆီသို့ ရံဖန်ရံခါ ပို့တတ်သည်။

*'အင်း... ပြီးရင်တော့ ငါ ပြောတဲ့ဟာနဲ့ ပြောင်းပြန်လုပ်မှာ သေချာတယ်'* လန်ဒင်က ခပ်မြုံးမြုံး တွေးသည်။

လွန်ခဲ့သည့် တစ်နှစ် တွေ့ဆုံစဉ်က ခါးရှ်သည် လန်ဒင်ကို အထူးအဆန်း တစ်ခု မေး၏။ အနုပညာလက်ရာများ အကြောင်းကိုသာ တစိုက်မတ်မတ် ဆွေးနွေးလေ့ ရှိသော ခါးရှ်၊ ဘာသာမဲ့တစ်ဦးအဖြစ် တရားဝင် ကြေညာထားသော ခါးရှ်၏ ပါးစပ်မှ ဘုရားသခင် အကြောင်း ထွက်လာသည့်အခါ လန်ဒင် အတော်လေး အံ့သြသွားသည်။ ဘော်စတွန်ရှိ


mgyoe.com

တိုက်ဂါးမာမားဆိုင်တွင် နေ့လယ်စာ စားရင်း ကမ္ဘာ့ဘာသာရေး အထွေထွေ၏ ဇာစ်မြစ် ယုံကြည်မှုတို့အကြောင်း ခါးရှိက လန်ဒင်ကို မေးမြန်းခဲ့သည်။ အထူးသဖြင့် ဖန်ဆင်းရှင်ဝါဒနှင့် စပ်လျဉ်း၍ ဘာသာအသီးသီး၏ ဇာတ်ကြောင်း အဖုံဖုံတို့ကို သိလိုရင်း ဖြစ်သည်။ လန်ဒင် ကလည်း ရဟူဒီဝါဒ၊ ခရစ်ယာန်ဝါဒနှင့် အစ္စလာမ်ဝါဒတို့၏ ဖန်ဆင်းရှင် ဇာတ်ကြောင်းမှသည် ဟိန္ဒူတို့၏ ပြဟ္မာအယူအဆ အလယ်၊ မာဒွတ်၏ ဘေဘီလုံရာဇဝင်များ အဆုံး စေ့စပ်စွာ ရှင်းပြခဲ့၏။

"ဒါနဲ့ နေပါဦး"

ဆိုင်မှ ထွက်လာချိန်ဝယ် လန်ဒင်က မနေနိုင်တော့ဘဲ မေးလိုက်သည်။

"အနာဂတ်ပညာရှင်က အတိတ်အကြောင်းကို ဘာတွေများ ဒီလောက် စိတ်ဝင်စား နေရသလဲကွ၊ ကျုပ်တို့ရဲ့ နာမည်ကျော် ဘာသာမဲ့ကြီးက ဘုရားရိပ်၊ တရားရိပ် ခိုတော့ မလို့လား"

အက်ဒ်မန်က နှစ်နှစ်ခြိုက်ခြိုက်ကြီး ခွက်ထိုးခွက်လန် ရယ်သည်။

"လိုရာဆွဲတွေးနေပြန်ပြီ ရောဘတ်ရာ၊ ကျွန်တော်က ကိုယ့်ပြိုင်ဘက်တွေအကြောင်း ချိန်ဆကြည့်နေတာပါ"

လန်ဒင်က ပြုံးသည်။ *လာပြန်ပြီ တစ်ယောက်။*

"ဒီလို အက်ဒ်မန်ရဲ့၊ သိပ္ပံနဲ့ ဘာသာရေး ဆိုတာ ပြိုင်ဘက်တွေ မဟုတ်ပါဘူးကွာ၊ ဇာတ်ကြောင်း တစ်ခုတည်းကို မတူညီတဲ့ ဘာသာစကားနှစ်ခုနဲ့ ပြောပြဖို့ ကြိုးစားနေကြတဲ့ သူတွေပါ၊ ကမ္ဘာကြီးပေါ်မှာ သူတို့နှစ်ယောက်လုံး အတူတူ နေလို့ ရပါတယ်ကွ"


ထိုနေ့ တွေ့ဆုံပြီးနောက် လန်ဒင်သည် အက်ဒ်မန်နှင့် တစ်နှစ်နီးနီး အဆက်အသွယ် ပြတ်သွား၏။ လွန်ခဲ့သော သုံးရက်ကမူ ဆိုင်းမဆင့် ဗုံမပါ ဆိုသလို FedEX စာအိတ်တစ်အိတ် လန်ဒင်ဆီသို့ ရောက်လာခဲ့သည်။ စာအိတ်ထဲတွင် လေယာဉ်လက်မှတ်၊ ဟိုတယ်ဘွတ်ကင်တို့ နှင့်အတူ အက်ဒ်မန့်လက်ရေးဖြင့် ရေးထားသော စာတစ်စောင်ကိုလည်း တွေ့ရ၏။ ယနေ့ည အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားထားခြင်း ဖြစ်၏။ စာတွင် ဤသို့ ဆိုသည်။

*အစ်ကိုသာ အရောက်လာနိုင်မယ် ဆိုရင် ကျွန်တော့်အတွက် အများကြီး အဓိပ္ပာယ် ရှိမှာပဲ ရောဘတ်၊ ကျွန်တော်တို့ နောက်ဆုံး တစ်ခေါက် တွေ့ကြတုန်းက အစ်ကို ပြောပြ ခဲ့တာတွေကြောင့် ဒီည ဆိုပြီး ဖြစ်လာရတာ။*

လန်ဒင် နားမလည်နိုင်။ ဘော်စတွန်တွင် သူ ပြောခဲ့သည့် အရာတို့နှင့် အနာဂတ် ကျွမ်းကျင်ပညာရှင်တစ်ဦး ကျင်းပမည့် ဤအခမ်းအနားက လားလားမျှ မသက်ဆိုင်လှ။ ထို့အပြင် လူနှစ်ဦး မျက်နှာချင်းဆိုင် မတ်တတ်ရပ်နေသော အဖြူ အမည်း ပုံတစ်ပုံလည်း စာအိတ်ထဲတွင် ပါသေး၏။ ခါးရှိက သူ့အတွက် ကဗျာတိုလေးပင် ရေးပေးထားသည်။

*လူချင်းတွေ့ဆုံ၊ အကုန်ဖွင့်ဟ၊ ငါ ပြောပြအံ့။*


mgyoe.com



ပုံကို မြင်ရသောအခါ လန်ဒင် ပြုံးမိသည်။ လွန်ခဲ့သော နှစ်အနည်းငယ်က လန်ဒင် ပါဝင်ပတ်သက်ခဲ့သော ဖြစ်ရပ်တစ်ခုကို လှပစွာ အမြင်လှည့်စား ပုံဖော်ထားခြင်းပင်။ မျက်နှာ နှစ်ခုကြား ကွက်လပ်နေရာ၌ မြင့်မြတ်သော ဂရေးလ်ခွက်တော်၏ ပုံရိပ်ကို ဖော်ဆောင် ထား၏။

သူ့တပည့်ဟောင်း မြွက်ဟကြေညာမည့် အရာမှာ မည်သို့သော အကြောင်းအရာမျိုး ဖြစ်အံ့နည်းဟု စိတ်အားထက်သန်နေသည့် လန်ဒင်မှာ ယခုအခါတွင် ပြတိုက် အပြင်ဘက်သို့ ရောက်နေချေပြီ။ ကြွယ်ပို့ကြွယ်ဝ စက်မှုမြို့တော်၏ တစ်ချိန်က အသက်သွေးကြော ဖြစ်ခဲ့ သည့် ကွေ့ကောက်ကောက် နာဗီယွန်မြစ်ကမ်း နံဘေးရှိ ကွန်ကရစ်လျှောက်လမ်းများအတိုင်း လန်ဒင် လှမ်းလာချိန်ဝယ် လေပြည်အေးက သူ့ကုတ်အင်္ကျီကို အသာအယာ တိုးဝှေ့ တိုက်ခတ် နေ၏။

ကြေးနီနံ့တစ်မျှင်ကိုလည်း လေနုညင်းက သယ်ဆောင်လာသေးသည်။

ကွေ့ကွေ့ကောက်ကောက် လျှောက်လမ်းကို ပတ်လိုက်ပြီးချိန်တွင်မူ ပြိုးပြိုးပြက်ပြက် တောက်ပနေသော ရောမ ပြတိုက်ကြီးကို မျက်ဝါးထင်ထင် မြင်ရချေပြီ။ မျက်စိတစ်မှိတ်စာ အချိန်အတွင်း အဆောက်အအုံ တစ်ခုလုံးကို ဖျတ်ခနဲ ကြည့်လိုက်ရန်မှာမူ မည်သို့မျှ မဖြစ် နိုင်ပေ။ ပုံစံဆန်းဆန်းနှင့် ရှည်မျောမျော တည်ရှိနေသော ပြတိုက်ကြီး၏ တစ်နံတစ်လျားကို ခြုံမိစေရန် ရှေ့နောက် လွန်းထိုးကြည့်နေရ၏။

*'ဒီအဆောက်အအုံကြီးဟာ စည်းမျဉ်းဥပဒေသတွေကို ချိုးဖောက်တဲ့အဆင့် မဟုတ်ဘူး၊ လုံးလုံးကို ဂရုမစိုက်တာပါလား'* လန်ဒင်က ဤသို့ တွေးမိသည်။ *အက်ဒ်မန်နဲ့တော့ အကိုက် ပဲပေါ့။*

စပိန်နိုင်ငံ ဘီလ်ဘာအိုမြို့ရှိ ဂူဂန်ဟိုင်း ပြတိုက်ကြီးသည် စိတ်ရှူးပေါက်ရာ လုပ်ထား သည့်အလား ထင်မှတ်ရ၏။

ပုံသဏ္ဌာန် မမှန်စွာ ကောက်ကွေးနေသော သတ္တုပုံစံတို့က တစ်ခုပေါ် တစ်ခု ကျပန်း



mgyoe.com

mgyoe.com SAMPLE BOOK


မှီပြီး တည်ရှိနေကြ၏။ အတန်ငယ် ကွာဝေးသော နေရာအထိ ဘယ်ညာ ဆန့်ထွက်နေသော ဖရိဖရဲသဏ္ဌာန် အစုအခဲတို့ကို တိုက်တေနီယမ် သတ္တုအချပ်ပြား သုံးသောင်းကျော်ဖြင့် ဖန်တီး ပြုလုပ်ထားပြီး ငါးအကြေးခွံများကဲ့သို့ အရောင်တလက်လက် ပြန်နေလေရာ ရေထဲမှ သတ္တဝါဆန်းကြီးတစ်ကောင် တိုးထွက်လာကာ နေရောင်ခြည်နှင့် လာရောက် ထိတွေ့သည့်နှယ် ခံစားလိုက်ရ၏။ အသက်ဝင်နေသည့်နှယ်ပင်။

၁၉၉၇ ခုနှစ်၊ ဤအဆောက်အအုံကြီး စတင် ဖွင့်လှစ်ချိန်တွင် တိုက်တေနီယမ် ခြုံလွှာ ဆင်မြန်းထားသည့် လှိုင်းတွန့် အိပ်မက်သင်္ဘောကြီးကို ဒီဇိုင်းပုံဖော် ရေးဆွဲပေးသည့် ဗိသုကာပညာရှင် ဖရန့်ဂယ်ရီကို နယူးယော့ကာ သတင်းစာမှ အကျယ်တဝင့် ချီးကျူး၏။ ကမ္ဘာတစ်လွှားရှိ ပညာရှင်တို့မှလည်း 'တစ်ခေတ်မှာ တစ်ခါ ပေါ်ပေါက်လာတဲ့ အဆောက်အအုံကြီး'၊ 'တုနှိုင်းမမီ လက်ရာမွန်'၊ 'လက်ဖျားခါလောက်စရာ ဗိသုကာ' စသဖြင့် ဝိုင်းဝန်း ထောမနာ ပြုကြပြန်သည်။

ဤပြတိုက်ကြီး စတင် ဖွင့်လှစ်ပြီးချိန်မှစ၍ 'ပုံသဏ္ဌာန် မမှန်ကန်သော' အခြား အဆောက်အအုံများ ဒါဇင်ပေါင်းများစွာ ပေါ်ထွက်လာခဲ့၏။

လော့စ်အိန်ဂျလိစ်ရှိ ဒစ္စနေး ဂီတဖျော်ဖြေပွဲခန်းမ၊ မြူးနစ်ရှိ ဘီအမ်ဒဗလျူဝါးလ်၊ လန်ဒင်၏ မိခင်တက္ကသိုလ်ရှိ စာကြည့်တိုက် အသစ်တို့သည်လည်း ဤမှုမမှန် အဆောက်အအုံ များ စာရင်းတွင် အပါအဝင် ဖြစ်ပေသည်။ အဆိုပါ အဆောက်အအုံ အားလုံးသည် အစဉ်အလာ တို့ကို သွေဖည်ထားသော ဗိသုကာဒီဇိုင်းနှင့် တည်ဆောက်ပုံ အသီးသီး ရှိကြသည် မှန်သော် လည်း ဘီလ်ဘာအိုရှိ ဂူဂင်ဟိုင်ပြတိုက်ကြီး၏ ဆန်းဆန်းကြယ်ကြယ် လက်ရာကိုတော့ မမီချေ။ ပြတိုက်အနီးသို့ လန်ဒင် တစ်လှမ်းချင်း တိုးလိုက်တိုင်း တိုးလိုက်တိုင်း ရှေ့မျက်နှာစာသည် လည်း ပုံစံအမျိုးမျိုး လိုက်ပြောင်းနေသည်ဟု ထင်ရ၏။ ရှုထောင့်တစ်မျိုးမှ ကြည့်တိုင်း အသွင်တစ်မျိုး မြင်နေရသည်။ အထူးသဖြင့် လက်ရှိ နေရာမှ ကြည့်လျှင် ဇရာမ ပြတိုက်ကြီး သည် ရေပေါ်တွင် အကယ်ပင် ပေါလောပေါ်နေသယောင် ရှိနေသည်။ ပြတိုက် အပြင်ဘက် နံရံတို့နှင့် ထိစပ်နေသော အပြောကျယ်လှသည့် ရေပြင်ကြီးလည်း ရှိနေသည် မဟုတ်ပါလား။ လန်ဒင်က ခေတ္တမျှ ရပ်ကြည့်နေပြီးနောက် တလက်လက် တောက်ပနေသော ရေပြင်ကျယ်ကို ကန့်လန့်ဖြတ် ထိုးထားသည့် လူကူးတံတားလေးမှတစ်ဆင့် ပြတိုက်ဆီ လှမ်းသည်။

လမ်းတစ်ဝက်ခန့် အရောက်တွင် အတန်ငယ် ကျယ်သည့် အသံတို့ကို ကြားလိုက်ရ သဖြင့် လန်ဒင် တန့်သွားသည်။ အသံမှာ အောက်ဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်၏။ မြူခိုးကဲ့သို့သော အငွေ့များမှာ တံတားလျှောက်လမ်းအောက်မှ တလိပ်လိပ် တက်လာသည်ကို လန်ဒင် ရပ်ကြည့်နေမိ၏။ ထိုမြူခိုးငွေ့များမှာ သူ့ဘေးပတ်ပတ်လည်သို့ တက်လာပြီးနောက် ရေပြင်ကို ဖြတ်ပြီး ပြတိုက်ဆီ တိုးဝင်ကာ အဆောက်အအုံကြီး တစ်ခုလုံး၏ အောက်ခြေကို ရစ်သိုင်းထားတော့လေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

*'မြူခိုးလက်ရာပဲ'* ဟု လန်ဒင် သဘောပေါက်လိုက်သည်။

ဂျပန်အနုပညာရှင် ဖူဂျီကိုနာကာယာ၏ ဤလက်ရာအကြောင်းကို သူ ဖတ်ဖူးသည်။ အဆိုပါ အနုပညာလက်ရာကို သာမန်မျက်စိဖြင့် မြင်နိုင်သော လေထုမှုတစ်ဆင့် အဆန်းတကြယ် ဖန်တီးထားခြင်း ဖြစ်သည်။ မြူခိုးငွေ့တံတိုင်းမှာ အချိန်နှင့်အမျှ ဆိုသလို ပုံပေါ်လာလိုက် ပျက်ပြယ်သွားလိုက် တစ်လှည့်စီ ဖြစ်ပေါ်နေ၏။ လေထုအနေအထားမှာ ပုံသေမရှိဘဲ အမြဲတစေ ပြောင်းလဲနေသည် ဖြစ်ရာ မြူခိုးလက်ရာသည်လည်း တစ်ကြိမ် ပြန်ပေါ်လာတိုင်း သဏ္ဌာန်အသွင်တစ်မျိုးဖြင့် ဆန်းသစ်နေမြဲ ဖြစ်ပေသည်။ တံတားအောက်မှ တရှဲရှဲ မြည်သံ တိတ်သွားချေပြီ။ မြူခိုးငွေ့တံတိုင်းမှာ အသိစိတ် ရှိသည့်နှယ် တစ်ဖန် ပြန်လည်ငြိမ်သက်သွားပြီ ဖြစ်၏။ ကမ္ဘာလောကကြီးနှင့် မသက်ဆိုင်သော ထူးထွေဆန်းပြားမှု တစ်ခုပမာပင်။

တိမ်စိုင်တိမ်ခဲများပေါ်ဝယ် အလေးချိန်မဲ့စွာ တည်ရှိနေသည့် ပြတိုက်ကြီး တစ်ခုလုံးကို တွေ့မြင်ရသည်မှာ ပျောက်ဆုံးနေသော တစ္ဆေသင်္ဘောကြီးနှင့်ပင် တူသေးတော့သည်။

လန်ဒင် ရှေ့ဆက်လှမ်းရန် ဟန်ပြင်လိုက်ချိန်ဝယ် မူလ တည်ငြိမ်နေသော ရေပြင်၌ လှုပ်ခတ်မှုလေးများ အစီအရီ ပေါ်ပေါက်လာ၏။ ရုတ်တရက် ဆိုသလို မီးတောက် အတန်းငါးခုမှာ ထက်ကောင်းကင်ဆီသို့ ဦးတည်ပြီး ရေပြင်မှ ထိုးထွက်လာကာ ဒုံးကျည် အင်ဂျင်သံများသဖွယ် တောက်လျှောက် ဆူညံလျက် ရှိပေသည်။ ၎င်းတို့မှ ထွက်ပေါ်နေသော တောက်တောက်ပပ အလင်းတန်းများသည် မြူခိုးဆိုင်းနေသည့် လေထုကို ထွင်းဖောက်ကာ ပြတိုက်၏ တိုက်တေနီယမ် ချပ်ပြားများကို တလက်လက် ဟပ်နေတော့သည်။

လန်ဒင်သည် လုဗ်၊ သို့မဟုတ် ပရာဒို ကဲ့သို့သော ရှေးမူမပျက် ဂန္တဝင် လက်ရာများဖြင့် တည်ဆောက်ထားသည့် ပြတိုက်တို့ကိုသာ ပိုမိုတိမ်းညွတ်၏။ သို့သော် အနုပညာနှင့်တီထွင် ဆန်းသစ်မှုတို့ကို နှစ်သက် မြတ်နိုးသည့်အပြင် အနာဂတ်ကိုလည်း ရှင်းလင်းပြတ်သားစွာ သရုပ်ဖော်ပြတတ်သူတစ်ဦး စီစဉ်ကျင်းပသော ယနေ့ည အခမ်းအနားကြီးကို လက်ခံ ကျင်းပရန် ဤပြတိုက်ထက် ပို၍ သင့်တော်မည့် နေရာ ရှိတော့မည် မဟုတ်ဟု လန်ဒင်က တွေးရင်း ရေပြင်ထက်ရှိ မြူခိုးများနှင့် မီးတောက်တို့ကို ငေးကြည့်နေမိသည်။

ယခုအခါ လန်ဒင်သည် မြူခိုးများအကြား ဖြတ်သန်းရင်း ပြတိုက်ဝင်ပေါက်ဝသို့ ရောက်ရှိလာချေပြီ။ တွားသွားသတ္တဝါကြီး တစ်ကောင်နှင့် ဆင်ဆင်တူသည့် အဆောက်အအုံကြီး၏ ဝင်ပေါက်မှာလည်း တွင်းနက်ကြီးပမာ သဏ္ဌာန်ရှိနေ၏။

ရောဘတ်လန်ဒင်မှာ ဝင်ပေါက်နှင့် နီးလာသည်နှင့်အမျှ နဂါးကြီး တစ်ကောင်၏ ခံတွင်းထဲ သက်ဆင်းရသည့်နှယ် မသက်မသာ ခံစားလာရပေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၂ )

ရေတပ်ဗိုလ်ချုပ်ကြီး လူး၀စ်အဖီးလားသည် ဘားထဲရှိ ခြေတံရှည် ခုံပေါ်၌ ထိုင်နေ၏။ ဤမြို့မှာ သူနှင့် အစိမ်းသက်သက် ဖြစ်သလို ဘားမှာလည်း လူရှင်းနေသည်။ အလုပ်ကိစ္စတစ်ခုအတွက် ဆယ့်နှစ်နာရီအတွင်း မိုင်ထောင်ပေါင်းများစွာ ပျံသန်းခဲ့ရပြီးနောက် ဤမြို့သို့ တစ်ခါ ရောက်လာရပြန်သည် ဖြစ်ရာ အဖီးလားလည်း ခြေကုန်လက်ပန်း ကျနေချေပြီ။ သူက တော်နစ်ဝါတာ ဒုတိယ တစ်ခွက်ကို ဆက်သောက်ရင်း ဘားကောင်တာရှိ အရောင်အသွေး စုံလင်လှသော ပုလင်းများကို ငေးစိုက်ကြည့်နေ၏။

*'ကမ္ဘာရထဲမှာ သူရာရည် ရောင်တာကတော့ လူတိုင်း လုပ်နိုင်တာပေါ့လေ'* ဗိုလ်ချုပ်ကြီးက ခပ်မြုံးမြုံး တွေးသည်။ *ရေမီးအစုံ အိုအေစစ်မှာ သီလစောင့်ဖို့ကတော့ အာဂလူတွေမှ လုပ်နိုင်မယ်။*

စင်စစ် အဖီးလား သီလစောင့်နေသည်မှာ တစ်နှစ်နီးနီး ရှိချေပြီ။ ဘားကောင်တာ အနောက်ရှိ မှန်ဆီသို့ သူ့အကြည့်တို့ ရောက်သွားချိန်တွင် မှန်ထဲမှ ပြန်ကြည့်နေသော ပုံရိပ်ကြောင့် ရှားရှားပါးပါး ဆိုသလို အဖီးလား ကျေနပ်သွားသည်။ အသက်အရွယ် ကြီးရင့်လာသော်လည်း အိုခြင်းဒုက္ခထက် သုခကောင်းကွက်တို့ကိုသာ ပိုကြုံရသည့် ကံထူးသူ မြေထဲပင်လယ်သားများအနက် အဖီးလားလည်း တစ်ဦးအပါအဝင် ဖြစ်သည်။ အဖီးလား၏ မာတောင့်တောင့် မုတ်ဆိတ်တိုလေးများသည် ဤနှစ်များအတွင်း ဖြူတစ်ဝက် မည်းတစ်ဝက် မုတ်ဆိတ်ခပ်ပျော့ပျော့တို့အဖြစ် ပုံစံပြောင်းလဲလာခဲ့သလို နောက်မှောင် စူးရှသည့် မျက်ဝန်းအစုံတို့သည်လည်း မိမိကိုယ်မိမိ ယုံကြည်မှု ရှိသော တည်တည်ငြိမ်ငြိမ် အကြည့်အဖြစ် အသွင်ပြောင်းလာခဲ့ချေပြီ။ သံလွင်ရောင် အသားမှာ နေလောင်ပြီး အရေတို့လည်း တွန့်လာပြီ ဖြစ်သည့်အတွက် ပင်လယ်ပျော်ကြီး တစ်ဦး၏ သွင်ပြင်က ပိုပီလာခဲ့ရသည်။ ခြောက်ဆယ့်သုံးနှစ်အတွင်းသို့ ချင်းနင်း ဝင်ရောက်ခဲ့ပြီ ဖြစ်သည့်တိုင် ကျစ်ကျစ်လျစ်လျစ် ရှိနေသေးသော ခန္ဓာကိုယ်နှင့် ကိုယ်တိုင်းအကျ ချုပ်ထားသော ယူနီဖောင်းတို့က အဖီးလားကို ခံ့ညားစေသည်။ လက်ရှိ အချိန်တွင် အဖီးလားသည် ကြယ်သီးနှစ်တန်းပါ အဖြူရောင် ဂျက်ကက်အင်္ကျီ၊ အမည်းရောင် ပခုံးဒေါက်များ၊ စစ်မှုထမ်းသက်တစ်လျှောက် ရရှိခဲ့သည့် ဆုတံဆိပ်ပြားများ၊ ဖြူဆွတ်နေသော လည်ထောင်အင်္ကျီ၊ ပိုးဖြူသား ဘောင်းဘီရှည် စသဖြင့် အဖြူရောင်



mgyoe.com

mgyoe.com SAMPLE BOOK

ရေတပ်ယူနီဖောင်းကို အပြည့်အစုံ ဝတ်ဆင်ထား၏။

*စပိန်ရေတပ်က ကမ္ဘာ့အင်အားအကြီးဆုံး ရေတပ် မဟုတ်တော့ပေမဲ့ အရာရှိတွေ ဘယ်လို စမတ်ကျကျ ဝတ်ရမယ် ဆိုတာကိုတော့ ကျုပ်တို့တစ်တွေ သိပါသေးတယ်လေ။*

ဗိုလ်ချုပ်ကြီးအနေဖြင့် ဤဝတ်စုံကို မဝတ်ဖြစ်သည်မှာ နှစ်ပေါင်း အတန်ကြာချေပြီ။ သို့သော် ယနေ့ညသည် ပုံမှန်ထက် ထူးခြားသော ညတစ်ည မဟုတ်ပါလား။ ထို့အပြင် သူစိမ်းပြင်ပြင် ဖြစ်နေသော ဤမြို့လေး၏ လမ်းများပေါ်ဝယ် သူ လျှောက်လာခဲ့စဉ်က ကျား၊ မ မရွေး သူ့ကို နှစ်လိုစွာ ကြည့်နေကြသည်ကို မြင်ခဲ့ရ၏။

*ရာထူးဂုဏ်သိန်ကို လူတိုင်း လေးစားကြသည်ပင်။*

"အော့တရာ တော်နစ်ကား" *တော်နစ်တစ်ခွက် ထပ်ယူဦးမလား* ဟု ခပ်ချောချော စားပွဲထိုးမလေးက လှမ်းမေးသည်။ ခန္ဓာကိုယ် တောင့်တောင့်တင်းတင်း ရှိသော အသက် သုံးဆယ်အရွယ် စားပွဲထိုးမလေးပင်။ ခမျာမှာ ချစ်စဖွယ် အပြုံးကိုလည်း ပိုင်ဆိုင်ထားသေး၏။

အဗီးလားက ခေါင်းယမ်းပြလိုက်သည်။

"မယူတော့ဘူး၊ ကျေးဇူးပဲ"

ဘားတစ်ခုလုံး လူသူလေးပါး ကင်းရှင်းနေပြီး စားပွဲထိုးမလေးကလည်း သူ့ကို ကြည်ညိုသော မျက်ဝန်းအစုံဖြင့် ကြည့်နေသည်။ လူမြင်ကွင်းသို့ ပြန်ရောက်လာရသည်မှာ ကျေနပ်စရာပင်။

*အသူတစ်ရာနက်တဲ့ ချောက်ကြီးထဲကနေ ကျုပ် ပြန်တက်လာခဲ့ပြီ။*

လွန်ခဲ့သော ငါးနှစ်ခန့်က ကြုံခဲ့ရသည့် သွေးပျက်ဖွယ် အဖြစ်အပျက်သည် သူ့မသိစိတ် တစ်နေရာ၌ ထာဝရ ရှိနေတော့မည် ဖြစ်၏။ မဟာပထဝီမြေကြီး ပွင့်ဟသွားကာ သူ့တစ်ကိုယ် လုံးကို ဝါးမျိုလိုက်သည့် နားကွဲမတတ် တဒင်္ဂ အခိုက်အတန့်ပင်။

ဆီဗီလာရှိ ကက်သီဒြယ်ဘုရားရှိခိုးကျောင်း။

အီစတာနေ့ မနက်ခင်း။

အန်ဒယ်လူစီယန် နေခြည်သည် မှန်ပြတင်းတို့ကို ဖောက်ထွင်းပြီး ရဲရဲကြီး ဝင်ရောက် လာသဖြင့် ကက်သီဒြယ် အတွင်းဘက်ရှိ ကျောက်သားနံရံတို့ပေါ်တွင် ရောင်စုံ မှန်ကူကွက် သဏ္ဌာန်များ ဖြစ်ပေါ်နေ၏။ ထောင်ပေါင်း များစွာသော ယုံကြည် ကိုးကွယ်သူများက ယေရှုခရစ် ရှင်ပြန်ထမြောက်သော အံ့ဖွယ်တန်ခိုးပြာဋိဟာကို ချီးကျူး ပူဇော်စဉ်ဝယ် ကြည်နူး ဝမ်းမြောက်ဖွယ် ဂီတသံတို့သည်လည်း ပြွန်အော်ဂင်ကြီးထံမှ ထွက်ပေါ်လာပေသည်။ ယဇ်ပလ္လင် လက်ရန်း အကာ၌ ဒူးထောက်လျက် ရှိသော အဗီးလား၏ ဟဒယနှလုံးအိမ်မှာ ကြည်နူး ရွှင်ပျမှုတို့ဖြင့် ပြည့်နှက်နေ၏။ သူ့ဘဝတစ်သက်တာလုံးကို ပင်လယ်ပြင်၌ တာဝန်ထမ်းဆောင် ကုန်လွန်စေခဲ့ပြီးနောက် ဘုရားသခင်၏ အကြီးမြတ်ဆုံးသော လက်ဆောင်ကို လက်ခံ ရရှိခဲ့ ချေပြီ မဟုတ်တုံလော။ ထိုအရာမှာ အခြားမဟုတ်၊ မိသားစုပင် ဖြစ်သည်။ ကျေကျေနပ်နပ်


mgyoe.com

mgyoe.com
SAMPLE BOOK

ကြီး ပြုံးနေသော အဖီးလားသည် ခုံတန်းများတွင် ထိုင်နေဆဲ ဖြစ်သော ငယ်ငယ်ချောချော ဇနီး မာရီယာကို သမင်လည်ပြန် လှည့်ကြည့်လိုက်သည်။ မာရီယာမှာ ကိုယ်ဝန်အရင့်အမာ နှင့် ဖြစ်၍ အလယ် လျှောက်လမ်းအတိုင်း ခပ်ဝေးဝေး လျှောက်လာရန် အဆင်မပြေလှပေ။ သူမ ဘေးရှိ သုံးနှစ်အရွယ် သားကလေး ပီပီက ဖအေလုပ်သူကို စိတ်လှုပ်ရှားစွာဖြင့် လက်ယမ်း နှုတ်ဆက်၏။ အဖီးလားက သားတော်မောင်ကို မျက်စိမှိတ်ပြလိုက်ချိန်တွင် မာရီယာ ကလည်း ခင်ပွန်းဖြစ်သူကို နွေးထွေးစွာ ပြုံးပြလိုက်၏။

*'ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်'* အဖီးလားက ခြေတံရှည်ခွက်ကို လက်ခံယူရန် ယဇ်ပလ္လင်ဘက်သို့ ပြန်လှည့်လိုက်သည်။

ထိုတဒင်္ဂလေးမှာပင် နားကွဲလုမတတ် ပေါက်ကွဲသံကြီးတစ်ခု ကက်သီဒြယ် ဘုရား ကျောင်းကြီးထဲ၌ ရုတ်တရက် ထွက်ပေါ်လာ၏။ လျှပ်တစ်ပြက် ကာလလေးမှာပင် အဖီးလား ပတ်ဝန်းကျင်ရှိ ကမ္ဘာကြီးတစ်ခုလုံးမှာ မီးဟုန်းဟုန်း တောက်နေချေပြီ။ ပေါက်ကွဲမှုအရှိန်က အဖီးလားကို ရှေ့သို့ အရှိန်ပြင်းပြင်း တွန်းထုတ်လိုက်ရုံသာမက အရာဝတ္ထု အပိုင်းအစများ၊ လူ့ခန္ဓာကိုယ် အစိတ်အပိုင်းများမှာလည်း သူ့ကိုယ်ပေါ်သို့ မိုးရွာသလို ပြုတ်ကျလာကြ၏။ သတိပြန်လည်လာချိန်တွင် မွန်ထူနေသော မီးခိုးငွေ့များကြောင့် အဖီးလားမှာ အသက် ကောင်းကောင်း မရှူနိုင်။ ဘယ်တွေ ရောက်၍ ဘာတွေ ဖြစ်နေမှန်းလည်း ရုတ်တရက် သတိမရ။

ထို့နောက်တွင်မှ သွေးပျက်မတတ် အော်သံ ဟစ်သံတို့ကို အဖီးလား ကြားလာရသည်။ နားတို့မှာ အူနေဆဲ။ အဖီးလားက ကယိမ်းကယိုင်ဖြင့် မတ်တတ်ထရပ်သည်။ မည်သည့် နေရာ၌ ရှိနေကြောင်းကို ထိတ်လန့် တုန်လှုပ်စွာဖြင့် သဘောပေါက်လာ၏။ အိပ်မက်ဆိုး တစ်ခုမျှသာဟု အဖီးလားက သူ့ကိုယ်သူ နားချသည်။ မီးခိုးလုံးများနှင့် ပြည့်နှက်နေသည့် ကက်သီဒြယ် ဘုရားကျောင်းအတွင်း အဖီးလားတစ်ယောက် ယိမ်းထိုးပြီး လျှောက်နေသည်။ နာကျင်စွာ အော်ဟစ်နေသူများ၊ အပိုင်းပိုင်း အစစ ဖြစ်နေသော ခန္ဓာကိုယ်များကို ဖြတ်ကျော် ရင်း ဇနီးနှင့် သားငယ် ရှိနေခဲ့သည့် နေရာသို့ အဖီးလား အရောက်သွားသည်။ လွန်ခဲ့သည့် စက္ကန့်ပိုင်းကပင် ပြုံးရွှင်စွာ ရှိနေခဲ့သည့် သားအမိ နှစ်ယောက်ကို မမြင်ရတော့။

*ခုံတန်းများ၊ လူများ… ဘာမျှ မရှိတော့။*

မီးကျွမ်းနေသည့် ကျောက်သားကြမ်းပြင်ပေါ်တွင် သွေးအလိမ်းလိမ်းနှင့် ခန္ဓာကိုယ် အစိတ်အပိုင်းများသာ ကျန်ရစ်တော့၏။

ဘားတံခါးပေါက်ဆီမှ ထွက်ပေါ်လာသော ခေါင်းလောင်းသံကြောင့် အတိတ်ခါးခါး၏ ပုံရိပ်လွှာတို့ အဝေးထွက်ပြေးသွားသည်။ အဖီးလားက တော်နှစ်ခွက်ကို လက်စသတ်ပြီး ခေါင်းတစ်ချက် ယမ်းလိုက်သည်။ ထိုသို့ အတင်း မောင်းထုတ်ခဲ့ရပေါင်း များလှချေပြီ။

ဘားတံခါး ပွင့်သွားပြီး တုတ်တုတ်ခိုင်ခိုင် လူနှစ်ယောက် အယိုင်ယိုင် အလဲလဲဖြင့်


mgyoe.com

mgyoe.com SAMPLE BOOK

ဝင်လာသည်။ အိုင်းရစ်ဘောသီချင်းကို သံသေးသံကြောင်ဖြင့် သီဆိုလာသော နှစ်ဦးသားမှာ အိုင်ယာလန်အသင်း၏ အစိမ်းရောင် အင်္ကျီကိုလည်း ဝတ်ဆင်ထားသေး၏။

အဖီးလားက မတ်တတ်ထရပ်ရင်း ဘေလ်တောင်းလိုက်သော်လည်း စားပွဲထိုးမလေးက လက်ခါပြ၏။ မျက်စိတစ်ဖက်လည်း မှိတ်ပြလိုက်သေးသည်။ အဖီးလားက သူမကို ကျေးဇူးတင်စကား ဆိုရင်း ဘားကောင်တာမှ ထသည်။

"အမယ်လေး… ကျားသားမိုးကြိုး"

အိုင်ယာလန် ပရိသတ် သူကောင်းသား တစ်ယောက်က ထအော်သည်။ အဖီးလား၏ ခံ့ခံ့ထည်ထည် ဝတ်စုံကိုလည်း ပြူးပြဲကြည့်နေ၏။

"စပိန်ဘုရင်ကြီးပါကလား"

နှစ်ဦးလုံး ဝေါခနဲ ထရယ်ပြီး အဖီးလားဆီသို့ ဒယိမ်းဒယိုင် တိုးလာကြသည်။

အဖီးလားမှာ သူတို့နှစ်ဦးကို ကွေ့ရှောင်ထွက်ရန် ကြိုးစားသော်လည်း လူကောင်ပိုထွားသူတစ်ဦးက အဖီးလား၏ လက်မောင်းကို ခပ်ကြမ်းကြမ်း ဆွဲညှစ်ပြီး ဘားထိုင်ခုံပေါ် ပြန်တွန်းချလိုက်သည်။

"အရှင်မင်းကြီးကလည်း ဖြည်းဖြည်းပေါ့၊ မလောပါနဲ့၊ ကျုပ်တို့မှာ စပိန်အထိ တကူးတက လာရတာ၊ ဘုရင်ကြီးနဲ့ တစ်ခွက်တစ်ဖလားတော့ ချသွားရဦးမှာပေါ့"

မီးပူ အကျတိုက်ထားသည့် သူ့အင်္ကျီပေါ်မှ လက်ညစ်ညစ်ပတ်ပတ်ကြီးကို အဖီးလားက တစ်ချက် လှမ်းကြည့်သည်။

"လွှတ်လိုက်"

သူက အသာအယာ ပြောသည်။

"ကျုပ် သွားစရာ ရှိတယ်"

"နေပါဦး ဘော်ဒါကြီးရဲ့၊ ဘီယာလေး တစ်ခွက်လောက်တော့ ကိုင်သွားပါဦး"

ပြောရင်း ဆိုရင်း ညှစ်ထားသောအားက ပိုသန်လာသည်။ နောက်တစ်ဦးကလည်း အဖီးလား၏ ရင်ဘတ်ရှိ တံဆိပ်များကို လက်ချောင်း ညစ်ပေပေတို့ဖြင့် လျှောက်ကိုင်နေ၏။

"အမယ်… သူရဲကောင်းကြီးပေါ့"

အဖီးလား တန်ဖိုးအထားရဆုံး ဆုတံဆိပ်များအနက်မှ တစ်ခုကို ထိုသူက ခပ်ကြမ်းကြမ်း ဆွဲဖြုတ်ရန် ကြိုးစားသည်။

"သံစူးတင်းပုတ် ကိုင်ထားတဲ့ မြင်းသည်တော်ကြီးပါလား ကွယ်ရို့"

နှစ်ဦးသား ခွက်ထိုးခွက်လန် ရယ်ကြပြန်သည်။

'သည်းခံ' အဖီးလားက သူ့ကိုယ်သူ သတိပေး၏။ သည်လို ဆန်ကုန်မြေလေးတွေကို သူ မြင်ခဲ့ပေါင်း များပြီ။ အတွေးအခေါ် မရှိ၊ အကြံတုံး ဉာဏ်တုံးဖြင့် ဦးတည်ရာမဲ့ ဘဝကို ဖြုတ်သန်းရင်း မည်သည့် အရာအတွက်မျှလည်း မားမားမတ်မတ် ရပ်တည်မပေးခဲ့ဖူးသည့်


mgyoe.com

mgyoe.com
SAMPLE BOOK

လူငနွားများ။ အခြား သူတို့ သွေးနှင့် ချွေးနှင့် ရင်းကာ တိုက်ယူထားသည့် တရားမျှတ လွတ်လပ်မှုတို့ကို မျက်ကန်းဆန်ဆန် အလွဲသုံးစား လုပ်နေသူများ။

"သံစူးချွန်ပါတဲ့ တင်းပုတ်သင်္ကေတ ဆိုတာ စပိန်ပြည် ရေတပ်အထူးအဖွဲ့ရဲ့ တံဆိပ် လေ"

အဖိုးလားက ခပ်အေးအေး ပြန်ပြောသည်။

"အထူးတပ်ဖွဲ့ ဟုတ်လား"

ထိုသူက ကြက်သီးထသွားသယောင် ဟန်ဆောင်ပန်ဆောင် ပခုံးတွန့်ပြရင်း အဖိုးလား၏ ညာလက်ကို ထိုးပြ၏။

"အဟုတ်သားပဲ၊ ဒါ့ထက် ဒီတစ်ခုကရော ဘာလဲ"

အဖိုးလားက သူ့လက်ဖဝါးကို ပြန်ငုံ့ကြည့်လိုက်သည်။ ဆယ့်လေးရာစုခန့်က သင်္ကေတ တစ်ခုကို အနက်ရောင် မင်ဖြင့် လက်ဖဝါးပေါ် ဆေးမင်ကြောင် ရေးထိုးထားခြင်း ဖြစ်၏။

*'ဒါက ကျုပ်ရဲ့ အကာအကွယ်ပေါ့'* သင်္ကေတ တံဆိပ်ကို ငေးစိုက်ကြည့်ရင်း အဖိုးလား က စိတ်ထဲ တွေးသည်။ *သူ့ကို လိုလာစရာတော့ အကြောင်း မရှိပါဘူး။*

"ကဲ... ကဲ ထားပါတော့"

ထိုသူက အဖိုးလား၏ လက်ကို လွှတ်ပေးလိုက်ပြီး စားပွဲထိုးမလေးဆီသို့ အာရုံကျ သွားပြန်သည်။

"အချောလေးပဲ၊ စပိန်သွေး တင်းပြည့်ကျပ်ပြည့် ထင်ပါ့"

"ဟုတ်တယ်"

စားပွဲထိုးမလေးက ချိုချိုသာသာ ပြန်ဖြေသည်။

"အိုင်းရစ်သွေးရော မပါဘူးလား"

"မပါဘူးရှင့်"

"ဒါဆို အိုင်းရစ်သွေး နည်းနည်း မရောချင်ဘူးလား"

ထိုသူက ပြောပြောဆိုဆိုဖြင့် ဘားခုံတန်းကို တဒုန်းဒုန်း ထုနေချေပြီ။


mgyoe.com

mgyoe.com SAMPLE BOOK

"တော်တော့"

အဖိုးလားဆီမှ အမိန့်သံထွက်လာသဖြင့် ထိုသူက ချာခနဲ လှည့်လိုက်သည်။ အဖိုးလားကိုလည်း စူးစူးစိုက်စိုက် ကြည့်နေ၏။

ဒုတိယ တစ်ယောက်က အဖိုးလား၏ ရင်ဘတ်ကို ခပ်ကြမ်းကြမ်း ဆောင့်တွန်းလိုက်သည်။

"ငါတို့ကို အမိန့်လာပေးနေတာလား"

တစ်နေ့တာ ခရီးရှည်ကြောင့် နွမ်းနယ်လှပြီ ဖြစ်သော အဖိုးလားက သက်ပြင်းတစ်ချက် ချသည်။

"ထိုင်ကြပါ ဆရာသမားတို့ရယ်၊ ကျုပ် ဘီယာဝယ်တိုက်ပါ့မယ်"

*'ဒီလူကြီး ဆက်နေပေးလို့ တော်သေးတယ်'* စားပွဲထိုးမလေး စိတ်သက်သာရာရသွားသည်။ အခြေအနေကို သူမ တစ်ယောက်တည်း ထိန်းသိမ်းနိုင်သည့်တိုင် ငမူးနှစ်ကောင်ကို ဤလူကြီး ကိုင်တွယ်သွားသည်မှာ တည်ငြိမ်လှ၏။ ဆိုင်ပိတ်ချိန်ထိ ဆက်ရှိနေပေးလျှင် ကောင်းမည်။ လူကြီးက အိုင်းရစ် ငမူးနှစ်ကောင်အတွက် ဘီယာနှစ်ခွက်၊ သူ့အတွက် ဂျင်တော်နစ် တစ်ခွက် ထပ်မှာသည်။ ထို့နောက် ဘားကောင်တာ၌ ပြန်ထိုင်သည်။ ဘောပရိသတ်နှစ်ယောက်က လူကြီး၏ တစ်ဖက်တစ်ချက်တွင် ဝင်ထိုင်၏။

"တော်နစ်ကြီး သောက်နေတာလား"

တစ်ယောက်က ထအော်ပြန်သည်။

"ငါတို့ အတူတူ သောက်မယ် ထင်နေတာ"

လူကြီးက စားပွဲထိုးမလေးကို နွမ်းနယ်စွာ ပြုံးပြပြီး သူ့တော်နစ်ခွက်ကို လက်စသတ်လိုက်သည်။

"ကိုင်း… ကျုပ် ချိန်းထားတာလေး ရှိလို့ဗျာ၊ အေးအေးဆေးဆေး ဆက်သောက်နှင့်ကြ၊ ခွင့်ပြုပါဦး"

လူကြီးက ပြေရာပြေကြောင်း နှုတ်ဆက်ရင်း ဘားထိုင်ခုံမှ ထသည်။ ထိုသို့ ထလိုက်သည်နှင့် ဘေးတစ်ဖက်တစ်ချက်ရှိ အိုင်းရစ် နှစ်ယောက်မှာ ဇာတ်တိုက်ထားသည့်နှယ် လူကြီး၏ ပခုံးတစ်ဖက်စီအား လက်ဖြင့် ခပ်ကြမ်းကြမ်း ပြန်ဖိချလိုက်၏။

လူကြီး၏ မျက်လုံးထဲဝယ် ဒေါသမီးတစ်ချက် ပွင့်သွားသော်လည်း ချက်ချင်း ဆိုသလို ပြန်လည် ပျောက်ကွယ်သွားသည်။

"ဒီမယ်… အဘိုးကြီး၊ မင်းစော်ကို ငါတို့နဲ့ ထားခဲ့မလို့လား"

အိုင်းရစ်ကောင်က သူမကို ကြည့်ရင်း လျှာဖြင့် မဖွယ်မရာ လုပ်ပြလိုက်သေးသည်။ လူကြီးက အတန်ကြာမျှ ခပ်မဆိတ် ထိုင်နေ၏။ ထို့နောက် အပေါ်ဂျက်ကက်အင်္ကျီထဲ လက်နှိုက်လိုက်ရာ အိုင်းရစ်နှစ်ကောင်က လူကြီး၏ လက်ကို အလန့်တကြား ထဆွဲသည်။ သို့သော်


mgyoe.com

လူကြီး ဖြည်းညင်းစွာ ဆွဲထုတ်လိုက်သည်မှာ လက်ကိုင်ဖုန်းတစ်လုံး ဖြစ်ပြီး ငမူးနှစ်ကောင်ကိုလည်း စပိန်လို လှမ်းပြောလိုက်သေး၏။ သို့သော် အနီး သူကောင်းသား နှစ်ကောင်မှာ ကြောင်တောင်တောင် ပြန်ကြည့်နေသဖြင့် လူကြီးက အင်္ဂလိပ်ဘာသာဖြင့် ထပ်ပြောသည်။

"စိတ်တော့ မရှိနဲ့ဗျာ၊ အိမ်ပြန်နောက်ကျမယ့်အကြောင်း မိန်းမကို သတင်းပို့လိုက်ဦးမယ်၊ ကြည့်ရတာ ဒီမှာ ဆက်ထိုင်ရဦးမယ့်သဘောပဲ"

"အဲသလို လိမ္မာစမ်းပါ ဘဲကြီးရာ"

လူကောင် ပိုထွားသည့် တစ်ယောက်က သူ့ဘီယာခွက်ကို အပြတ်ရှင်းလိုက်ပြီး ဘားကောင်တာပေါ် ဆောင့်ချလိုက်၏။

"နောက်တစ်ခွက်ဟေ့"

စားပွဲထိုးမလေး တစ်ဖက်သို့ လှည့်ပြီး ဘီယာဖြည့်နေစဉ်ဝယ် လူကြီးမှာလည်း ဖုန်းနံပါတ် အချို့ကို နှိပ်နေကြောင်း မှန်ထဲမှတစ်ဆင့် မြင်နေရသည်။ ထို့နောက် လူကြီးသည် ဖုန်းကို နားအနီးသို့ ကပ်လိုက်ကာ စပိန်ဘာသာဖြင့် ခပ်မြန်မြန် ပြောနေ၏။

"မော်လီမလုန်းဘားကနေ ဆက်နေတာပါ"

လူကြီးက သူ့ရှေ့ရှိ ဖန်ခွက်အောက်ခံပြားမှ ဘားနာမည်နှင့် လိပ်စာကို တစ်ဖက်သို့ ဖတ်ပြသည်။

"အမှတ်ရှစ်၊ အယ်စတရောင်ညားလမ်း"

ခေတ္တမျှ စောင့်နေပြီး လူကြီးက ဆက်ပြောသည်။

"အရေးပေါ် အကူအညီ လိုနေပါတယ်၊ ဒဏ်ရာရထားတဲ့သူ နှစ်ယောက် ရှိနေပါတယ် ခင်ဗျ"

ထို့နောက် လူကြီးက ဖုန်းချလိုက်၏။

"ဒဏ်ရာရထားတဲ့သူ နှစ်ယောက် ရှိနေတယ်..."

စားပွဲထိုးမလေး၏ ရင်ခုန်သံတို့ မြန်လာသည်။

အခြေအနေကို ရှင်းရှင်းလင်းလင်း မသုံးသပ်နိုင်သေးခင်မှာပင် လှုပ်ရှားမှုတို့က ရုတ်တရက် ပေါ်ပေါက်လာသည်။ လူကြီးမှာ ဘယ်ဘက်သို့ ဆတ်ခနဲ လှည့်ပြီး လူကောင်ပိုထွားသော အိုင်းရစ်၏ နှာခေါင်းကို တံတောင်ဖြင့် ခပ်ပြင်းပြင်း ရိုက်ချလိုက်၏။ စိတ်မချမ်းမြေ့ဖွယ် အရိုးကျိုးသံနှင့်အတူ အိုင်းရစ်ငမူး၏ မျက်နှာတစ်ခုလုံး သွေးများ ရဲပတောင်းခတ်ကာ လဲကျသွားသည်။ ဒုတိယလူ ကြောင်အမ်းအမ်း ဖြစ်နေချိန်ဝယ် လူကြီးက ဘယ်ဘက်သို့ ချာခနဲ လှည့်လိုက်ပြီး လည်မျိုကို တံတောင်ဖြင့် အားကုန် တွယ်လိုက်ပြန်သည်။ အနီး အိုင်းရစ်ငမူးလည်း နောက်သို့ လန်ကျသွား၏။

ဘားကြမ်းပြင်ပေါ်ရှိ လူနှစ်ဦးကို စားပွဲထိုးမလေးက အလန့်တကြား ကြည့်နေမိသည်။ တစ်ဦးက နာကျင်စွာ လူးလိမ့်အော်ဟစ်နေပြီး ကျန်တစ်ဦးမှာလည်း လည်ချောင်းကို လက်ဖြင့်


mgyoe.com

mgyoe.com SAMPLE BOOK

ဖိကာ ပင်ပန်းကြီးစွာဖြင့် အသက်ရှူနေရသည်။

လူကြီးက ဖြည်းဖြည်းချင်း ထရပ်သည်။ ထို့နောက် ပိုက်ဆံအိတ်ထဲမှ ယူရိုတစ်ရာတန် တစ်ရွက်ကို တည်ငြိမ်စွာ ထုတ်ယူပြီး ဘားကောင်တာပေါ် တင်လိုက်၏။

"တောင်းပန်ပါတယ်ဗျာ"

လူကြီးက စပိန်ဘာသာဖြင့် သူမကို လှမ်းပြောသည်။

"ရဲတွေ ခဏနေရင် ရောက်လာပါလိမ့်မယ်"

ထို့နောက် ဘားထဲမှ ထွက်သွားလေသည်။

ဗိုလ်ချုပ်ကြီး အဗီးလားသည် ညလေအေးတို့ကို ရှိုက်သွင်းရင်း အယ်လာမေးဒါး မက်ဇာရေဒို လမ်းအတိုင်း မြစ်ဆီသို့ ဦးတည် လျှောက်လာခဲ့၏။ ရဲကားဥသြသံတို့ နီးကပ်လာချိန်ဝယ် အဗီးလားက မှောင်ရိပ်ထဲ၌ အသာခိုနေလိုက်သည်။ အထူးအရေးကြီးသည့် ပြုဖွယ်အမှု ရှိသေးသည် မဟုတ်ပါလော။ ယနေ့ညအဖို့ ဇယား ထပ်အရှုပ်မခံနိုင်တော့ချေ။

ရီးဂျင့်က ယနေ့ည လုပ်ငန်းစဉ်ကို ရှင်းလင်းစွာ ညွှန်ကြားထားပြီးသားပင်။

ရီးဂျင့်ထံမှ အမိန့်တို့ကို နာခံရာတွင် အဗီးလားအဖို့ အထူးတလည် ဆုံးဖြတ်ချက် ချစရာ မလို၊ ဖြစ်ပျက်လာသမျှကို တာဝန်ယူစရာ မလို။ ခိုင်းသည့်အတိုင်း လုပ်ရုံသာ ဖြစ်သည်။ အမိန့်ပေး ညွှန်ကြားရသည့် လုပ်ငန်းသဘောသဘာဝနှင့် တစ်သက်တာ လုံးပန်း ခဲ့ရသူအဖို့ ယခု အနေအထားမှာ ကျေနပ်စရာ။ အခြားသူ ပဲ့ကိုင်သော သင်္ဘောပေါ်တွင် သက်သောင့်သက်သာ လိုက်ပါလာရုံသာ။

*ဒီစစ်ပွဲမှာတော့ ကျုပ်က ခြေလျင်တပ်သားပေ့ါ။*

လွန်ခဲ့သော ရက်အနည်းငယ်က ရီးဂျင့်သည် အဗီးလားကို လျှို့ဝှက်ချက် တစ်ခု ဖွင့်ပြောခဲ့၏။ အဆိုပါ လျှို့ဝှက်ချက်မှာ မထိတ်သာ မလန့်သာ ရှိလှသဖြင့် အဗီးလား ဝင်ပါရန်မှတစ်ပါး အခြား မရှိခဲ့။ ယမန်နေ့ည အဖြစ်အပျက်က အဗီးလားအား ခြောက်လှန့် နေဆဲ ဖြစ်သည့်တိုင် အချိန်တန်လျှင် ကျေရာကျေကြောင်း ဖြစ်သွားမည်ကို အတပ်သိနေ၏။

*တရားနည်းလမ်းတကျ ဆိုတာ ပုံစံအမျိုးမျိုး ရှိတာပဲလေ။*

*အင်း… ဒီညလည်း သေကြ ကျေကြဦးမှာ။*

မြစ်ကမ်းပါးပေါ်ရှိ မြေကွက်လပ်ကျယ်ဆီသို့ အဗီးလား ရောက်လာချေပြီ။ သူ့ရှေ့ရှိ ဧရာမ အဆောက်အအုံကြီးကို လှမ်းမျှော်ကြည့်လိုက်၏။

သတ္တုတို့ဖြင့် လွှမ်းခြုံ ဆောက်လုပ်ထားသော မအပ်မရာ အဆောက်အအုံကြီးမှာ နှစ်ပေါင်း နှစ်ထောင်ကျော်ကြာ ဆင့်ကဲတိုးတက်လာသည့် ဗိသုကာပညာကို အိုးမဲသုတ်လိုက် သယောင်။


mgyoe.com

mgyoe.com

*ဒါကြီးကို ပြတိုက်လို့ ခေါ်ကြသတဲ့၊ ကျုပ်ကတော့ ခွတီးခွကျနဲ့ ကျက်သရေမရှိတဲ့ 'ခွတိုက်' လို့ပဲ ခေါ်ချင်ရဲ့။*

အဖိုးလားသည် အာရုံတို့ကို စုစည်းလိုက်ပြီး မြေကွက်လပ်ကို ကျော်ဖြတ်ကာ ဘီလ်ဘာအို ဂူဂန်ဟိုင်ပြတိုက်ကြီးဆီသို့ လှမ်းလာချေပြီ။ ပြတိုက် အပြင်ဘက်ရှိ ထူးထူးခြားခြား ရုပ်တုတို့ကို ကွင်းကာ ကွက်ကာ ဖြတ်သန်းခဲ့ရသေး၏။

ပြတိုက်အနီးသို့ ရောက်လာချိန်ဝယ် ဒါဇင်ပေါင်းများစွာသော ဧည့်ပရိသတ်တို့ကိုလည်း လှမ်းမြင်နေရသည်။ အားလုံးမှာ ရှင်ဘုရင်ပုဆိုး ပိုးချည်း ဟူသည့် အဖြူနှင့် အနက် ဝတ်စုံတို့ကို တွဲဖက် ဝတ်ဆင်ထားကြလေသည်။

*ဘုရား တရား မသိတဲ့ဟာတွေတော့ ပေါင်းမိကြပြီ။*

*ဒါပေမဲ့ ဒီည သူတို့ ထင်တဲ့အတိုင်း ဖြစ်လာမှာ မဟုတ်ဘူး။*

ဗိုလ်ချုပ်ကြီး အဖိုးလားက ခေါင်းပေါ်ရှိ ဦးထုပ်ကို တည့်မတ်နေအောင်၊ အပေါ်ဂျက်ကက်အင်္ကျီကို စန့်စန့်ရန့်ရန့် ရှိနေအောင် ပြင်ဆင်လိုက်သည်။ ရှေ့တွင် ဆီးကြိုနေသည့် လုပ်ငန်းတာဝန်အတွက် သူ့စိတ်တို့ကို မောင်းတင်လိုက်ခြင်းပင်။ ယနေ့ညသည် ပို၍ ကြီးကျယ်မြင့်မြတ်သော ရည်မှန်းချက် ပန်းတိုင်၏ တစ်စိတ်တစ်ပိုင်း ဖြစ်ပေသည်။ *သမ္မာဒိဋ္ဌိ တရားနည်းလမ်းတကျ တိုက်ပွဲဝင်ရတော့မည်။*

ပြတိုက် ဝင်ပေါက်ဆီသို့ တစ်လှမ်းချင်း လှမ်းနေသော အဖိုးလားသည် အိတ်ကပ်ထဲရှိ ပုတီးလေးကို အသာအယာ တို့ထိလိုက်၏။


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၃)

ပြတိုက် အတွင်းပိုင်းသည် ခေတ်ရှေ့ ပြေးလှသော ကက်သီဒြယ် ဘုရားရှိခိုးကျောင်းကြီးနှယ် အသွင်တူလှ၏။

ပြတိုက်အတွင်းသို့ ခြေချလိုက်ပြီ ဆိုသည်နှင့် လန်ဒင်၏ အကြည့်တို့မှာ အဖြူရောင် မီးမောင်းများ ဖွေးနေအောင် ထိုးထားသော မျက်နှာကြက် အခေါင်ထိပ်ဖျားသို့ ရောက်ရှိသွားပေသည်။ အဖြူရောင် ဧရာမ တိုင်လုံးကြီးများနှင့် ဖန်သားကန့်လန့်ကာများက ပေနှစ်ရာခန့် အမြင့်ရှိမည့် မျက်နှာကြက်ဆီ တက်သွားကြ၏။ အပေါ်တွင် လသာဆောင်များ၊ လျှောက်လမ်းများလည်း ကန့်လန့်ဖြတ် ရှိနေသေးပြီး အထက်ပြခန်းများအတွင်း ဝင်ထွက်သွားလာနေသူ၊ ပြတင်းအနီး ရပ်ပြီး အောက်ဘက်ရှိ ရေပြင်ကျယ်အား စုတ်တသပ်သပ် ကြည့်ရှုနေသူ ဧည့်သည်တော်များကိုလည်း တွေ့မြင်နေရသည်။ အားလုံးမှာ အဖြူနှင့် အနက်ကို တွဲဖက် ဆင်မြန်းထားကြ၏။

အနီးရှိ မှန်သားဓာတ်လှေကားကြီးမှာလည်း အောက်ဘက်သို့ တစ်ဖန် ပြန်ဆင်းလာပြီး လူအုပ်ကို ထပ်မံ သယ်ဆောင်ရန် စိုင်းပြင်းနေလေသည်။

ဤပြတိုက်ကြီးမှာ လန်ဒင် မြင်ဖူးသော အခြား ပြတိုက်များနှင့် လုံး၀ ကွဲပြားပြီး အသံပိုင်းဆိုင်ရာ အနေအထားကအစ ကွာချင်တိုင်း ကွာနေတော့၏။ အသံရိုက်ခတ်မှု နည်းစေရန် စီမံ ပြုလုပ်ထားသည့် ပုံမှန် ပြတိုက်တို့တွင် ခံစားရမြဲ ဖြစ်သော ဆိတ်ညံမှုအစား ကျောက်နှင့် မှန်သားတို့မှ ပဲ့တင်ရိုက် ထွက်ရှိလာသည့် တိုးလျှလျှ အသံလှိုင်းတို့ကြောင့် ဤနေရာကြီးမှာ အသက်ဝင်နေလေသည်။

လှေကားအနောက်ဘက်မှ သတင်းပေးပို့လျက် ရှိသော အာရုံခံစားမှု တစ်ခုတည်းကသာ လန်ဒင်နှင့် ရင်းရင်းနှီးနှီး ရှိနေ၏။ ပြတိုက်ထဲရှိ လေထုမှာ တစ်ကမ္ဘာလုံးတွင် အတူတူချည်းသာ ဖြစ်ပြီး ဓာတ်တိုးပစ္စည်းများနှင့် အခြားသော အမှုန်အမွှားများကို စနစ်တကျ စစ်ထုတ်ထားသည့် လေထုအဖြစ် ဖန်တီးထား၏။ ထိုသို့ စစ်ထုတ်ပြီးသည်နှင့် တစ်ပြိုင်နက် သတ္တုအိုင်းယွန်းများ ပါသော ရေနှင့် တစ်ဖန် စိုစွတ်စေကာ လေထုစိုထိုင်းဆကို လေးဆယ့်ငါး ရာခိုင်နှုန်း၌ ထိန်းထားလိုက်တော့သည်။

လုံခြုံရေး စစ်ဆေးမှုများမှာ အထူး တင်းကျပ်လှသဖြင့် လန်ဒင် အံ့အားသင့်နေသည်။



mgyoe.com

လက်နက်ကိုင် အစောင့်တို့ကိုလည်း မြင်ရ၏။ စစ်ဆေးသည့် နေရာ အဆင့်ဆင့်ကို ကျော်ဖြတ်ခဲ့ပြီး နောက်ဆုံးတွင် ဧည့်ကြိုစားပွဲတစ်လုံးရှေ့သို့ လန်ဒင် ရောက်လာရပြန်သည်။ ခပ်ငယ်ငယ်အမျိုးသမီးတစ်ဦးက နားကြပ်များကို ကမ်းပေးနေသည်။

"အော်ဒီယောဂိုက်ယာ"

လန်ဒင်က ပြုံးပြသည်။

"မယူတော့ပါဘူးဗျ၊ ကျေးဇူးပဲ"

သို့သော် အမျိုးသမီးက လန်ဒင်ကို လက်ကာပြပြီး အချိုးအစား ကျနလှသော အင်္ဂလိပ်စကားဖြင့် ထပ်ပြောပြန်သည်။

"စိတ်တော့ မရှိပါနဲ့ ဆရာ၊ ဒီည ကျွန်မတို့ရဲ့ အိမ်ကြီးရှင် မစ္စတာ အက်ဒ်မန်ခါးရှ်က ညွှန်ကြားထားတာလေး တစ်ခု ရှိပါတယ်၊ ရောက်လာတဲ့ ဧည့်သည်တော်တိုင်း နားကြပ်တစ်ခုစီ တပ်ထားရမယ် ဆိုတာပါပဲ၊ ဒီည အစီအစဉ်ရဲ့ တစ်စိတ်တစ်ပိုင်းပေါ့ ဆရာ"

"ဟုတ်ပါပြီဗျာ၊ ဒါဆိုလည်း တပ်ပါ့မယ်"

လန်ဒင်က နားကြပ်တစ်ခုကို လှမ်းယူရန် ဟန်ပြင်လိုက်သော်လည်း အမျိုးသမီးက လက်ကာပြပြီး လန်ဒင်၏ အမည်ပါ ရင်ထိုးတံဆိပ်ကို တစ်ချက် လှမ်းကြည့်သည်။ ထို့နောက် ရှည်လျားလှသော ဧည့်သည်တော် စာရင်းတွင် လန်ဒင်၏ အမည်ကို ရှာဖွေပြီး အမှတ်စဉ်ကိုက်ညီသည့် နားကြပ်တစ်ခုကို လန်ဒင့်လက်ထဲသို့ ထည့်ပေးလိုက်သည်။

"ဒီလိုပါရှင့်၊ ဒီည အစီအစဉ်တွေက ဧည့်သည်တော် တစ်ဦးချင်းစီအတွက် အထူးစီမံပေးထားလို့ပါ"

*'တယ်ဟုတ်ပါလား'* လန်ဒင်က ဘေးဘီကို ကြည့်ရင်း တွေးသည်။ *ဧည့်သည်တွေ ရာနဲ့ချီနေတာကိုး။*

လန်ဒင်က နားကြပ်ကို လှမ်းကြည့်သည်။ နားကြပ်မှာ အထူးအထွေ မဟုတ်။ ဘေးအစွန် နှစ်ဖက်တွင် အသေးစား အပြားနှစ်ခု ပါသည့် သတ္တုကိုင်း ကွေးကွေးလေးမျှသာ။ နားဝေတိမ်တောင် ဖြစ်နေသည့် ပုံစံကို အကဲဖမ်းမိ၍ ထင့်၊ အမျိုးသမီးက လန်ဒင့်အနီး တိုးလာသည်။

"ဒါလေးတွေက နည်းနည်းတော့ အဆန်းဖြစ်နေလိမ့်ဦးမယ်"

အမျိုးသမီးက လန်ဒင်ကို ကူပြီး နားကြပ်တပ်ပေးသည်။

"ဒီအပြားလေးတွေကို နားထဲထိ မထည့်ဘူးလေ၊ မျက်နှာပေါ်မှာပဲ အသာလေး ထားမှာ"

သူငယ်မက သတ္တုကိုင်းကွေးလေးကို လန်ဒင်၏ ခေါင်းအနောက်ဘက်တွင် တပ်ပေးပြီး အပြားလေး နှစ်ခုကိုလည်း နေရာချပေးလိုက်သည်။ ယခုအခါတွင် အပြားလေး နှစ်ခုမှာ လန်ဒင်၏ မေးရိုးနှင့် နားထင် အကြားဝယ် အခံ့သား ရှိနေချေပြီ။ မျက်နှာပေါ်တွင် အသာအယာ


mgyoe.com

mgyoe.com SAMPLE BOOK

ကပ်နေခြင်းပင်။

"ဒါပေမဲ့ ဘယ်လို..."

"အရိုးတွေကို ဖြတ်ပြီး အသံစီးဆင်းတဲ့ နည်းပညာပေါ့၊ မေးရိုးကို ဖြတ်ပြီး နားအတွင်း ထဲထိ အသံကို တိုက်ရိုက်ပို့ပေးတာ၊ ကျွန်မ စမ်းကြည့်ပြီးပြီ၊ တော်တော်လေးကို မိုက်တယ် ဆရာ၊ ဘယ်လို ပြောရမလဲ၊ ဆရာ့ခေါင်းထဲကနေ ပေါ်လာတဲ့ အသံလိုမျိုးပဲ၊ ပိုကောင်းတာက တခြား သူတွေနဲ့ စကားစမြည် ပြောဖို့လည်း အနှောင့်အယှက် မဖြစ်တော့ဘူးလေ၊ သူက ဆရာ့နားရွက်တွေကို သုံးမှ သုံးမထားတာ"

"တော်ပါပေ့ဗျာ"

"ဒီနည်းပညာကို မစ္စတာခါးရှ် ထွင်ထားတာ ဆယ်နှစ်မကတော့ဘူး၊ အခုဆို ဒါမျိုး နားကြပ်တွေကို တံဆိပ်အမျိုးမျိုးနဲ့ ဝယ်လို့ ရနေပြီ ဆရာရေ"

*ဘီသိုဗင်ကိုလည်း ဝေစုလေး ဘာလေး ခွဲပေးလိုက်ပါဦး။* ၁၈ ရာစုက ပေါ်ထွန်း ခဲ့သော ဤဂီတကဝေသည် သောတအာရုံ ချို့ယွင်းရာသဖြင့် စန္ဒရားတွင် သတ္တုချောင်း တစ်ချောင်းကို တပ်ပြီး စန္ဒရား တီးသည့်အခါ ထိုသတ္တုချောင်းကို ပါးစပ်တွင် ကိုက်ထား၏။ ထိုအခါ အသံတုန်ခါမှုသည် မေးရိုးမှတစ်ဆင့် နားထဲသို့ ရောက်ရှိပြီး သူ တီးခတ်လိုက်သော ဂီတသံတို့ကို ကြားနိုင်စွမ်း ရှိလာစေ၏။ သို့ဖြစ်၍ အရိုးများကို ဖြတ်ပြီး အသံစီးဆင်းသည့် နည်းပညာကို မူလဘူတ တီထွင်သူမှာ လဒ်ဝစ်ဗန်ဘီသိုဗင်ပင် ဖြစ်ချေသည်။

"ဆရာ သဘောကျမှာပါ"

အမျိုးသမီးငယ်က ဆက်ပြောသည်။

"ပွဲမစခင် တစ်နာရီလောက် အချိန်ရသေးတယ် ဆရာ၊ ပြတိုက်ထဲမှာ ဟိုဟိုဒီဒီ လျှောက်ကြည့်လိုက်ပါဦး၊ အပေါ်တက်ဖို့ အချိန်ကျလာရင် နားကြပ်က သတိပေးပါလိမ့်မယ်"

"ကျေးဇူးပါဗျား၊ ဒါ့ထက် ခလုတ်တစ်ခုခုများ နှိပ်ဖို့..."

"မလိုဘူး ဆရာ၊ ဘာမှ နှိပ်ဖို့ မလိုဘူး၊ အော်တို အလုပ်လုပ်မှာ၊ ဆရာ စလှုပ်ရှားပြီ ဆိုတာနဲ့ သူလည်း အလုပ် စလုပ်ပြီ"

"ဟုတ်ပါပြီလေ"

လန်ဒင်က အပြုံးဖြင့် တုံ့ပြန်သည်။ ထို့နောက် လန်ဒင်သည် ခန်းမကျယ်ကို ဖြတ်ပြီး ဓာတ်လှေကားဆီ လှမ်း၏။ သူ့လိုပင် နားကြပ်ကလေးများ ကိုယ်စီ တပ်ထားသော အခြား ဧည့်သည်များလည်း ဓာတ်လှေကား အနီး၌ တန်းစီ စောင့်ဆိုင်းနေကြ၏။ ခန်းမအလယ် မရောက်တရောက်မှာပင် အမျိုးသားတစ်ဦး၏ အသံကို လန်ဒင် ကြားလိုက်ရသည်။ သူ့ခေါင်းထဲ၌ ရုတ်တရက် ထွက်ပေါ်လာသော အသံပင်။

"မင်္ဂလာ ညနေခင်းပါ ခင်ဗျာ၊ ဘီလ်ဘာအို ဂူဂန်ဟိုင်း ပြတိုက်ကြီးက ကြိုဆို ပါတယ်"


mgyoe.com

mgyoe.com

နားကြပ်ထဲမှ ထွက်လာသော အသံ ဖြစ်ကြောင်း သိနေသည့်တိုင် လန်ဒင်က ဆတ်ခနဲ ရပ်ပြီး အနောက်ကို သမင်လည်ပြန် ကြည့်မိသေး၏။ အမျိုးသမီးငယ် ရှင်းပြသည့်အတိုင်း အတိအကျပင် အသံမှာ ခေါင်းထဲမှ ထွက်ပေါ်လာသည့်နှယ်။

''နွေးနွေးထွေးထွေးနဲ့ကို ကြိုဆိုပါတယ် ပါမောက္ခလန်ဒင် ခင်ဗျား''

အသံက ခပ်မြှုးမြှုး၊ ဗြိတိသျှသံ ပီပီသသ။

''ကျွန်တော့်နာမည်က ဝင်စတန်ပါ၊ ဒီညနေခင်းလေးမှာ ဆရာနဲ့ အတူရှိနေမယ့် နတ်လမ်းညွှန်ပေါ့ ခင်ဗျာ''

*ဘယ်သူ့အသံနဲ့များ သွင်းထားပါလိမ့်၊ ဟုချ်ဂရန့်ကြီးများလား။*

''ဒီည ပြတိုက်ထဲက ဆရာ သွားချင်တဲ့ နေရာကိုသာ သွားပါ၊ ဆရာ ကြည့်နေတာ မှန်သမျှကို ကျွန်တော် ရှင်းပြပေးပါ့မယ်''

ရွှင်ပျပျ နောက်ခံစကားပြော၊ ဧည့်သည် တစ်ဦးချင်းစီအတွက် ကြိုတင် စီမံထားသော အသံဖိုင်၊ အရိုးများမှတစ်ဆင့် အသံစီးဆင်းသော နည်းပညာတို့အပြင် ဤနားကြပ်တွင် တည်နေရာပြစနစ် (ဂျီပီအက်စ်) ကိုလည်း ထည့်သွင်းထားဟန် တူသည်။ ဤနည်းအားဖြင့် ဧည့်သည် ရောက်နေသည့် နေရာကို အတိအကျ သိရှိကာ သင့်တော်မည့် အသံဖိုင်ကို ဖွင့်ပြပေးနိုင်ပေမည်။

''ဆရာက အနုပညာပိုင်းဆိုင်ရာ ပါမောက္ခ ဆိုတော့ ကျွန်တော်တို့အတွက် ပိုထူးခြားတဲ့ ဧည့်သည်တော်ပေါ့လေ၊ ပြီးတော့ ကျွန်တော်လည်း အထူးတလည် ရှင်းပြစရာ သိပ်လိုမယ် မထင်ပါဘူး၊ ပိုဆိုးတာက တချို့ လက်ရာတွေနဲ့ ပတ်သက်ပြီး ဆရာနဲ့ ကျွန်တော် ရန်ဖြစ်ရင် ဖြစ်နေကြဦးမှာ''

အသံက ခပ်ထောင့်ထောင့်ဖြင့် တဟဲဟဲ ရယ်သည်။

*တတ်လည်း တတ်နိုင်ပါပေ့၊ ဒီစကားလုံးတွေကို ဘယ်သူတွေကများ ရေးပေးထားပါလိမ့်။*

နှစ်လိုဖွယ် စကားပြော အသံဖိုင်ကို ဧည့်သည် တစ်ဦးချင်းစီအတွက် အကွက်ကျကျ ဖန်တီး စီမံထားပုံတို့မှာ နေရာကျလှသော်လည်း ရာပေါင်းများစွာသော နားကြပ်အားလုံး အတွက် မည်မျှ အားစိုက်ထုတ်ခဲ့ရမည်နည်း ဟူသည့် အချက်ကို လန်ဒင် မတွေးတတ်အောင် ရှိနေ၏။

အသံတိတ်သွားချေပြီ။

ကြိုတင် အသံသွင်းထားသည့် နှုတ်ခွန်းဆက်စကားကို ကရားရေလွှတ် ပြောလိုက်ရသဖြင့် မောသွားပုံရ၏။ လန်ဒင်က ခန်းမထဲ ဟိုသည် ဝေ့ကြည့်ရာ လူအုပ်အပေါ်တွင် ချိတ်ဆွဲထားသော အနီရောင် ဧရာမ နဖူးစီးကြီး တစ်ခုကို မြင်ရပြန်သည်။


mgyoe.com

mgyoe.com
SAMPLE BOOK


*'အက်ဒ်မန်ခါး၍*
*ရှေ့သို့ လှမ်းချီမည့် ည'*

*အက်ဒ်မန်က ဘာများ ကြေညာမှာပါလိမ့်။*

လန်ဒင်က ဓာတ်လှေကားဆီ တစ်ချက် ဝေ့ကြည့်သည်။ ကမ္ဘာကျော် အင်တာနက်ကုမ္ပဏီ တည်ထောင်သူ နှစ်ဦး၊ နာမည်ကြီး အိန္ဒိယမင်းသားတစ်ဦး အပါအဝင် ဝတ်ကောင်းစားလှများ ဆင်မြန်းထားသည့် အရေးကြီးပုဂ္ဂိုလ် အများအပြားကို တွေ့ရ၏။ ထိုသူများကို လန်ဒင် မသိ။ သို့သော် နာမည်ကြီးများ ဖြစ်ကြမည်ဟု ရိပ်စားမိသည်။ ကြိုကြိုတင်တင် ပြင်ဆင်လာခြင်း မရှိသဖြင့် ဆိုရှယ်မီဒီယာအကြောင်းရော ဘောလိဝုဒ်အကြောင်းကိုပါ အာလာပသလ္လာပ မပြောလိုသည့် လန်ဒင်မှာ ဆန့်ကျင်ဘက် လားရာသို့ လျှောက်လာခဲ့၏။

ခပ်လှမ်းလှမ်းရှိ နံရံအနီး လှမ်းမြင်နေရသည့် မော်ဒန်လက်ရာ ခပ်ကြီးကြီး တစ်ခုဆီသို့ လန်ဒင် ရောက်လာသည်။

ခပ်မှောင်မှောင် လိုဏ်ထဲတွင် ရှိနေသည့် အနှီ လက်ရာမှာ အပေါ်အောက် ပြေးနေသော စက်ခါးပတ်ကြိုး အသေးစား ကိုးခု ဖြစ်ပြီး ကြမ်းပြင်ရှိ ကွဲကြောင်းလေးများဆီမှ ထွက်လာကာ အပေါ်သို့ တက်သွား၏။ တစ်ဖန် မျက်နှာကြက်ရှိ ကွဲကြောင်းလေးများထဲသို့ တိုးဝင် ပျောက်ကွယ်သွားပြန်သည်။ ဒေါင်လိုက် တည်ရှိနေသည့် ရွေ့လျား လျှောက်လမ်းလေးများသဖွယ်ပင်။ ခါးပတ်ကြိုး တစ်ခုချင်းစီတွင် အရောင်တောက်နေသော စာလုံးလေးများကို တွေ့မြင်နိုင်ပြီး အထက်သို့ ရွေ့လျားနေကြသည်။



I pray aloud ....... I smell you on my skin ....... I say your name.

ရွေ့လျားနေသည့် ကြိုးများမှာ စင်စစ် မလှုပ်မယှက် ရှိနေကြကြောင်းကို အနီးကပ်ကြည့်မှ လန်ဒင် သိတော့သည်။ ဒေါင်လိုက်ကြိုးများတွင် တပ်ဆင်ထားသည့် LED မီးလေး


mgyoe.com

mgyoe.com SAMPLE BOOK

များကြောင့် ရွှေ့နေသယောင် ထင်ရခြင်းပင်။ မီးလေးများမှာ အလျှင်အမြန် ဆိုသလို တန်းစီပြီး လင်းလိုက် မှိန်လိုက် ဖြစ်နေရာ ကြမ်းပြင်မှ ထွက်ပေါ်လာပြီး အပေါ်မျက်နှာကြက်ဆီသို့ ပြေးတက်သွားဟန် အမြင် လှည့်စားခံလိုက်ရသည့် သဘောပင်။

I'm crying hard ... There was blood ... No one told me.

လန်ဒင်က နေရာရွှေ့ပြီး စာသား ကိုးခုလုံးကို လိုက်ဖတ်သည်။

"ဒီဟာလေးကလည်း အတော် ကြိတ်ကြိတ်ခဲခဲ ဖြစ်လိုက်သေးရဲ့"

လမ်းညွှန်သံက ရုတ်တရက် ပေါ်လာပြန်သည်။

"သူ့နာမည်က 'ဘီလ်ဘာအိုအတွက် လက်ရာမွန်' တဲ့ ခင်ဗျ၊ ဖန်တီးတဲ့သူကတော့ အယူအဆပဓာန အနုပညာရှင် ဂျင်းနီဟိုလ်ဇာပေါ့၊ သူ့မှာ LED ဆိုင်းဘုတ် ကိုးခု ပါတယ်၊ တစ်ခုချင်းစီက ပေလေးဆယ် မြင့်ပြီးတော့ စာတိုလေးတွေကို ဘတ်စကေ၊ စပိန်၊ အင်္ဂလိပ် ဆိုတဲ့ ဘာသာသုံးမျိုးနဲ့ ရေးထားလေရဲ့၊ အေအိုင်ဒီအက်စ်ရောဂါ ကြောက်ဖို့ ကောင်းတဲ့ အကြောင်း၊ ထားရစ်ခံခဲ့ရသူတွေ နာကျင်ခံစားရတဲ့ အကြောင်းတွေကို ရေးထားတာဆိုပါတော့"

ဤလက်ရာမှာ စိတ်နှလုံးကို ထိစေကြောင်း လန်ဒင် ဝန်ခံရပေမည်။

"ဂျင်းနီဟိုလ်ဇာရဲ့ လက်ရာတွေကို ဆရာ အရင်က မြင်ဖူးမှာပေါ့"

အပေါ်သို့ တက်တက်သွားသော စာတန်းများကို ကြည့်နေရင်း လန်ဒင် ငိုက်ခနဲ ဖြစ်ချင်လာသည်။

I bury my head ... I bury your head ... I bury you.

"မစ္စတာ လန်ဒင်"

သူ့ခေါင်းထဲမှ အသံက ပဲ့တင်ထပ်နေ၏။

"ကျွန်တော် ပြောတာ ကြားရလား ခင်ဗျ၊ နားကြပ်ရော အလုပ်လုပ်သေးရဲ့လား"

လန်ဒင်တစ်ယောက် အတွေးနွံထဲမှ ပြန်လည် ထွက်ပေါ်လာ၏။

"ဆော... ဆောရီးဗျာ၊ ဘာရယ်... ဟယ်လို"

"ဟုတ်ကဲ့၊ ပြောပါ ဆရာ"

အသံက ခွန်းတုံ့သည်။

"ကျွန်တော်တို့ ခုနင်က မိတ်ဆက်စကား ပြောပြီးပြီနော် ဆရာ၊ ဟုတ်တယ် မဟုတ်လား၊ ကျွန်တော် ပြောတာ ဆရာ မကြားရတော့ဘူး ထင်လို့ မေးကြည့်တာပါ"

"ဟို... ဟို... ဆောရီး"

လန်ဒင်က ထစ်ထစ်အအဖြင့် ပြန်ပြောရင်း ခန်းမကျယ်ထဲသို့ ကျိုးကန်းတောင်းမှောက် ကြည့်သည်။

"ခင်ဗျားကို အသံသွင်းတိပ်ခွေ မှတ်နေတာဗျ၊ လူအစစ်နဲ့ တိုက်ရိုက် ပြောနေရတယ်လို့ မထင်မိဘူး"


mgyoe.com

mgyoe.com SAMPLE BOOK

နားကြပ်ကိုယ်စီတပ်ရင်း ပြတိုက်လမ်းညွှန်များရှေ့ ချထားသော ပြတိုက်မှူး တပ်မတော်ကြီးတစ်ခု လန်ဒင့်မျက်စိထဲ ပေါ်လာသည်။

"ရပါတယ် ဆရာ၊ ဒီညအတွက်တော့ ကျွန်တော်က ဆရာ့အတွက် နတ်လမ်းညွှန်ပေါ့၊ ဆရာ့ နားကြပ်မှာက မိုက်ခရိုဖုန်းပါ ပါတယ်လေ၊ ဆိုတော့ အနုပညာလက်ရာတွေအကြောင်းကို ကျွန်တော်တို့ နှစ်ယောက် တိုက်ရိုက် ဆွေးနွေးလို့ ရတာပေါ့"

အခြား ဧည့်သည်တော်များသည်လည်း နားကြပ်ကိုယ်စီဖြင့် စကားပြောနေကြကြောင်း ယခုမှ လန်ဒင် သတိပြုမိ၏။ စုံတွဲများပင်လျှင် အနည်းငယ် ခပ်ခွာခွာ ဖြစ်နေကြပြီး ကိုယ်ပိုင်ပြတိုက်လမ်းညွှန်တို့နှင့် စကားလက်ဆုံကျနေဟန် ရှိပေသည်။

"ဒါဖြင့်ရင် ဧည့်သည်တိုင်းမှာ ကိုယ်ပိုင်လမ်းညွှန် တစ်ယောက်စီ ရှိတယ် ဆိုပါတော့"

"ဟုတ်ပါတယ် ဆရာ၊ ကနေ့ညမှာ ဧည့်သည်ပေါင်း သုံးရာ့တစ်ဆယ့်ရှစ်ယောက်ကို ဝန်ဆောင်မှု ပေးနေပါတယ် ခင်ဗျ"

"ဟုတ်လှချည်လား"

"ဆရာ သိတဲ့အတိုင်း အက်ဒ်မန်ခါး၍ ဆိုတာကလည်း အနုပညာကိုရော နည်းပညာအသစ်အဆန်းတွေကိုပါ ခင်တွယ်တာကလား၊ သူကိုယ်တိုင်ကလည်း ပြတိုက်ထဲမှာ အုပ်စုလိုက်ကြီး လျှောက်သွားနေရတာကို မကြိုက်ဘူးလေ၊ ဆိုတော့ကာ အဲဒီ အုပ်စုလိုက် လေ့လာတဲ့ပုံစံ နေရာမှာ အစားထိုးဖို့ ဒီစနစ်ကို ထွင်တာ ဆရာရေ၊ ပြတိုက်တွေအတွက် သီးသန့်ပေါ့၊ ဘာတွေ ကောင်းသွားမလဲ ဆိုတော့ လူတစ်ယောက်ချင်းစီက သူ့ သဘောကျတဲ့ လက်ရာတွေကို တသီးတသန့် ကြိုက်သလို ကြည့်ခွင့်ရမယ်၊ လူအများရှေ့မှာ မေးဖို့ အဆင်မပြေတဲ့ မေးခွန်းတွေကို စိတ်ဖြောင့်ဖြောင့်နဲ့ မေးလို့ ရမယ်လေ၊ အလွန့် အလွန်ကို အသုံးဝင်ပါတယ် ဆရာ"

"ခေတ်နောက်ပြန်ဆွဲတယ်လို့တော့ မထင်နဲ့နော်၊ ဒါပေမဲ့ ဧည့်သည်တစ်ယောက်ချင်းစီရဲ့ ဘေးမှာ လမ်းညွှန်တစ်ယောက်စီ ထားရင်ရော မရဘူးလား"

"စီမံရ ခန့်ခွဲရ ခက်မယ် ဆရာ"

ဆရာသမားက ခပ်အေးအေး ပြန်ဖြေသည်။

"ပြတိုက်လာတဲ့ ဧည့်သည် အယောက်တိုင်းရဲ့ ဘေးမှာ လမ်းညွှန်တစ်ယောက်စီ ထားမယ် ဆိုရင် ဘာပွဲပဲ လုပ်လုပ် လူက နှစ်ဆ ဖြစ်သွားမယ်၊ ဆိုရင် ဧည့်သည် ဦးရေကို တစ်ဝက်လျှော့ရတော့မယ်လေ၊ မဟုတ်ဘူးလား ဆရာ၊ ပြီးတော့ တစ်ချိန်တည်းမှာ လမ်းညွှန်တွေအားလုံး ဆိုင်ရာ ဧည့်သည်တွေကို ရှင်းပြနေမယ့် အသံဗလံတွေ... ဘယ်လောက်တောင် အာရုံနောက်လိုက်မလဲ၊ မစ္စတာခါး၍ အမြဲ ပြောတတ်တဲ့ စကားတစ်ခွန်း ရှိတယ် ဆရာ၊ နှီးနှောဖလှယ်ရေးဟာ အနုပညာရဲ့ ဦးတည်ရာ ရည်ရွယ်ချက် တစ်ခုတဲ့"


mgyoe.com

mgyoe.com

''ကျွန်တော်လည်း ဒီလိုပဲ သဘောရတယ်''

လန်ဒင်က ပြန်ပြောသည်။

''ဒါကြောင့်ပဲ လူတွေ ပြတိုက်လာတဲ့အခါ အတွဲလေးတွေနဲ့ ဖြစ်ဖြစ်၊ သူငယ်ချင်း မိတ်ဆွေတွေနဲ့ပဲ ဖြစ်ဖြစ် လာကြတာပေါ့ဗျ၊ ဒီနားကြပ်ကြီးတွေနဲ့ကျတော့ တစ်မျိုး ဖြစ်နေမလား၊ အချင်းချင်း စကားမပြောရတော့ဘူးလေ''

''အင်း''

ပြတိုက်သားကြီးက လန်ဒင်၏ စောဒကကို ရှင်းပြသည်။

''ချစ်သူနဲ့၊ ဒါမှမဟုတ် သူငယ်ချင်းတွေနဲ့ အတူလာတယ် ဆိုရင် နားကြပ်တွေ အားလုံးကို လမ်းညွှန်တစ်ယောက်တည်းနဲ့ ချိတ်လို့ ရတယ်လေ၊ ဒါဆိုရင် အားလုံး ဝိုင်းပြီး ဆွေးနွေးလို့ ရသွားတာပေါ့၊ ဆော့ဖ်ဝဲလ်က အတော်လေးတော့ အဆင့်မြင့်တယ် ခင်ဗျ''

''ခင်ဗျားလည်း ဘာမေးမေး သိနေတော့တာပဲ''

''ဒါက ကျွန်တော့်အလုပ်ကိုး ခင်ဗျ''

လမ်းညွှန်က ရှက်စနိုးဖြင့် အတီးအတ ရယ်နေပြီးမှ စကားလမ်းကြောင်း လွှဲလိုက်သည်။

''ကဲ… ပါမောက္ခကြီးရေ၊ ကျွန်တော်တို့ ဟိုဘက် ပြတင်းပေါက်တွေဘက် ရွှေ့လိုက်ရအောင်၊ ဒီပြတိုက်ရဲ့ အကြီးဆုံး ပန်းချီကားကြီးဆီကိုပေါ့''

ပြတိုက်ခန်းမကို ဖြတ်ပြီး လန်ဒင် လျှောက်လာချိန်ဝယ် အသက်သုံးဆယ်ခန့် ရှိမည့် ခပ်ချောချော စုံတွဲတစ်တွဲက မျက်စိထဲ ဝင်လာသည်။ အနီ စုံတွဲမှာ အဖြူရောင် ဘေ့စ်ဘော ဦးထုပ်ကို ဆင်တူဆောင်းထား၏။ ဦးထုပ်တွင် ရိုက်ထားသော တံဆိပ်ကို ကြည့်ပြီး လန်ဒင် အံ့အားသင့်သွားရသည်။

လန်ဒင် ကောင်းကောင်းသိသော သင်္ကေတပင် ဖြစ်သော်ငြား ဦးထုပ်ပေါ်တွင်မူ မြင်ရလေ့ မရှိသည့် အမှတ်တံဆိပ် ဆိုလည်း မမှား။ အလျှင်အမြန် ကြီးထွားလာသည့်အပြင် ကမ္ဘာ့အသံဖွာလောင်ဆုံး အုပ်စုများထဲတွင် တစ်ခုအပါအဝင် ဖြစ်သော ဘာသာမဲ့များ၏


mgyoe.com

mgyoe.com SAMPLE BOOK

ကမ္ဘာလုံးဆိုင်ရာ သင်္ကေတပင် ဖြစ်၏။ ဘာသာရေး ကိုးကွယ်ယုံကြည်မှုတို့၏ အန္တရာယ် အသွယ်သွယ်ကို တစ်နေ့ထက် တစ်နေ့ အရှိန်အဟုန် တိုးပြီး အားနှင့် မာန်နှင့် လှုံ့ဆော် ပြောကြားလျက် ရှိသော ဘာသာမဲ့များ။

*ဘာသာမဲ့တွေက ကိုယ်ပိုင် ဘော့စ်ဘောဦးထုပ်တောင် ရှိနေပြီလားဟ။*

ဘေးနားပတ်လည်ရှိ နည်းပညာဂုရု၊ ဉာဏ်ကြီးရှင် အစုအဝေးကို အကဲခတ်လျက် ရှိသော လန်ဒင်၏ စိတ်ထဲသို့ အတွေးတစ်စ ဝင်လာ၏။ ဤလူငယ်၊ လူရွယ်များသည် လည်း အက်ဒ်မန်ကဲ့သို့ပင် ဘာသာရေး ဆန့်ကျင်သည့် အခံရှိကြသူများပါကလား ဟူသော အတွေးပင် ဖြစ်၏။ ယနေ့ည ကန်ရမည့် ကွင်းမှာ ဘာသာရေးဆိုင်ရာ သင်္ကေတဗေဒ ပါမောက္ခ တစ်ဦးအဖို့ အိမ်ကွင်း မဟုတ်သည်ကတော့ သေချာနေချေပြီ။


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၄ )

ConspiracyNet.com

***အထူးသတင်း*** ***:*** *ConspiracyNet ၏ ယနေ့အတွက် ထိပ်တန်း မီဒီယာသတင်း ဆယ်ခုကို ဤနေရာတွင် ဖတ်ရှုနိုင်ပါပြီ။ ယခုလေးတင် ရရှိထားသည့် အထူးသတင်း တစ်ပုဒ်ကိုလည်း တင်ဆက်ပါဦးမည်။*

*အက်ဒ်မန်ခါးရှ်၏ အံ့အားသင့်ဖွယ် ကြေညာချက်တစ်ခုကို ကြားသိရတော့မည်လော။*

*ဂူဂန်ဟိုင် ပြတိုက်ကြီးတွင် အနာဂတ်ရေးရာ ကျွမ်းကျင်သူ အက်ဒ်မန်ခါးရှ် ကိုယ်တိုင် စီစဉ် ကျင်းပလျက် ရှိသော အထူး အခမ်းအနားကြီးကို တက်ရောက်ရန် စပိန်နိုင်ငံ ဘီလ်ဘာအို သို့ နည်းပညာ ဘီလူးကြီးများ စုရုံး ရောက်ရှိနေကြပြီ ဖြစ်သည်။ လုံခြုံရေး အထူး တင်းကျပ်ထားသည့်အပြင် ယနေ့ည အခမ်းအနား၏ ရည်ရွယ်ချက် အတိအကျကို မည်သူ့ကိုမျှ ကြိုတင် ပြောဆိုထားခြင်း မရှိပေ။ သို့သော် မကြာမီ အချိန်ပိုင်း အတွင်း၌ အက်ဒ်မန်ခါးရှ် စကား ပြောမည် ဖြစ်ပြီး သိပ္ပံဆိုင်ရာ အထင်ကရ ကြေညာချက်တစ်ခုဖြင့် ဧည့်သည်တော်များကို အံ့အားသင့်စေမည်ဟု အတွင်းသတင်းများအရ သိရှိရပါသည်။ ထို့ကြောင့် အဆိုပါ အခမ်းအနားကို ConspiracyNet မှ ဆက်လက် စောင့်ကြည့်လျက် ရှိပြီး သတင်းထူးများကို အချိန်နှင့် တစ်ပြေးညီ တင်ဆက်ပေးသွားပါမည်။*



mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၅)

ဥရောပ၏ အကြီးဆုံး ရဟူဒီ ဘုရားရှိခိုးကျောင်းကြီးသည် ဘူဒါပတ်မြို့ရှိ ဒိုအာနီလမ်းပေါ်တွင် တည်ရှိပေသည်။ မောရစ်ရှ် ပုံစံဖြင့် ဆောက်လုပ်ထားသော ဘုရားကျောင်းကြီး၌ ဇရာမ ထိပ်ချွန် နှစ်ခု ရှိပြီး အတွင်း၌လည်း လူသုံးထောင်မက ဆံ့၏။ အောက်ထပ်ရှိ ခုံတန်းများမှာ အမျိုးသားများအတွက် ဖြစ်ပြီး လသာဆောင်ဘက်ရှိ ခုံတန်းတို့မှာမူ အမျိုးသမီးများ ထိုင်ရန်၊ ဝတ်ပြုရန် ရည်ရွယ်လေသည်။

နာဇီတို့ ကြီးစိုးစဉ်ကာလက သေဆုံးခဲ့ကြရသော ဟန်ဂေရီ ဂျူးအနွယ်ဝင်တို့၏ ရုပ်အလောင်းများကို မြှုပ်နှံထားရာ ဇရာမတွင်းကြီး တစ်တွင်းလည်း ဥယျာဉ် အပြင်ဘက်တွင် ရှိသေးသည်။

ထိုနေရာကို ဇီဝရက္ခ အမည်ရ သစ်ပင်တစ်ပင်ဖြင့် အမှတ်အသားပြုထား၏။ သစ်ပင်ဆိုသော်ငြား အပင်အစစ်တော့ မဟုတ်ပေ။ သတ္တုဖြင့် ထွင်းထုသွန်းလောင်းထားသော မိုးမခပင်ကြီး ဖြစ်ပြီး မြှုပ်နှံထားသူတို့၏ အမည်တစ်ခုချင်းစီကို သစ်ရွက်တစ်ရွက်စီ၌ ရေးထိုးထားသည်။

လေနုအေး နှော့လိုက်တိုင်း အဆိုပါ သစ်ရွက်ကလေးများက တချွင်ချွင် မြည်ပြီး ဘုရားကျောင်း ပရိဝုဏ်အတွင်း၌ တစ်မျိုးတစ်မည် ပွဲတင်ထပ်နေလေ့ ရှိ၏။ ဤဘုရားကျောင်းကြီးအား ဆယ်စုနှစ် သုံးစုကျော်ကြာ ဦးဆောင် ပွဲ့ကိုင်လျက် ရှိသူမှာ ရဟူဒီ ဓမ္မဆရာ ရာဘီရာဟုဒါကိုဗ်စ် ဖြစ်သည်။ ရာဘီကြီးမှာ အိုလှပြီ ဖြစ်သည့်အပြင် ကောင်းကောင်းလည်း မမာတော့။ သို့တိုင် ဟန်ဂေရီနှင့် ကမ္ဘာ့ရဟူဒီ အသိုင်းအဝိုင်း၌ တက်ကြွစွာ ပါဝင်လှုပ်ရှားဆဲ ဖြစ်၏။

ဒန်းညူမြစ်ရိုးတစ်လျှောက်ဝယ် နေဝင်ချေပြီ။ ရာဘီကိုဗ်စ်လည်း ဘုရားကျောင်းထဲမှ ထွက်လာခဲ့၏။ ဒိုအာနီလမ်းပေါ်ရှိ ဖက်ရှင်ဆိုင်လေးများ၊ အဆောက်အအုံဟောင်းများထဲ၌ ဖွင့်လှစ်ထားသော ဘားဆိုင်များကို ဖြတ်ကျော်ပြီး မားခီးယပ်စ် ၁၅ ရင်ပြင်ရှိ သူ့အိမ်သို့ ဦးတည်နေခြင်းပင်။ အနီး ရင်ပြင်သည် ဘူဒါ နှင့် ပတ်စ် အမည်ရ ရှေးဟောင်းမြို့ နှစ်မြို့ကို ဆက်သွယ်ပေးထားသည့် အဲလီဇဘတ်တံတားနှင့် ခဲတစ်ပစ်စာ အကွာ၌ တည်ရှိ၏။ ၁၈၇၃ ခုနှစ်တွင်မူ အဆိုပါ မြို့နှစ်မြို့ကို ပေါင်းစည်းခဲ့လေသည်။



mgyoe.com

အနှစ်သက်ဆုံး ပသခါပွဲတော် နီးလာပြီ ဖြစ်သည့်တိုင် ရာဘီကိုဗ်စ်၏ စိတ်လက်တို့ မကြည်သာလှ။ ပြီးခဲ့သည့်အပတ် ကမ္ဘာ့ဘာသာပေါင်းစုံ ညီလာခံမှ ပြန်လာကတည်းက သူ့စိတ်သန္တာန်၌ သောကဓ၏ အရိပ်အရောင်တို့သာ ကြီးစိုးနေခဲ့၏။

*ငါ မသွားခဲ့ရင် အကောင်းသား။*

ဘစ်ရှော့ဘုန်းတော်ကြီး ဗယ်လ်ဒက်စ်ပီနို၊ အလ္လမာ ဆိဒ်အယ်လ်ဖာဒီ၊ အနာဂတ်ရေးရာ ကျွမ်းကျင်ပညာရှင် အက်ဒ်မန်ခါးရှ်တို့နှင့် ထူးထူးခြားခြား တွေ့ဆုံခဲ့ခြင်း၏ တိမ်သလ္လာ အတွေးမျှင်တို့က ဤသုံးရက်လုံးလုံး ရာဘီကြီးကို ဖုံးလွှမ်းနေဆဲ။

ရာဘီကိုဗ်စ်က အိမ်ပြန်ရောက်သည်နှင့် ဥယျာဉ်ထဲရှိ အိမ်ကလေးသို့ သုတ်သုတ်ဆင်း လာခဲ့သည်။ ဤအိမ်ကလေးမှာ ရာဘီကိုဗ်စ်အတွက် ဝတ်ပြုရာ၊ စာပေ ဖတ်ရှု လေ့လာရာ ရိပ်မြုံ ဖြစ်၏။ အိမ်လေးထဲ၌ အခန်းတစ်ခန်းသာ ရှိပြီး ဘာသာရေးဆိုင်ရာ ဇရာမ စာအုပ် ကြီးများ အထပ်လိုက် တင်ထားသည့် စာအုပ်စင်မြင့်မြင့်တို့ကို တွေ့နိုင်ပေသည်။ ကိုဗ်စ်က စားပွဲတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ရင်း ရှေ့ရှိ ပွစာကျဲနေသော စာအုပ်များကို မျက်မှောင် ကုတ် ကြည့်သည်။

*အခုနေသာ ငါ့စားပွဲကို တစ်ယောက်ယောက် မြင်သွားရင် ငါ ရူးနေပြီလို့ ထင်ကြ မှာပဲ။*

စားပွဲပေါ်တွင် ဘာသာရေးကျမ်းစာ ဒါဇင်ဝက်ခန့် ပွင့်လျက်သား ရှိနေကြသည်။ စာမျက်နှာ ဟိုဟိုသည်သည်တို့တွင် အမှတ်အသား ပြုထားသည်များလည်း ရှိ၏။ စားပွဲ နောက်ရှိ သစ်သားစင်များပေါ်တွင်မူ ကျမ်းစာထူထူကြီး သုံးအုပ်ကို ဖွင့်ထား၏။ ဟီဘရူး၊ အာရမရ၊ အင်္ဂလိပ် ဘာသာသုံးမျိုးဖြင့် ရေးသားထားသည့် ကျမ်းစာအုပ်များ ဖြစ်ပြီး တူညီသော အခန်းတစ်ခန်းကို လှန်ထားလေသည်။

*ကမ္ဘာဦးကျမ်း*
*အစအဦး၌ ....*

ကမ္ဘာဦးကျမ်းကို ဘာသာသုံးမျိုးလုံးနှင့် အလွတ်ရွတ်ပြနိုင်သော ကိုဗ်စ်သည် ဇိုဟာ ကျမ်း၊ သို့မဟုတ် အဆင့်မြင့် ကဘာလာစကြဝဠာဗေဒ သီအိုရီတို့ကို လေ့လာနေသင့်သည် မဟုတ်ပါလား။ ကိုဗ်စ်ကဲ့သို့သော ပုဂ္ဂိုလ်တစ်ဦးက ကမ္ဘာဦးကျမ်း ဖတ်နေခြင်းသည် မူလတန်း အဂ္ဂရာသချ်ာကို အိန်းစတိန်းအား ဖတ်ခိုင်းခြင်းနှင့် အလားတူလှ၏။ မည်သို့ဆိုစေ ရာဘီကြီး ဤတစ်ပတ်လုံး ဖတ်နေသော စာမှာ ကမ္ဘာဦးကျမ်းသာ ဖြစ်သည်။ စားပွဲပေါ်ရှိ မှတ်စုစာအုပ် တွင်လည်း ခပ်လောလော ရေးခြစ်ထားသော စာကြောင်းများ ရှိနေသည့်တိုင် သော့လွန်းသဖြင့် ကိုဗ်စ်ကိုယ်တိုင်ပင် မနည်း ပြန်ဖတ်ရလောက်ပေသည်။

*ငါ တကယ် ရူးနေပြီ ထင်ပါရဲ့။*


mgyoe.com

mgyoe.com SAMPLE BOOK

တိုရာကျမ်းလာ ကမ္ဘာဦးအခန်းသည် ရဟူဒီများအတွက်ရော ခရစ်ယာန်များအတွက်ပါ အတူတူပင် ဖြစ်၏။ အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူ၏။

ထို့နောက် ကို့ဗ်စ်သည် ထော်လမွတ်ကျမ်းစာကို လှန်ပြီး ဖန်ဆင်းခြင်းအမှုအကြောင်းကို အကျယ်တဝင့် ဖတ်ရှုပြန်၏။ တစ်ဖန် မစ်ဒရက်ကျမ်းဘက် လှည့်ပြီး ဖန်ဆင်းခြင်းအမှုနှင့် ပတ်သက်သော စာဒကတို့ကို ရှေးဆရာတို့ မည်သို့ မည်ပုံ ဖြေရှင်းခဲ့ကြောင်း ဆက်လေ့လာပြန်သည်။ နောက်ဆုံးတွင်မူ ရာဘီကို့ဗ်စ်သည် ဇိုဟာကျမ်းလာ ကဘလာသိပ္ပံဝါဒထဲ နစ်မြုပ်သွား၏။ ဆက်ဖရော့ဆယ်ခုအဖြစ် တစ်ဆူတည်းသော ဘုရားသခင် တည်နေပုံ၊ ၄င်းတို့ကို ချိတ်ဆက်ပြီး ဓိဝရက္ခ ဖြစ်ပေါ်ပုံ၊ အနီ ဓိဝသစ်ပင်မှ စကြဝဠာလေးခု အသီးသီး ပွင့်ဖူးပေါ်ပေါက်လာပုံ စသဖြင့်··· စသဖြင့်။

နားလည်ရန် ရှုပ်ထွေးလှသော ရဟူဒီ ဘာသာရေး အယူအဆတို့မည်သည် ကို့ဗ်စ်အဖို့ ကျေနပ်ဖွယ်ရာသာ ဖြစ်၏။ လူသားတို့အနေဖြင့် အရာခပ်သိမ်း သိနားလည်စရာ မလိုဟု ဘုရားသခင်က သတိပေးနေခြင်း တစ်မျိုးပင် မဟုတ်တုံလော။ သို့သော် အက်ဒ်မန်ခါးရှ်၏ နားလည်လွယ်လှ၊ ရိုးရှင်းလှသော တင်ပြမှုကို ကြည့်ရှုအပြီးတွင်မူ ဤရှေးဟောင်းကျမ်းစာတို့ကို သုံးရက်တိုင်တိုင် ဖတ်ရှုရန် အကြောင်းဆိုက်လာခဲ့၏။

ဖတ်နေရင်း စိတ်နောက်ကျိလွန်းလှသဖြင့် ကို့ဗ်စ်ခမျာ ဘာသာရေးကျမ်းစာတို့ကို စားပွဲပေါ် ထားပစ်ခဲ့ပြီး ဒန်ညူမြစ် နံဘေး၌ ခပ်ကြာကြာ လမ်းထွက်လျှောက်ရသည် အထိပင်။

နောက်ဆုံးတွင်မူ ခါးသက်သက် အမှန်တရားကို လက်ခံရုံမှတစ်ပါး အခြား မရှိတော့ကြောင်း ရာဘီကို့ဗ်စ် သဘောပေါက်လိုက်၏။ ခါးရှ်၏ တွေ့ရှိချက်မှာ ကမ္ဘာတစ်လွှားရှိ ဘာသာရေး သက်ဝင် ယုံကြည်သူတို့အပေါ် ပြင်းစွာ ရိုက်ခတ်ပေတော့မည်။ သိပ္ပံပညာမှ တွေ့ရှိချက်များသည် နှစ်ပေါင်း ထောင်ချီအောင် အခိုင်အမာ လက်ခံထားခဲ့ကြသည့် ရှေးဟောင်း ဘာသာရေးကျမ်းစာ အယူအဆ အားလုံးနီးနီးနှင့် ဆန့်ကျင်နေသည် မဟုတ်ပါလား။ ထိုသို့ ဆန့်ကျင်ရာတွင်လည်း ရိုးရှင်း ပြတ်သားစွာ သက်သေပြသွားခြင်း ဖြစ်၏။ လူတကာ၏ နှလုံးကိုလည်း ဆွဲဆောင် သိမ်းသွင်းနိုင်စွမ်း ရှိမည့် သဘောပင်။

*'နောက်ဆုံးပုံကို ငါ့စိတ်ထဲက ဖျောက်လို့ကို မရဘူး'* ခါးရှ်၏ မျက်နှာပြင်ကျယ် ဖုန်းထဲ၌ ကြည့်ခဲ့ရသော နိဂုံးချုပ် သုံးသပ်ချက်ကို ကို့ဗ်စ်က ပြန်ပုံဖော်ရင်း တွေးသည်။ *ဘာသာရေးသမားတွေတင် မကဘူး၊ လူတွေ အားလုံးနဲ့ ဆိုင်တဲ့ ကိစ္စပဲ။*

ပြီးခဲ့သည့် ရက်အနည်းငယ်အတွင်း အပြန်ပြန် အလှန်လှန် တွေးတော ဆင်ခြင်ခဲ့သည့်တိုင် ခါးရှ် ပြောခဲ့သော အကြောင်းအရာတို့နှင့် စပ်လျဉ်းပြီး မည်သို့ မည်ပုံ လုပ်ဆောင်ကိုင်တွယ်ရမည်ကို ရာဘီကို့ဗ်စ် မစဉ်းစားတတ်သေး။ ဗယ်လ်ဒက်စ်ပီနိုနှင့် အယ်လ်ဖာဒီ


mgyoe.com

တို့လည်း ထိုနည်းနှင်နှင်သာ ဖြစ်ချိမ့်မည်။ လွန်ခဲ့သည့် နှစ်ရက်က သုံးဦးသား တယ်လီဖုန်းထဲ၌ ဆွေးနွေးခဲ့ကြသေးသော်လည်း ရေရာသည့် အဖြေ မရခဲ့။

"ကိုယ်တော်တို့"

ဗယ်လ်ဒက်စ်ပီနိုက စကားစသည်။

"မစ္စတာခါး၏ ပြသွားတာတွေက တော်တော့်ကို စိုးရိမ်စရာ၊ စိတ်အနှောင့်အယှက်ဖြစ်စရာပဲဗျာ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ထပ်ဆွေးနွေးဖို့ ကျုပ်ဆီကို ဖုန်းဆက်ပါလို့ သူ့ကို ကျုပ် မှာလိုက်တယ်၊ အခုထိတော့ ဘာဖုန်းမှ မလာသေးဘူး၊ ကျုပ်တို့ အဖြူ အမည်းသဲကွဲအောင် တစ်ခုခု ဆုံးဖြတ်သင့်နေပြီ"

"ကျွန်တော်တော့ ဆုံးဖြတ်ပြီးပြီဗျ"

အယ်လ်ဖာဒီ၏ အသံ။

"ဒီတိုင်းကြီး ငုတ်တုတ်ထိုင်နေလို့တော့ မဖြစ်ဘူး၊ ကိုယ့်ဘက်က လက်ဦးထားမှ တော်ကာကျမယ်၊ ခါး၏က ဘာသာရေးနဲ့ ပြဒါးတစ်လမ်း သံတစ်လမ်း ဆိုတာ နဂိုကတည်းက သိထားကြပြီးသား၊ အခု ဘာသာပေါင်းစုံရဲ့ အနာဂတ်ကို စိတ်ရှိလက်ရှိ ဖျက်ဆီးတော့မယ်၊ သူ့လက်ထဲမှာလည်း မြင်းကို တပ်ဖို့ တောင်ပံ ရှိနေပြီ၊ ကျွန်တော်တို့ နိုးကြားရတော့မယ်၊ သူ တွေ့ထားတယ် ဆိုတဲ့ဟာကို ကျွန်တော်တို့ကိုယ်တိုင် ကြေညာမှ ဖြစ်တော့မယ်၊ လုပ်မယ်ဆို ချက်ချင်း လုပ်မှ၊ ကိုယ့်ပေါင် ကိုယ်လှန်ထောင်းတော့ သက်သာတယ် ဆိုတာကိုးဗျ၊ ဒါမှ ကျွန်တော်တို့ရဲ့ ဆိုင်ရာ ဆိုင်ရာ ဘာသာဝင်တွေအပေါ်လည်း ထိထိခိုက်ခိုက် သိပ်မဖြစ်မှာ"

"လူတွေ သိသွားအောင် ထုတ်ပြောဖို့ ဆိုတာကို ကျုပ်လည်း စဉ်းစားကြည့်ပါတယ်"

ဗယ်လ်ဒက်စ်ပီနိုက ဆက်ဆွေးနွေးသည်။

"ဒါပေမဲ့ ကျုပ်တို့ရဲ့ ဘာသာဝင်တွေအပေါ် ထိထိခိုက်ခိုက် မဖြစ်အောင် ဘယ်လိုများ လုပ်ရပါ့မလဲ ဆိုတာကိုတော့ ကျုပ်လည်း မတွေးတတ်ဘူး"

ခရစ်ယာန် ဘုန်းတော်ကြီးက သက်ပြင်းမော တစ်ချက် ချသည်။

"ပြီးတော့ ဒီကိစ္စကို လျှို့ဝှက်ထားပါ့မယ် ဆိုပြီး သူ့ရှေ့မှာ အာမဘန္ဒေ ခံလိုက်တာကလည်း ရှိသေးတယ်လေ"

"ဟုတ်ပါတယ်"

အယ်လ်ဖာဒီက ထောက်ခံသည်။

"ဒီလို သစ္စာဖောက်ဖို့ ကျွန်တော်လည်း မလိုလားပါဘူး၊ ဒါပေမဲ့ ရှေ့တိုး ထမ်းပိုး၊ နောက်ဆုတ် လှည်းတုတ် အနေအထားမှာ တတ်နိုင်သမျှ သက်သာရာကိုပဲ ရွေးရမှာပေါ့ ကိုယ်တော်၊ ပိုကောင်းတဲ့ဆီကိုပဲ ကျွန်တော်တို့ သွားရမယ်လေ၊ မွတ်စလင်တွေ၊ ရဟူဒီတွေ၊ ခရစ်ယာန်တွေ၊ ဟိန္ဒူတွေ၊ အိုဗျာ... ဘာသာအားလုံးပဲ ဆိုပါတော့၊ ကျွန်တော်တို့ အားလုံး


mgyoe.com

mgyoe.com SAMPLE BOOK

အတိုက်ခံနေရပြီဗျ၊ မစ္စတာခါးရှ် အမြစ်တူးထုတ်မယ့် အုတ်မြစ်ကြီးတွေပေါ်မှာ ကျွန်တော်တို့ရဲ့ ဘာသာရေးအယူတွေကို တည်ထားတာလေ၊ ကျွန်တော်တို့ လူတွေကို ထိထိခိုက်ခိုက် မဖြစ်စေဘဲ ဒီကိစ္စကြီး ပြီးသွားဖို့ အားလုံး တာဝန်ရှိတယ်ဗျို့"

"အင်း... စဉ်းတော့ စဉ်းစားရမှာပဲ"

ဗယ်လ်ဒက်စ်ပီနိုက တွေးတွေးဆဆဖြင့် ပြော၏။

"ခါးရှ်ရဲ့ သတင်းကို လူသိရှင်ကြား ပြောပြရမယ် ဆိုရင်လည်း သူ့တွေ့ရှိချက်ကို ပုံဖျက်ပစ်မှ ရမယ်၊ ဒီတစ်လမ်းပဲ ရှိတယ်၊ သူကိုယ်တိုင် ထုတ်မကြေညာခင်မှာ ကျုပ်တို့ဘက်က ဦးအောင် ဆော်မှ ဖြစ်မယ်"

"အက်ဒ်မန်ခါးရှ်ကို ဦးအောင် ဆော်မယ် ဟုတ်လား"

အယ်လ်ဖာဒီက 'မထင်ပေါင်' ဟူသော လေသံဖြင့် ခွန်းတုံ့သည်။

"အမှားဆိုတာ ချိုနဲ့လားလို့ မေးမယ့် ဉာဏ်ကြီးရှင် သိပ္ပံသမားရဲ့ တွေ့ရှိချက်ကို ပုံဖျက်မယ်ပေါ့၊ ခါးရှ်နဲ့ တွေ့တုန်းက ဆရာတော် ဘယ်များ ရောက်နေသလဲ ပြန်မေးရတော့မယ်၊ သူ ပြောသွားတာ ထောင့်ကို စေ့နေတာပဲ မဟုတ်ဘူးလား"

ဗယ်လ်ဒက်စ်ပီနိုက မနှစ်မြို့ဟန်ဖြင့် အသံတစ်ချက် ပြုသည်။

"သူတို့ခေတ် သူတို့အခါက ဂယ်လီလီယိုတို့၊ ဘရူနိုတို့၊ ကော့ပါးနီးကက်စ်တို့ ပြောသွားတာတွေထက်များ ပိုထောင့်စေ့နိုင်ဦးမလားဗျာ၊ ကျုပ်တို့ဘာသာရေးဆိုတာ ဒါမျိုးတွေ အံခွနေပါပြီ၊ သိပ္ပံက ကျုပ်တို့ နားရွက်ကို နောက်တစ်ခါ တံတွေးလာဆွတ်တယ် ဆိုပါတော့လေ"

"ဒါပေမဲ့ ဒီတစ်ခါက ရူပဗေဒတွေ၊ နက္ခတ္တဗေဒတွေထက် အများကြီး ပိုပြီး အတွင်းကျတယ်နော် ဆရာတော်"

အယ်လ်ဖာဒီကလည်း အလျှော့မပေး။

"ခါးရှ်က ခေါင်ကို တက်ကိုင်တာ၊ ကျွန်တော်တို့ ယုံကြည်ထားသမျှရဲ့ တကယ့်ရေသောက်မြစ်ကို ကိုင်လိုက်တာ၊ ဆရာတော် ကြိုက်သလောက် သမိုင်းပြန်လှန်လို့ ရတယ်၊ ဒါပေမဲ့ ဂယ်လီလီယိုလို လူမျိုးတွေကို ခင်ဗျားတို့ ဗာတီကန်က ဘယ်လိုပဲ နှိပ်ကွပ် နှိပ်ကွပ် နောက်ဆုံးတော့ သူတို့ရဲ့ သိပ္ပံ အချက်အလက်တွေက လူသိရှင်ကြား ဖြစ်သွားတာပဲ မဟုတ်လား၊ ခါးရှ်လည်း ဒီလိုပဲ လာမှာပဲ၊ ဒါကို ကျွန်တော်တို့ ဘယ်လိုမှ တားလို့ ရမှာ မဟုတ်ဘူး"

အားလုံး တိတ်ဆိတ်သွားကြ၏။

"ကျုပ် ခံယူချက်က ရှင်းပါတယ်"

နောက်ဆုံးတွင် ဗယ်လ်ဒက်စ်ပီနိုက ဆက်ပြောသည်။

"အက်ဒ်မန်ခါးရှ် တစ်ယောက် ဒါကြီးကို မတွေ့ခဲ့ရင် အကောင်းသား၊ ဒါတွေကို


mgyoe.com

ရင်ဆိုင်ဖို့ ကျုပ်တို့ အဆင်သင့် မဖြစ်ကြသေးဘူးဗျာ၊ ရွေးလို့ ရမယ် ဆိုရင် ဟိုနေ့က ခါး၇ှိ ပြောသွားတဲ့ အချက်အလက်တွေ လူမြင်ကွင်းကို ဘယ်တော့မှ ရောက်မလာရင် အကောင်းဆုံးပဲ"

ဗယ်လ်ဒက်စ်ပီနိုက ခေတ္တ ဆိုင်းလိုက်သည်။

"လောကကြီးမှာ ဖြစ်ပျက်နေသမျှ အားလုံးဟာ ဘုရားသခင်ရဲ့ အစီအမံအတိုင်း၊ အလိုတော်အတိုင်း ဖြစ်နေတာလို့ ကျုပ် နှစ်နှစ်ကာကာ ယုံတယ်၊ ကျုပ်တို့ ဝတ်ပြုကြမယ်၊ ဆုတောင်းကြမယ်ဗျာ၊ သူ့တွေ့ရှိချက်ကို လူတွေရှေ့မှာ ချမပြတော့အောင် ဘုရားသခင်က ခါး၇ှိကို စကားပြောပါလိမ့်မယ်"

အယ်လ်ဖာဒီက နှာခေါင်းတစ်ချက် ရှုံ့သည်။

"မစ္စတာ ခါး၇ှိ ဆိုတဲ့ ပုဂ္ဂိုလ်က ဘုရားသခင်ရဲ့ အသံကို ကြားရမယ့် အစားထဲ မပါဘူးဗျို့၊ ဒီလိုပဲ ပြောလိုက်တော့မယ်"

"ခင်ဗျား ပြောတာ ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ ဘုရားရဲ့ တန်ခိုးပြာဋိဟာတွေကလည်း နေ့တိုင်း ပြနေတာပဲလေ"

အယ်လ်ဖာဒီ ပေါက်ကွဲချေပြီ။

"ကျားသားမိုးကြိုးဗျာ၊ ဒီဟာတွေကို လူသိရှင်ကြား ထုတ်မပြောခင် ခါး၇ှိ သေပါစေလို့ ခင်ဗျား ဆုတောင်းမှပဲ…"

"ကဲ… ဆရာတော်တို့"

ကို့ဗ်စ်က ကြားဝင်ဟန့်သည်။ မဟုတ်လျှင် အပြက်ပြက်နှင့် နှာခေါင်းသွေး ထွက်ကြတော့မည်။

"ဒီလောက် အလောတကြီး ဆုံးဖြတ်ဖို့ မလိုပါဘူးလေ၊ ဒီည အပြီး တိုင်ပင်ဖို့မှ မဟုတ်တာ၊ နောက်တစ်လလောက်နေမှ သူ့တွေ့ရှိချက်ကို ကြေညာမှာလို့ မစ္စတာခါး၇ှိ ပြောသွားတာပဲကို၊ ကျွန်တော်တို့ ခေါင်းအေးအေး ထားပြီး အဖြေထုတ်ကြတာပေါ့၊ ရက်နည်းနည်းကြာမှ ထပ်ဆွေးနွေးကြမယ်လေ၊ မကောင်းဘူးလား၊ အချိန်တန် နွားပိန်ကန်ပါလိမ့်မယ်"

"ပြောတာ သဘာဝကျပါတယ်"

ဗယ်လ်ဒက်စ်ပီနိုက လက်သင့်ခံသည်။

"သိပ်ကြာကြာ အချိန်ဆွဲလို့တော့ မဖြစ်ဘူးဗျ"

အယ်လ်ဖာဒီက သတိပေးသည်။

"ဒီလိုလုပ်ဗျာ၊ နောက်နှစ်ရက်နေရင် ဖုန်းထဲကနေ ထပ်ဆွေးနွေးကြတာပေါ့"

"ကျုပ် သဘောတူတယ်"

ဗယ်လ်ဒက်စ်ပီနိုက ဆိုသည်။

mgyoe.com SAMPLE BOOK

"နောက်နှစ်ရက် နေရင်တော့ အပြီးသတ် ဆုံးဖြတ်ချက် ချကြတာပေါ့လေ"

ယနေ့ဆိုလျှင် နှစ်ရက် ပြည့်ချေပြီ။ အပြီးသတ် ဆုံးဖြတ်ချက် ချရန် လေလှိုင်းထဲ၌ တိုင်ပင် ဆွေးနွေးရမည့် ည ရောက်လာပြီ မဟုတ်ပါလား။ စာကြည့်ခန်းထဲ၌ အထီးတည်း ထိုင်နေရင်း ကိုဗိစ်၏ ရင်တို့ ဗလောင်ဆူလာသည်၊ ပူပန်လာသည်။ မူလ ချိန်းဆိုထားသော အချိန်ထက် ဆယ်မိနစ်ပင် ကျော်လွန်နေပြီ ဖြစ်သည့်တိုင် ဖုန်းဝင်မလာသေး။

သို့သော် နောက်ဆုံးတွင် ဖုန်းမြည်သံ ထွက်ပေါ်လာချေပြီ။ ကိုဗိစ်က အမြန် ကောက်ကိုင်လိုက်သည်။

"ရာဘီကြီးလား"

ဘစ်ရှော့ ဗယ်လ်ဒက်စ်ပီနို၏ အသံက သိပ်မကောင်း။

"နောက်ကျသွားတာ စိတ်မရှိပါနဲ့ဗျာ"

သူက စကားစကို ခေတ္တ ဖြတ်လိုက်သည်။

"အလ္လမာ အယ်လ်ဖာဒီတော့ ဒီည ပါနိုင်မှာ မဟုတ်ဘူး ရာဘီကြီးရေ"

"ဟင်"

ကိုဗိစ်က အံ့သြသွား၏။

"ဘယ်လို ဖြစ်တာလဲ"

"ကျုပ်လည်း သေချာမသိဘူး၊ အလ္လမာကြီးဆီကို ကျုပ် တစ်နေကုန် ထိုင်ဆက်သွယ် နေတာ၊ သူ ပျောက်နေတယ် ထင်ပါ့ဗျာ၊ ဘယ်သွားလဲ၊ ဘယ်ရောက်နေလဲ ဆိုတာ သူ့အနားက လူတွေလည်း တစ်ယောက်မှ မသိကြဘူးတဲ့"

ကိုဗိစ်ပါ ကျောချမ်းသွားသည်။

"သံချောင်းခေါက်သံလို့ ပြောရမလားပဲ"

"ဟုတ်တယ်ဗျ၊ သူ ဘာမှ မဖြစ်ပါစေနဲ့ပဲ ဆုတောင်းရမယ်၊ ပြီးတော့ သတင်းဆိုး နောက်တစ်ခုလည်း ရှိသေးတယ် ရာဘီကြီး"

ဘစ်ရှော့ ဗယ်လ်ဒက်စ်ပီနိုက ခေတ္တမျှ တုံ့သွားပြန်၏။ ပိုစိတ်ဆင်းရဲလာသည့်ဟန်။

"အက်ဒ်မန်ခါးရှ်က သူ့တွေ့ရှိချက်တွေကို ပွဲကြီးတစ်ပွဲ လုပ်ပြီး တစ်ကမ္ဘာလုံး သိအောင် ကြေညာတော့မယ်တဲ့ဗျ၊ ဒီည ကြေညာမှာ... ဒီည"

"ဘာ... ဒီည"

ကိုဗိစ်က သူ့နား သူ မယုံနိုင်။

"သူ ပြောတော့ နောက်တစ်လလောက် နေမှ ဆိုဗျ"

"ဟုတ်တယ်"

ဗယ်လ်ဒက်စ်ပီနိုက လေးပင်စွာ ပြန်ဖြေသည်။

"သူ ကျုပ်တို့ကို လိမ်သွားတာ"


mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၆ )

ဝင်စတာန်၏ ရင်းနှီးပြီးသား အသံက လန်ဒင်၏ နားကြပ်ထဲဝယ် ထွက်ပေါ်လာပြန်သည်။

"ဒီပြတိုက်ရဲ့ အကြီးဆုံး ပန်းချီကားက ကိုယ့်ဆရာ ရှေ့တည့်တည့်မှာပဲ ခင်ဗျ၊ လူအတော်များများကတော့ သတိမထားမိကြဘူး"

လန်ဒင်က ပြတိုက်ခန်းမကျယ်ကို ဖြတ်ပြီး ဟိုသည် ကြည့်သော်လည်း ရေပြင်အပေါ်ရှိ မှန်နံရံမှတစ်ပါး မည်သည့် အရာကိုမျှ မတွေ့ရချေ။


"လူအတော်များများထဲမှာ ကျွန်တော်လည်း ပါမယ် ထင်တယ်၊ ဘာပန်းချီကားမှ မတွေ့ဘူးဗျ"

"ဟဲ... ဟဲ ဆရာ့အပြစ်တော့လည်း မဟုတ်ပါဘူးလေ၊ သူ ရှိနေတဲ့ပုံက သမားရိုးကျမှ မဟုတ်တာ"

ဝင်စတာန်၏ တုံ့ပြန်သံက ခပ်မြူးမြူး။

"ကင်းဗတ်စကို နံရံပေါ်မှာ ချိတ်ထားတာ မဟုတ်ဘူး ဆရာ၊ ကြမ်းပေါ်မှာ ချခင်းထားတာဗျို့"

'ဟုတ်သားပဲ' လန်ဒင်က လှူမိုက်နောင်တရရင်း အောက်သို့ ငုံ့ကြည့်လိုက်သည်။





mgyoe.com

mgyoe.com SAMPLE BOOK

ခြေထောက်အောက် ကျောက်သားကြမ်းပြင်ပေါ်တွင် အဆုံးသား ရှိနေသည့် ထောင့်မှန် စတုဂံ သဏ္ဍာန် ကင်းဗတ်စဆီ ရောက်သည်အထိ လန်ဒင်က ရှေ့ဆက်တိုးသည်။

ရောမ ပန်းချီကားကြီး တစ်ခုလုံး၌ ခပ်စိုစို အပြာရောင် တစ်ရောင်တည်းကိုသာ မြင်ရ၏။ ပန်းချီကား၏ ဘေးပတ်ပတ်လည်ရှိ အခြား ဧည့်သည်များမှာလည်း ရေကန်လေး ထဲသို့ ငုံ့ကြည့်သည့်နှယ် ပန်းချီကားကို လေ့လာနေကြပေသည်။

"ဒီပန်းချီကားက စတုရန်းပေ ခြောက်ထောင်နီးပါး ရှိတယ် ခင်ဗျ"

ဝင်စတန်က ရှင်းပြသည်။

ကင်းဘရစ်တွင် ပထမဆုံး နေခဲ့ဖူးသော တိုက်ခန်းထက် ဆယ်ဆမျှ ပိုကြီးပါကလား ဟု လန်ဒင်က တွေးလိုက်မိသေး၏။

"ပန်းချီကား လက်ရာရှင်က အီးဗ်စ်ကလိန်း တဲ့၊ ပန်းချီကား နာမည်ကျတော့ 'ရေကူးကန်' တဲ့ဗျား"

အသုံးပြုထားသော အပြာရောင်၏ အသက်ဝင် ရွှန်းစိုမှုကြောင့် ချက်ချင်း လက်ငင်းပင် ဒိုင်ဗင်ထိုးချချင်စိတ်တို့ တဖွားဖွား ပေါ်လာကြောင်း လန်ဒင် ဝန်ခံရပေမည်။

"ကလိန်းကိုယ်တိုင် တီထွင်ထားတဲ့ အရောင်ပေါ့"

ဝင်စတန်က ဆက်ရှင်းပြသည်။


"အင်တာနေရှင်နယ် ကလိန်းဘလူး လို့ ခေါ်ကြသဗျ၊ ကလိန်းရဲ့ ကိုယ်ပိုင် ယူတိုးပီးယန်း ကမ္ဘာကြီး အတိုင်းအဆ မရှိ ကျယ်ပြောလာအောင်၊ အကောင်အထည်မဲ့ ကြီးထွားလာအောင် ဒီအရောင်ရဲ့ နက်နဲ သိမ်မွေ့မှုက လှုံ့ဆော်ပေးတယ်လို့ သူကိုယ်တိုင် ပြောဖူးတယ်လေ ဆရာ"

ယခုအခါ ဝင်စတန်၏ လေမှာ စာရွက် ကြည့်ပြီး ဖတ်ပြနေသည့်နှယ်။

"ကလိန်းရဲ့ လူသိအများဆုံး လက်ရာက ဒီပန်းချီကား ပြာပြာကြီးတွေပေါ့၊ 'ဗလာနယ်ထဲသို့ ခုန်ဝင်ခြင်း' ဆိုတဲ့ ဓာတ်ပုံကလည်း နာမည်ကြီးပါပဲ၊ အဲဒီ ဓာတ်ပုံ ထွက်လာတဲ့ ၁၉၆၀ လောက်တုန်းက ဆိုရင် တော်တော်လေး အုတ်အုတ်ကျက်ကျက် ဖြစ်သွားသေးတယ် မဟုတ်လား ဆရာရဲ့"

'ဗလာနယ်ထဲသို့ ခုန်ဝင်ခြင်း' ဓာတ်ပုံကို နယူးယော့ခ်ရှိ ခေတ်သစ် အနုပညာပြတိုက် တွင် လန်ဒင် မြင်ဖူးသည်။ အနောက်တိုင်း ဝတ်စုံကို အကျဆင်မြန်းထားသည့် အမျိုးသား တစ်ဦး ခပ်မြင့်မြင့် အဆောက်အအုံပေါ်မှ အောက်ဘက် လူသွားပလက်ဖောင်းဆီသို့ ဝမ်းလျား ထိုး ဒိုင်ဗင်ခုန်ဆင်းနေဟန် အမှီ ဓာတ်ပုံမှာ စိတ်မသက်မသာ ဖြစ်စရာပင်။ စင်စစ် ဤဓာတ်ပုံ မှာ ရာနှုန်းပြည့် အစစ် မဟုတ်ဘဲ ဘလိတ်ဓားမြည့်မြည့်ဖြင့် လက်ဖျားခါလောက်အောင် ပြုပြင်ထား၊ အမြင်လှည့်စားထားသည့် ဓာတ်ပုံတစ်ပုံသာ ဖြစ်၏။ ဖိုတိုရှော့နည်းပညာများ မပေါ်ပေါက်သေးသည့်အချိန် ဖြစ်ရာ လက်ရာမြောက်လှသည်ဟု ခေါ်ရပေမည်။


mgyoe.com



"ဆိတ်ဆိတ်ညံ့ညံ့ ဧကသံ ဆိုတဲ့ ဂီတလက်ရာ တစ်ခုလည်း ရှိသေးတယ် ဆရာ"

ဝင်စတန်က ဆက်ပြောသည်။

"မိနစ် နှစ်ဆယ်လုံးမှာမှ ဒီ-မေဂျာကော့ တစ်ခုတည်းကိုပဲ ဆင်ဖိုနီ သံစုံတီးဝိုင်းက တီးတာ ခင်ဗျ"

"လာနားထောင်တဲ့သူရော ရှိရဲ့လားဗျာ"

"ရှိပြီလား ဆရာရယ်၊ ထောင်နဲ့ချီပြီးကို လာကြတာ၊ ပြီးတော့ ဒီ-မေဂျာကော့ကို တီးတယ် ဆိုတာလည်း တစ်ခါမှ တကယ့်ကို တစ်ခါပဲ တီးတာနော်၊ အဲသလို တစ်ခါ တီးပြီးတာနဲ့ တီးဝိုင်းက မိနစ်နှစ်ဆယ်လုံး မလှုပ်မယှက်နဲ့ ဘာသံမှလည်း မထွက်ဘဲ ငုတ်တုတ်ကြီး ဆက်ထိုင်နေတာ"

"တော်တော်နောက်တဲ့လူဗျာ၊ အကောင်းမှတ်လို့ နားထောင်နေတာ"

"ကျွန်တော် တကယ်ပြောနေတာ ဆရာ၊ တစ်ခု ရှိတာက ဆရာ ထင်သလောက်တော့ ပျင်းဖို့ မကောင်းပါဘူး၊ စတိတ်စင်ပေါ်မှာက တစ်ကိုယ်လုံး အပြာရောင်ဆေးတွေ သုတ်ထားတဲ့ ဝတ်လစ်စားလစ် အမျိုးသမီး သုံးယောက်လည်း ရှိဦးမှာ ဆရာ၊ သူတို့က ကင်းဗတ်စ အကြီးကြီးတွေပေါ်မှာ တောက်လျှောက် လိမ့်နေမှာ"

အနုပညာ လက်ရာများကို လေ့လာခြင်းဖြင့် ဘဝအချိန် ခပ်များများကို ကုန်လွန်ခဲ့သည့်တိုင် ခေတ်ပေါ် အနုပညာ ရေစီးကို လန်ဒင် တစ်ယောက် မည်သည့် အခါမျှ ခံစား၍ မရပေ။ ခေတ်သစ် အနုပညာသည် လန်ဒင်အတွက် ပဟေဠိ ဖြစ်နေဆဲပင်။

"အကန် ပြောတာတော့ မဟုတ်ပါဘူး ဝင်စတန်ရယ်၊ ဒါပေမဲ့ အဲဒီ မော်ဒန် ဆိုတဲ့ ဟာကို ကျွန်တော် ဘယ်လိုမှ ခံစားလို့ မရဘူးဗျာ"


mgyoe.com

mgyoe.com SAMPLE BOOK

ဝင်စတန်၏ တုံ့ပြန်မှုက အသက်မပါလှ။

"ဒါ ကြားနေကျပါ ကိုယ့်ဆရာ၊ ဆရာတို့ရဲ့ ရှေးဟောင်း ဂန္ထဝင် လက်ရာတွေက တစ်မျိုး တစ်ဘာသာ ဆိုပါစို့၊ ကင်းဗတ်စပေါ်မှာ စုတ်ချက်တွေနဲ့ ဘယ်လို မှုန်းတယ်၊ ကျောက်သားကို ဆောက်သွားနဲ့ ဘယ်လို ဖဲ့တယ် စသဖြင့်ပေါ့လေ၊ အနုပညာရှင် ကိုယ်တိုင် အားထုတ်ရတဲ့ လက်ရာစွမ်းရည်ပေါ် မူတည်ပြီး တန်ဖိုးထားကြ၊ မြတ်နိုးကြတာကိုး၊ မော်ဒန် အနုပညာမှာတော့ ဒီလို မဟုတ်ဘူး ခင်ဗျ၊ အိုင်ဒီယာ တစ်ချက်ပဲ၊ ကိုယ်တိုင် အစ အဆုံး ဖန်တီးဖို့က အဓိက မဟုတ်ဘူး၊ ဥပမာဗျာ… ကော့တစ်ခုပဲ ပါပြီး တစ်ချိန်လုံး ငုတ်တုတ် ထိုင်နေရမယ့် မိနစ်လေးဆယ်စာ ဆင်ဖိုနီတစ်ခုကို ကလေးတောင် ရေးတတ်တယ်၊ ဒါပေမဲ့ ဒီအိုင်ဒီယာကို စရတာက အီးဗ်စ်ကလိန်း ခင်ဗျ"

"ခင်ဗျား ပြောတော့လည်း ဟုတ်နေတာပဲ"

"ဟုတ်ရမယ်လေ၊ ဝေးဝေးမကြည့်နဲ့၊ အပြင်က မြူခိုးလက်ရာကိုပဲ ကြည့်၊ အယူအဆ ပဓာနဝါဒရဲ့ တင်းပြည့်ကျပ်ပြည့် အရှိဆုံး ဥပမာပဲ ကိုယ့်ဆရာ၊ အပေါက်ပါတဲ့ ပိုက်တွေကို တံတားအောက်က သွယ်ဖို့၊ အဲဒီ ပိုက်တွေကနေ ရေပြင်ပေါ်ကို မြူခိုးတွေ မှုတ်ထုတ်ဖို့ ဆိုတာ အနုပညာရှင်ရဲ့ အိုင်ဒီယာ၊ ဟော့… တကယ်တမ်း လက်တွေ့ အကောင်အထည် ဖော်တာကျတော့ ဒီက ရေပိုက်ပြင်ဆရာတွေ"

ဝင်စတန်က ခဏ နားပြီး ဆက်ပြောပြန်သည်။

"ဒါပေမဲ့ ဒီမြူခိုးတွေထဲမှာ စကားဝှက်ကုဒ် ထည့်သွားတာကတော့ အတော်လေး လှတယ် ခင်ဗျ"

"မြူခိုး (Fog) က ကုဒ်တဲ့လား၊ ဘယ်လိုမျိုးတုံး"

"ဟုတ်တယ်၊ ဒီပြတိုက်ရဲ့ ဗိသုကာကို ဂုဏ်ပြုထားတာလေ"

"ဖရန့်ဂယ်ရီမှ ဟုတ်ရဲ့လား"

"အတိအကျ ပြောရရင် ဖရန့်အိုဂယ်ရီ (Frank O. Gehry)"

"ဉာဏ်ကောင်းချက်"

ပြတင်းအနီးသို့ လန်ဒင် လှမ်းနေချိန်ဝယ် ဝင်စတန်က ဆက်ပြောနေ၏။

"ဒီကနေ ဆိုရင် ပင့်ကူကို ကောင်းကောင်းမြင်ရမယ် ဆရာ၊ ဆရာ လာတုန်းက မာမန်းကို မြင်ခဲ့ပြီးလောက်ရောပေါ့"

လန်ဒင်က ပြတင်းမှတစ်ဆင့် အပြင်သို့ ငေးသည်။ ရေပြင်ကို ဖြတ်၍ မျှော်ကြည့်လျှင် အနက်ရောင် ဇရာမ ပင့်ကူကြီးကို လှမ်းမြင်နေရ၏။


"မမြင်ခဲ့နိုင်ရိုးလားဗျာ"

"ဆရာ့လေသံ ကြည့်ရတာ သိပ်သဘောမတွေ့တဲ့ပုံပဲ"

"ကျွန်တော်လည်း တတ်နိုင်သမျှ ခံစားတာပါပဲ"


mgyoe.com

mgyoe.com
SAMPLE BOOK



လန်ဒင်က ခပ်ဆိုင်းဆိုင်း ပြောသည်။

"ကိုယ်က ဂန္ထဝင်သမား ဆိုတော့ ကုန်းပေါ်ရောက်တဲ့ ငါးလို ဒီထဲမှာ နည်းနည်းခွကျ နေတယ်"

"စိတ်ဝင်စားစရာပဲ ခင်ဗျ"

ဝင်စတန်က ဆက်ပြောပြန်သည်။

"တခြားလူတွေထက်စာရင် ဆရာသမားက မာမန်းကို ပိုသဘောကျမယ် ထင်တာ၊ မာမန်းကလည်း ဆန့်ကျင်ဘက် အရာနှစ်ခုကို ယှဉ်ပြတဲ့ ဂန္ထဝင်သရုပ် ဥပမာပဲလေ ဆရာ၊ နောက်အတန်းချိန်မှာတောင် ဆရာ ထည့်သင်ဖို့ ကောင်းသေးရဲ့"

လန်ဒင်က ပင့်ကူကြီးကို သေချာ ထပ်ကြည့်နေသော်လည်း ဝင်စတန် ပြောသည်ကို သဘောမပါနိုင်ဘဲ ဖြစ်နေ၏။ ဆန့်ကျင်ဘက် အရာနှစ်ခု ယှဉ်တွဲနေသည့် သရုပ်ကို ခွဲခြမ်း စိတ်ဖြာ သင်ကြားရတိုင်း အစဉ်အဆက် ပြသခဲ့သည့် ဥပမာတို့ကိုသာ လန်ဒင် အသုံးပြုလေ့ ရှိသည် မဟုတ်ပါလား။

"ဒေးဗစ်နဲ့ပဲ ဆက်စခန်းသွားဖြစ်မယ် ထင်ပါတယ် ကိုယ့်လူရယ်"

"ဟဲ... ဟဲ မိုက်ကယ်အိန်ဂျလိုကတော့ စံပြပေါ့ဗျာ"

ဝင်စတန်က ရယ်ကျဲကျဲဖြင့် ပြန်ပြောသည်။

"ဒေးဗစ်ရဲ့ ခပ်နွဲ့နွဲ့ ကိုယ်ဟန်၊ လက်တစ်ဖက်မှာ လောက်လွှဲကို အသာကိုင်ထားတဲ့ အနေအထား၊ မ သဘာဝရဲ့ ပျောင်းပျော့ပြီး ထိခိုက်လွယ်တဲ့သဘော၊ ဒါတွေကို ပညာသား ပါပါ ပုံဖော်ထားတယ်လေ၊ ဒါပေမဲ့ ဒေးဗစ်ရဲ့ မျက်လုံးတွေကတော့ သန္နိဋ္ဌာန် ပြတ်ပြတ် သားသား ချထားပြီးတဲ့သဘောနဲ့ ဝင်းဝင်းတောက်နေတယ်၊ ဂေါလိယက်ကို သတ်ဖို့ မာန် တင်းရင်း သူ့လက်က အရွတ်ကြောတွေ၊ သွေးကြောတွေ အချောင်းချောင်း ထနေတယ်၊


mgyoe.com

mgyoe.com SAMPLE BOOK

ဒီရုပ်တုက နူးညံ့သလို တစ်ချိန်တည်းမှာပဲ ခက်တရော်နေတယ်''

ဝင်စတန်၏ ခွဲခြမ်းစိတ်ဖြာချက်ကို လန်ဒင်က အတော်ဖြုံသွားသည်။ မိုက်ကယ် အိန်ဂျလို၏ ဤဂန္ထဝင်လက်ရာနှင့် ပတ်သက်ပြီး သူ့ကျောင်းသားများသည်လည်း ဝင်စတန် ကဲ့သို့ ပြက်ပြက်ထင်ထင် ခံစား နားလည်နိုင်လျှင် ကောင်းပေစွ ဟုလည်း တွေးမိသေး၏။

''မာမန်းလည်း ဒေးဗစ်နဲ့ အတူတူပဲ ခင်ဗျ''

ဝင်စတန်က အတောမသတ်သေး။

''ဆန့်ကျင်ဘက် နှစ်ခုကို ရဲရဲကြီး ယှဉ်ပြသွားတယ်၊ တကယ်တမ်းက ဘလက် ဝိုက်ဒိုး ပင့်ကူ ဆိုတာ အရမ်းကြောက်ဖို့ ကောင်းတယ်လေ၊ သားကောင်ကို ပင့်ကူမျှင်တွေနဲ့ ရစ်ပတ် ဖမ်းပြီး သတ်ပစ်တာကလား၊ ဒီလို ကြောက်ဖို့ ကောင်းပေမဲ့ သူ့ဗိုက်မှာကျပြန်တော့ ဥတွေနဲ့ ဖောင်းနေပြန်ရော၊ မွေးတော့မယ်လေ၊ ဇီဝိန်ခြွေမယ့် အနေအထားရော၊ ဇီဝဓာတ် အသစ်ပေးမယ့် ပုံစံကိုပါ တစ်ချိန်တည်းမှာ ဆောင်နေတယ် မဟုတ်လား ဆရာရဲ့၊ ဥအိမ်က လည်း သွယ်သွယ်မျောမျော ခြေထောက်တွေပေါ်မှာ အခံ့သား ရှိနေပြန်တော့ အားကောင်းတဲ့ ပုံကိုရော၊ အထိမခံ ယိုင်နဲ့နေတဲ့ သဘောကိုပါ ပြသွားတာ၊ ဆိုတော့ ဆရာ ဆန္ဒရှိရင် မာမန်းကို ခေတ်သစ် ဒေးဗစ် လို့တောင် ခေါ်လို့ ရသဗျာ''

''အဲသလိုတော့ မခေါ်ချင်ပါဘူးလေ''

လန်ဒင်က အပြုံးဖြင့် ပြန်ဖြေသည်။

''ဒါပေမဲ့ ခင်ဗျား ပြောသွားတာတွေက တွေးစရာ အများကြီး ချန်ခဲ့တာတော့ အမှန်ပဲ''

''ကောင်းပါလေ့ဗျာ၊ ဒါဖြင့်ရင် ကျွန်တော်တို့ နောက်ဆုံးတစ်ခုကို ဆက်ကြည့် ကြရအောင်၊ အက်ဒ်မန်ခါး၏ ကိုယ်တိုင် ဖန်တီးထားတဲ့ လက်ရာပေါ့''

''အက်ဒ်မန်က ဒါမျိုးတွေ လုပ်တယ်လို့ ကျွန်တော် မသိခဲ့ရပါလား''

ဝင်စတန်က ရယ်သည်။

''ဆရာ အကဲဖြတ်ကြည့်ပေါ့လေ''

ပြတင်းပေါက်များကို ချန်ထားရစ်ခဲ့ပြီး လူစုစု ရှိနေသော နေရာ ခပ်ကျယ်ကျယ် တစ်ခုဆီသို့ လန်ဒင်ကို ဝင်စတန်က ဦးဆောင်ခေါ်သွားသည်။ နံရံပေါ်၌ ချိတ်ဆွဲထားသော ရွှံ့ပြားကြီးကြီး တစ်ချပ်ကို မြင်ရ၏။ ရွှံ့စေးပြားမာမာကြီးကို မြင်လိုက်ရသည့် လန်ဒင်မှာ ပြတိုက်ရှိ ကျောက်ဖြစ်ရုပ်ကြွင်းတို့ကိုပင် အမှတ်ရမိသေးသည်။ သို့သော် ဤရွှံ့ပြားတွင် မည်သည့် ရုပ်ကြွင်းမျှ ရှိမနေဘဲ မခြောက်တခြောက် ဘိလပ်မြေပေါ်တွင် ကလေးများ ဟိုခြစ် သည်ခြစ် လုပ်ထားသည်နှင့် အလားတူသော အမှတ်အသားများသာ ရှိနေပေသည်။

လူအုပ်မှာ အမောင် တောင်မှန်း မြောက်မှန်း မသိ ဖြစ်နေကြ၏။

''ဒါကြီးက အက်ဒ်မန့် လက်ရာ ဟုတ်လား''


mgyoe.com

 mgyoe.com SAMPLE BOOK 

မြွေပါသားမွေး ဆင်မြန်းထားသည့် ဘိုးတော် နှုတ်ခမ်းပိုင်ရှင် အမျိုးသမီးက မဲ့ကာရွဲ့ကာ ဆိုသည်။

"ကိုယ်တော့ နားမလည်ဘူး"

လန်ဒင်၏ ဆရာဗီဇက ခေါင်းပြုလာချေပြီ။


"ဒါ တော်တော်လေး အိုင်ဒီယာ ကောင်းတယ်ဗျ၊ ဒီပြတိုက်ထဲမယ် အခုချိန်ထိ တွေ့ရသမျှတွေထဲမှာ ကျွန်တော် အကြိုက်ဆုံးလို့ ပြောရင်တောင် ရမယ်"

အမျိုးသမီးက လန်ဒင်ကို လှည့်ကြည့်ပြီး နှာခေါင်းရှုံ့၏။

"ဒါဖြင့် အလင်းပြတော်မူပါဦး ရှင်ရယ်"

*ဝမ်းသာအားရ ပြပေးရမှာပေါ့ မချောရယ်။*

ရွှံ့စေး မျက်နှာပြင်ပေါ်၌ အကြမ်းရေးခြစ်ထားပုံ ပေါက်နေသည့် လက်ရာဆီသို့ လန်ဒင် တိုးသည်။



"လူသားမျိုးနွယ်ရဲ့ ရှေးအကျဆုံး အရေးဘာသာစကား 'ကျူနီဖောင်း'ကို ရည်ညွှန်းဂုဏ်ပြုတဲ့သဘောနဲ့ ရွှံ့စေးပေါ်မှာ အက်ဒ်မန်က ရေးသွားတဲ့အကြောင်း ကျွန်တော်တို့ အရင်ဆုံး သဘောပေါက်ထားရမယ်"

အမျိုးသမီးက ဇဝေဇဝါဖြင့် မျက်တောင် တစ်ချက် ခတ်သည်။

"အလယ်မှာ ရှိတဲ့ အမှတ်အသားထူထူ သုံးခုက အဆီးရီးယန်းဘာသာနဲ့ ဆိုရင် 'ငါးသတ္တဝါ' လို့ အဓိပ္ပာယ်ရတယ်ဗျ၊ ဒါကို အရုပ်စာလို့လည်း ခေါ်တယ်၊ စေ့စေ့စပ်စပ် ကြည့်မယ် ဆိုရင် ငါးရဲ့ ခေါင်းက ညာဘက်ကို လှည့်နေပြီး ပါးစပ်ဟထားတာကိုပါ တွေ့ရလိမ့်ဦးမယ်၊ သူ့ကိုယ်ပေါ်က တြိဂံပုံ အကြေးခွံတွေရောပဲပေါ့"

လူအုပ်မှာ ခေါင်းများ ငဲ့ကာ စောင်းကာဖြင့် အက်ဒ်မန်၏ လက်ရာကို ထပ်မံ အကဲခတ်နေကြ၏။

"ဒီနေရာလေးကိုလည်း တစ်ချက် ကြည့်ပါဦး"

ငါး၏ ဘယ်ဘက်တွင် ရှိသော အချိုင့်ရာလေးများကို လန်ဒင်က ညွှန်ပြသည်။

"ငါးရဲ့ နောက်ဘက် ရွှံ့ထဲမှာ ခြေရာတွေ ကျန်ခဲ့တယ် ဆိုတဲ့ သဘောမျိုး အက်ဒ်မန်

 mgyoe.com

mgyoe.com SAMPLE BOOK

က လုပ်ထားတယ်၊ ဆင့်ကဲဖြစ်စဉ်အရ ရေထဲကနေ ကုန်းပေါ်ကို တက်လာတဲ့ ငါးရဲ့ သမိုင်းကြောင်းကို ညွှန်းထားတာပေါ့ဗျာ''

ဒေ့သည်များမှာ ခေါင်းတညိတ်ညိတ် ဖြစ်စ ပြုလာချေပြီ။

''နောက်ဆုံးတစ်ခုက ငါးရဲ့ ညာဘက်မှာ ရှိတဲ့ မညီမညာ ခရေပွင့် ပုံစံလေးပဲဗျ၊ ကျွန်တော်တို့ရဲ့ ငါးကလေး ဝါးမျိုပစ်တော့မယ့် ခရေပွင့်လေးပေါ့၊ ဒီခရေပွင့်က တခြား မဟုတ်ဘူး၊ ဘုရားသခင်ကို ရည်ညွှန်းတဲ့ ရှေးအကျဆုံး သင်္ကေတတွေထဲက တစ်ခုပဲ''

ဘိုးတော့ မယ်တော်က လန်ဒင်ကို မကျေမနပ် ကြည့်သည်။

''ငါးက ဘုရားကို စားပစ်မယ်လို့ ပြောချင်တာလား''

''ဆိုပါတော့၊ ဒါဝင်ရဲ့ ငါးကလေးကို ပုံစံတစ်မျိုး ပြောင်းပြီး လှလှပပ သုံးထား တာလေ၊ ဆင့်ကဲဖြစ်စဉ်က ဘာသာရေးကို ဝါးမျိုပစ်မယ် ဆိုတဲ့ သဘော''

လန်ဒင်က လူအုပ်ကို ကြည့်ပြီး ပခုံးတစ်ချက် တွန့်လိုက်သည်။

''ကျွန်တော် ပြောခဲ့ပါပကော၊ အိုင်ဒီယာ တော်တော် ကောင်းပါတယ်လို့''

လူအုပ်ကို လန်ဒင် ကျောခိုင်းထွက်လာခဲ့ချိန်ဝယ် အနှီ ဒေ့သည်တို့မှာ တီးတိုး တီးတိုး သဖန်းပိုး လုပ်ရင်း ကျန်ခဲ့၏။ ဝင်စတန်ကမူ ခွက်ထိုးခွက်လန် ရယ်သည်။

''အလန်းစား အမိုက်စားပဲ ပါမောက္ခကြီးရေ၊ ဆရာ့လက်ချာကို အက်ဒ်မန်တော့ အလွန် သဘောကျမှာ၊ ဒီလက်ရာကို အဓိပ္ပာယ်ဖော်နိုင်တဲ့သူ သိပ်မရှိဘူး''

''ဒါက ကျွန်တော့်အလုပ်ကိုးဗျ''

လန်ဒင်က ပြန်ပက်သည်။

''ဆရာ့ကို အထူးတကာ့ အထူး ဒေ့သည်တော် ဆိုပြီး မစ္စတာခါးရှ်က ဘာကြောင့် သတ်မှတ်သလဲ ကျွန်တော် သဘောပေါက်လာပြီ ကိုယ့်ဆရာရေ၊ ပြောကြကြေး ဆိုရင် ဒီည တခြား ဘယ်ဒေ့သည်ကိုမှ လိုက်မပြမယ့်ဟာတစ်ခု ဆရာ့ကို လိုက်ပြဖို့ မစ္စတာခါးရှ်က ကျွန်တော့်ကို ပြောထားသေးတယ် ခင်ဗျ''

''တယ်ဟုတ်ပါလား၊ ဘာများလဲ''

''ဟိုပြတင်းပေါက်တွေရဲ့ ညာဘက်ကို သွားပါ ဆရာ၊ အဲဒီမှာ မဝင်ရ ဆိုပြီး တားထားတဲ့ စင်္ကြံတစ်ခု တွေ့လိမ့်မယ်''

လန်ဒင်က ဝင်စတန် ခိုင်းသည့်အတိုင်း ညာဘက်ကို လျှောက်သည်။

''ဟုတ်ပြီ၊ တွေ့ပြီ''

''အိုကေ ဆရာ၊ ကျွန်တော် လမ်းညွှန်တဲ့အတိုင်း ဆက်သွားပါနော်''

လန်ဒင်မှာ မရေမရာနှင့်ပင် ဝင်စတန်၏ အဆင့်ဆင့် လမ်းညွှန်ချက်များအတိုင်း လိုက်လုပ်ရတော့သည်။ ဦးစွာ ပြတင်းညာဘက်မှ စင်္ကြံကို ရှာသည်။ ထို့နောက် လူသူ လေးပါးကို ကျီးကန်းတောင်းမှောက် အကဲခတ်ပြီး အတားအဆီးများကို ကျော်ကာ စင်္ကြံ


mgyoe.com

mgyoe.com
SAMPLE BOOK

ထဲသို့ လှစ်ခနဲ ဝင်လိုက်၏။ ခန်းမကျယ်ထဲရှိ လူအုပ်မှာ အနောက်ဘက်၌ ကျန်ခဲ့ချေပြီ။ ပေသုံးဆယ်ခန့် လျှောက်လာခဲ့ပြီးနောက် သတ္တုတံခါး တစ်ခုကို တွေ့လိုက်ရ၏။ ကုဒ်နံပါတ် ရိုက်ထည့်ပြီးမှ ဖွင့်၍ ရမည့် တံခါးမျိုး ဖြစ်သည်။

"ဒီဂဏန်းခြောက်လုံးကို ရိုက်ထည့်ပါ ဆရာ"

ဝင်စတန်က ဂဏန်းခြောက်လုံးကို ရွတ်ပြ၏။

တံခါးပွင့်သွားချေပြီ။

"ကြွပါ ဆရာ"

နားဝေတိမ်တောင် ဖြစ်နေသော လန်ဒင်က အပေါက်ဝ၌ ခေတ္တမျှ ရပ်နေသေးသည်။ ပြီးမှ အားတင်းပြီး တံခါးကို တွန်းဖွင့်လိုက်၏။ အထဲ၌ ပိန်းပိတ်အောင် မှောင်နေသည်။

"မီးဖွင့်ပေးပါ့မယ် ဆရာ"

ဝင်စတန်က အားပေးသည်။

"အထဲဝင်ပြီး တံခါးလေးကိုသာ ပြန်ပိတ်လိုက်ပါ"

အမှောင်ထဲသို့ ပြူးပြဲကြည့်ရင်း လန်ဒင်က အထဲ ဝင်လိုက်သည်။ တံခါးပိတ်လိုက်သည်နှင့် လော့ခ်ကျသွားသံ တစ်ချက်ကို ကြားရ၏။ မှိန်ဖျော့ဖျော့ အလင်းရောင်က အခန်းထောင့်စွန်းများ၌ တဖြည်းဖြည်း ထွက်ပေါ်လာသည်။ ထင်မှတ်မထားလောက်အောင် ကျယ်ဝန်းလှသော နေရာပင်။ ဂျမ်ဘိုဂျက် (ဘိုးအင်း) လေယာဉ်ကြီးများ တန်းစီ ထည့်ထားသည့် လေယာဉ်ရုံကြီးနှင့်ပင် အလားတူသေး၏။

"စတုရန်းပေပေါင်း သုံးသောင်း လေးထောင် ကျယ်ပါတယ် ဆရာ"

ဝင်စတန်က အလိုက်တသိ ပြော၏။

ဤအခန်းနှင့် ယှဉ်လျှင် အပြင်ဘက်မှ ခန်းမကျယ်မှာ ကစားစရာမျှသာ။

တဖြည်းဖြည်းနှင့် မီးပိုလင်းလာလေ ကြမ်းပြင်ပေါ်ရှိ ရောမ အရာတို့ကို ပိုမို၍ သဲသဲကွဲကွဲ မြင်ရလေ ဖြစ်၏။ ညအခါ ကွင်းပြင်၌ ကျက်စားနေကြသော ဒိုင်နိုဆောကြီးများ အလားသဏ္ဌာန်တူသည့် ခပ်မည်းမည်း အရိပ်အယောင် ခုနစ်ခု၊ ရှစ်ခုခန့် မြင်ရလေသည်။

"ဘာတွေလဲဟေ"

"ဒါကို The Matter of Time လို့ ခေါ်ပါတယ် ဆရာ"

ဝင်စတန်၏ ရွှင်ရွှင်မြူးအသံက နားကြပ်ထဲမှ ဆက်လက် ထွက်ပေါ်လျက် ရှိသည်။

"ဒီပြတိုက်ထဲမယ် အထူးခြားဆုံး လက်ရာတွေထဲက တစ်ခုပေါ့၊ ပေါင်နှစ်သန်း ကျော်တယ်"

လန်ဒင်မှာ လက်ရှိ ရောက်နေသော နေရာကို ကောင်းကောင်း ကျင့်သားမရသေး။

"ဒီမှာ ဘာလို့ ကျွန်တော် တစ်ယောက်တည်း ဖြစ်နေတာလဲ"

"ကျွန်တော် ပြောပြီးပြီလေ ဆရာ၊ ဒီလက်ရာကောင်းတွေကို ဆရာ မြင်အောင်


mgyoe.com

mgyoe.com SAMPLE BOOK

ပြဖို့ မစ္စတာခါးရှ်က ကျွန်တော့်ကို ညွှန်ကြားထားပါတယ်လို့”

ယခုအခါတွင် မီးထိန်ထိန် လင်းလာပြီ ဖြစ်၍ အခန်းကျယ်ကြီး တစ်ခုလုံးကို ကောင်းစွာ မြင်ရချေပြီ။ ရှေ့မှ မြင်ကွင်းကို ကြည့်ပြီး လန်ဒင် ပါးစပ်အဟောင်းသား ဖြစ်သွားရ၏။

*ငါ တခြား စကြဝဠာထဲ ရောက်သွားတာများလား။*


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၇)

ပြတိုက်ရှိ လုံခြုံရေးဂိတ်သို့ ရောက်ရှိလာပြီ ဖြစ်သော ဗိုလ်ချုပ်ကြီး အဗီးလားသည် အစီအစဉ်အတိုင်း ချိန်သားကိုက်၊ မကိုက် သိရှိနိုင်ရန် နာရီကို ဖျတ်ခနဲ လှမ်းကြည့်လိုက်၏။

*ကွက်တိပဲ။*

ယနေ့ည ရောက်ရှိလာမည့် ဧည့်သည် စာရင်းစာရွက် ကိုင်ထားသော ဝန်ထမ်းအား နိုင်ငံသားကတ် ပြလိုက်သည်။ ဧည့်စာရင်းတွင် နာမည် ရှာမတွေ့။ အဗီးလား ရင်ခုန်သံမြန်လာသည်။ သို့သော် စာရင်း၏ အောက်ခြေ၌ အဗီးလား၏ အမည်ကို တွေ့သွားချေပြီ။ နောက်ဆုံး စက္ကန့်ပိုင်းလေးတွင်မှ ထပ်ထည့်လိုက်ခြင်းပင်။ အဗီးလား ဝင်ခွင့်ရသွားပြီ ဖြစ်၏။

*ရီးဂျင့် ကတိပေးထားတဲ့အတိုင်း အတိအကျပဲ။*

စာရင်းထဲ အမည်ပါလာအောင် မည်သို့ မည်ပုံ ကြံဆောင်လိုက်ကြောင်း အဗီးလား စဉ်းစားမရ။ ယနေ့ည ဧည့်သည်စာရင်းကို သံကွန်ချာ ခုနစ်ထပ် အုပ်ပြီး တင်းကျပ်ထားသည် မဟုတ်ပါလား။ ထို့နောက် အဗီးလားက လုံခြုံရေး စစ်ဆေးသည့် ကိရိယာဆီ လှမ်းသည်။ မစစ်ဆေးခင် အိတ်ထဲမှ လက်ကိုင်ဖုန်းကို ထုတ်ပြီး ဗန်းထဲ ထည့်ရသေး၏။ ပြီးလျှင် အပေါ်ရုံ ဂျက်ကက်အင်္ကျီထဲမှ ပုတီးကုံးကို သတိကြီးကြီး ထားပြီး ဆွဲထုတ်ကာ ဖုန်းပေါ် တင်လိုက်၏။ ပုတီးကုံးမှာ ထူးထူးခြားခြား လေးပင်လှသည်။

*'ဖြည်းဖြည်း'* အဗီးလားက သူ့ကိုယ်သူ စိတ်ထဲမှ သတိပေးသည်။ *ဖြည်းဖြည်းလေး လုပ်မယ်။*

လုံခြုံရေးဝန်ထမ်းက သတ္တုစစ်ဆေးသည့် ကိရိယာဖြင့် အဗီးလားကို အပြန်ပြန် အလှန်လှန် စစ်ဆေးပြီးနောက် ပစ္စည်းများ ထည့်ထားသော ဗန်းကို တစ်ဖက်သို့ ယူလာပေးသည်။

''ကယ်ရီဆားရီးယိုး တန်ဘိုနီတို''

သတ္တုပုတီးကုံးကို ကြည်ညိုလေးစားစွာ ကြည့်ရင်း လှလိုက်တဲ့ ပုတီးလေးပဲ ဟု လုံခြုံရေးဝန်ထမ်းက ပင်္ခသန္တာရ စကားဆိုသည်။ ပုတီးလုံးများကို သီဆက်ထားသော သတ္တုကြိုးမှာ ခိုင်မာ တောင့်တင်းလှသည့်အပြင် လက်ဝါးကပ်တိုင်မှာလည်း ခပ်ထူထူ ဖြစ်၏။


mgyoe.com

mgyoe.com SAMPLE BOOK

"ဂရားသီးရပ်စ်" အဖိုးလားက *ကျေးဇူးတင်ကြောင်း* ခွန်းတုံ့သည်။

*ကျုပ်ကိုယ်တိုင် လုပ်ထားတာပဲလေ။*

လုံခြုံရေး စစ်ဆေးသည့် ကိရိယာကို အဖိုးလား ချောချောမောမော ဖြတ်ကျော်နိုင်ခဲ့ပြီ ဖြစ်သည်။ တစ်ဖက်သို့ ရောက်သည်နှင့် လက်ကိုင်ဖုန်းနှင့် ပုတီးကုံးကို ဗန်းထဲမှ ပြန်ယူပြီး အိတ်ထဲသို့ အသာအယာ ထည့်လိုက်၏။ ဒုတိယဂိတ်သို့ ရောက်သောအခါ အဖိုးလားကို နားကြပ်တစ်ခု ကမ်းပေး၏။ နားကြပ်ပုံစံမှာ အထူးအဆန်းပင်။

*'ကျုပ်က ပြတိုက်ထဲ လာလေ့လာတာမှ မဟုတ်တာ'* အဖိုးလားက တွေးသည်။ *ကျုပ်မှာ လုပ်စရာ တာဝန်ရှိတယ်။*

ခန်းမကျယ်ကို ဖြတ်ကျော်လာချိန်ဝယ် အဖိုးလားသည် နားကြပ်ကို အမှိုက်ပုံးထဲသို့ အသာအယာ ပစ်လိုက်သည်။ ရီးဂျင့်နှင့် ဆက်သွယ်ရန် လျှို့ဝှက်နေရာကို ရှာဖွေနေစဉ် အဖိုးလား၏ ရင်တို့ တဒိုင်းဒိုင်း ခုန်နေသည်။ ပြတိုက်အတွင်းသို့ အဆင်ပြေပြေ ရောက်သွားပြီ ဖြစ်ကြောင်း သတင်းပို့ရပေမည်။

*'ဘုရားသခင်အတွက်၊ တိုင်းပြည်အတွက်၊ ဘုရင်ကြီးအတွက်'* အဖိုးလား၏ စိတ်ထဲ၌ ဤအတွေးတို့ ပဲ့တင်ထပ်နေသည်။ *အဓိကကတော့ ဘုရားသခင်အတွက်ပေါ့။*

ထိုအချိန်မှာပင် ဒူဘိုင်းမြို့ အပြင်ဘက်ရှိ အစွန်အဖျားကျ နက်ရှိုင်းလှသည့် သဲကန္တာရထဲ၌ အသက် ၇၈ နှစ်အရွယ် အလ္လမာ ဆိဒ်အယ်လ်ဖာဒီသည် သဲနက်နက်ထဲ၌ တရွတ်တိုက် သွားရင်း ပြင်းစွာသော ဝေဒနာကို ကြိတ်မှိတ် ခံစားနေရလေသည်။ ကန္တာရလမ်းကမူ ရွှန်းပလျက် ရှိ၏။ ဆိဒ်အယ်လ်ဖာဒီ၏ အရေပြားတို့မှာ အပူလောင်ပြီး အရည်ကြည်ဖုများလည်း ထနေချေပြီ။ လည်ချောင်းမှာ ရှတ နာကျင်လွန်း၍ အသက်ပင် ရှူမသွင်းနိုင်၊ ဟိုက်ပင် မဟိုက်နိုင်တော့။ သဲမုန်တိုင်းကြောင့် အလ္လမာကြီး၏ အမြင်အာရုံတို့ ပျောက်ကွယ်သွားခဲ့ရသည်မှာလည်း နာရီပေါင်း အတော်ကြာခဲ့ပြီ ဖြစ်၏။ သို့သော် အလ္လမာကြီးက အားတင်းပြီး တရွတ်တိုက်သွားနေဆဲပင်။ တစ်ချိန်တွင် ကန္တာရသုံး ဂျစ်ကားကြီးများ၏ အသံကို ကြားလိုက်ရသလို ခံစားမိသည့်တိုင် လေတိုးသံ တဟူးဟူးလည်း ဖြစ်နိုင်ပေသည်။ ဘုရားသခင် ကယ်မလိမ့်မည် ဟူသော ယုံကြည်ချက်တို့လည်း ကန္တာရလေနှင့်အတူ လွင့်ပါးသွားခဲ့ပြီး ဖြစ်၏။ လင်းတတို့မှာ လေပေါ်၌ ပတ်ကာ ဝဲပျံမနေတော့ဘဲ သူ့ဘေး သဲပြင်ပေါ်တွင် တောက်လျှောက် လိုက်နေချေပြီ။

ယမန်နေ့ညက အယ်လ်ဖာဒီ၏ ကားကို အနုကြမ်း စီးပြီး အပြောကျယ်လှသည့် ကန္တာရထဲသို့ အပြင်းမောင်းခေါ်လာခဲ့သော ထောင်ထောင်မောင်းမောင်း စပိန်ကြီးသည် စကား တစ်ခွန်းမျှ မဆိုသလောက်ပင်။ တစ်နာရီကြာမျှ မောင်းပြီးနောက် စပိန်ကြီးသည် ကားကို


mgyoe.com

mgyoe.com SAMPLE BOOK

ရပ်လိုက်ပြီး အယ်လ်ဖာဒီကို ဆင်းခိုင်း၏။ ထို့နောက် အစာရေစာ စိုးစဉ်းမျှ မပေးဘဲ သူ့ကို ထားရစ်ကာ မောင်းထွက်သွားလေသည်။

စပိန်ကြီး မည်သူ မည်ဝါ ဆိုသည်ကို မသိရသလို အဘယ်ကြောင့် ဤသို့ ဖမ်းခေါ်လာသနည်း ဟူသည့် အချက်ကိုလည်း အရိပ်အမြွက်မျှ နားမလည်ခဲ့ရချေ။ ထိုလူ၏ ညာဘက်လက်ဖဝါးရှိ ထူးထူးခြားခြား အမှတ်အသား တစ်ခုကိုသာ အယ်လ်ဖာဒီ အမှတ်ထားမိ၏။ သို့သော် ထိုသင်္ကေတကို အယ်လ်ဖာဒီ မမြင်ဖူးချေ။

အလ္လမာကြီးသည် သဲကန္တာရထဲ၌ နာရီပေါင်းများစွာ ကြာအောင် ဆင်ကန်းတောတိုး သွားလာရင်း အကူအညီ ရလိုရငြား ဟစ်အော်ခဲ့သေးသော်လည်း အကြောင်းမထူးပေ။ ယခုအခါ ပြင်းထန်စွာ ရေဓာတ် ခန်းခြောက်နေပြီ ဖြစ်သော အလ္လမာကြီး အယ်လ်ဖာဒီမှာ သဲပြင်ပေါ်၌ ဗုန်းဗုန်းလဲသွားချေပြီ။ နောက်ဆုံးသော နှလုံးစည်းချက်တို့ ဖျော့တော့စွာ ခုန်နေချိန်၌ အလ္လမာကြီးသည် တူညီသော မေးခွန်းတစ်ခုကိုသာ စိတ်ထဲ၌ ထပ်ကာတလဲလဲ မေးနေခဲ့၏။ ထိုမေးခွန်းကို တစ်ကိုယ်တည်း မေးနေသည်မှာ နာရီပေါင်း မနည်းတော့ပေ။

*ကျုပ်ကို ဘယ်သူက သေစေချင်ရတာလဲ။*

ကျိုးကြောင်းဆီလျော်သော အဖြေမှာ တစ်ခုတည်း ရှိကြောင်း အလ္လမာကြီး အယ်လ်ဖာဒီ ထိတ်လန့်စွာ သဘောပေါက် နားလည်လိုက်၏။

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၈ )

ရောဘတ်လန်ဒင်သည် ဇရာမ သင်္ဘောကျန်တစ်ခုချင်းစီကို တအံ့တသြ လိုက်ကြည့်နေမိ၏။ အနီ လက်ရာတို့မှာ အတန် မြင့်မားလှသော သံမဏိထည်များ ဖြစ်ပြီး သပ်ရပ်လှပစွာ ကွေးကောက်နေပေသည်။ အဆိုပါ သံမဏိလက်ရာ ခပ်ကွေးကွေးတို့မှာ မည်သည့် အကူအညီမျှ မပါဘဲ ကိုယ့်ကို ကိုယ်ကိုးကာ မတ်မတ်ရှိနေ၏။ ဆယ့်ငါးပေနီးနီး အမြင့်ရှိသော သံမဏိ လက်ရာတို့အား ဖဲကြိုးသင်္ဘောကျန်၊ တစ်ဖက်ပွင့် စက်ဝိုင်းသင်္ဘောကျန်၊ လျှော့တိလျှော့ရဲ ခရုပတ်ခွေ သင်္ဘောကျန် စသဖြင့် မှုဟန်သွယ်သွယ် တွေ့မြင်နိုင်သည်။

"The Matter of Time ရဲ့ လက်ရာရှင်က ရစ်ချတ်ဆီရာ"

ဝင်စတန်က ဆက်ပြောသည်။

"ဒီလောက် လေးတဲ့ ပစ္စည်းတွေကို ဘေးက အထိန်းရယ်လို့ မည်မည်ရရ မရှိဘဲ နံရံလို ထောင်ထားတာက ရုတ်တရက် ကြည့်ရင် အခုပဲ လဲသွားတော့မလို၊ တော်ကြာနေ ယိုင်သွားတော့မလိုနဲ့ အတော်လေးတော့ အသည်းယားဖို့ ကောင်းတယ် ခင်ဗျ၊ ဒါပေမဲ့ သူတို့က လုံးဝ အငြိမ်ပဲ၊ ဘယ်လိုမှ ယိုင်သွား၊ လဲသွားစရာ အကြောင်းမရှိဘူး၊ ဒေါ်လာ တစ်ရွက်ကို ခဲတံမှာ ပတ်ကြည့်လေ၊ ခဲတံကို ဖယ်လိုက်ရင်လည်း အဲဒီ လိပ်နေတဲ့ ပိုက်ဆံကို အေးအေးဆေးဆေး ဆက်ထောင်ထားလို့ ရတဲ့ သဘောပဲပေါ့"

လန်ဒင်က ခေတ္တမျှ ရပ်ပြီး သူ့ဘေးရှိ စက်ဝိုင်းသင်္ဘောကျန် လက်ရာကို စေ့စေ့ငုငု အကဲခတ်သည်။ သတ္တုမှာ ကြေးနီရောင် ခပ်ပြောင်ပြောင် ဖြစ်ပြီး အသက်ဝင်လှသည်။ ခွန်အားရှိသည့်ဟန်နှင့် သိမ်သိမ်မွေ့မွေ့ ဟန်ချက်ထိန်းထားသော သင်္ဘောကျန်တို့ကို တစ်ပြိုင်နက် ဖော်ပြနေ၏။

"ဒီ ပထမတစ်ခု ပွင့်နေတာရော သတိထားမိလား ဆရာ"

ဝင်စတန် ရည်ညွှန်းသော စက်ဝိုင်းသင်္ဘောကျန်ကို လန်ဒင်က တစ်ပတ်ပတ်သည်။ ကလေး တစ်ဦး ဝလုံးရေးရန် ကြိုးစားသော်လည်း စမှတ်နှင့် ဆုံးမှတ် မထိဘဲ ဟသွားသည့်နှယ် စက်ဝိုင်းနံရံ၏ အစွန်းနှစ်ဖက်က တစ်ခုနှင့် တစ်ခု မဆုံချေ။

"လာလည်တဲ့သူတွေကို သင်္ဘောကျန်မဲ့ နေရာလွတ် ဆိုတဲ့ အရသာ ခံစားစေချင်တဲ့ သဘောပေါ့ ဆရာ၊ အထဲမှာ လမ်းကြောင်းလေး ဖြစ်သွားတယ်လေ"




mgyoe.com

*'အင်း… လာလည်တဲ့သူက အလုံပိတ် နေရာတွေကို ကြောက်တဲ့ရောဂါ ရှိရင်တော့ လည်း တစ်မျိုးပေါ့လေ'* လန်ဒင်က စိတ်ထဲ တွေးရင်း ထိုအနားမှ ခပ်သွက်သွက် ခွာသည်။

"ဆရာ့ရှေ့ကဟာလည်း အတူတူပဲ၊ တစ်ခုနဲ့ တစ်ခု အပြိုင်လို ဖြစ်နေတဲ့ အကွေ့အကောက် သုံးခုကို တွေ့တယ် မဟုတ်လား ဆရာ၊ သူတို့တွေက ကပ်နေတော့ ဥမင်လမ်းကြောင်းပုံ ပေါ်လာတယ်လေ၊ အထင်မသေးနဲ့ ဆရာ၊ ပေတစ်ရာကျော် ရှည်တယ်၊ သူ့နာမည်က 'မြွေလိမ်မြွေကောက်' တဲ့၊ ကလေးတွေကတော့ ဒီထဲ ပြေးရတာ လွတ်ကြိုက်ပဲ၊ ပေတစ်ရာကျော် ရှည်တယ် ဆိုပေမဲ့ လူနှစ်ယောက် ဟိုဘက်အစွန်၊ ဒီဘက်အစွန်မှာ ရပ်ပြီး လေသံလေးနဲ့ ပြောရင်တောင် မျက်နှာချင်းဆိုင် ပြောနေတဲ့အတိုင်း ပီပီသသ ကြားရတယ် ဆရာရေ"

"ထူးထူးခြားခြားပဲဗျ၊ နော့ ဝင်စတန်၊ ဒါပေမဲ့ အက်ဒ်မန်က ကျွန်တော့်ကို ဘာလို့ ဒီဟာတွေ လာကြည့်စေချင်ရတာလဲ"



*ကိုယ် ဒါတွေ မကြိုက်မှန်း သူ သိတယ် ဝင်စတန်ရဲ့။*

"ဆရာ့ကို အဓိက ပြဖို့ မှာထားတာ ဟိုးညာဘက်ထောင့်က တစ်ခုပေါ့၊ 'ကြောင်လိမ်' လို့ ခေါ်တယ်၊ တွေ့လား ဆရာ"

လန်ဒင်က ခပ်လှမ်းလှမ်းသို့ မျက်စိစွေကြည့်သည်။ *ဟိုး… တစ်မိုင်လောက် အကွာက ဟာကြီးလား။*

"အင်း… တွေ့တယ်လေ"

"ဟုတ်ပြီ ဆရာ၊ အဲဒီနား သွားကြရအောင်"


mgyoe.com

mgyoe.com SAMPLE BOOK

အခန်းကျယ်ကြီးကို တံ့ဆိုင်းဆိုင်းဖြင့် တစ်ချက် ကြည့်ပြီးနောက် အတော်လှမ်းလှမ်းရှိ ကြောင်လိမ်ဆီသို့ လန်ဒင် ဦးတည်သည်။ ဝင်စတန်က တတွတ်တွတ် ဆက်ပြောနေဆဲပင်။

"အက်ဒ်မန်ခါးရှ်က ဆရာ့ကို တအားကြည်ညိုတာလို့ ကျွန်တော် သိထားတယ်၊ အထူးသဖြင့် သမိုင်းတစ်လျှောက် အဆင့်ဆင့် ပြောင်းလဲလာတဲ့ ကိုးကွယ်ယုံကြည်မှု ဓလေ့တွေ… ဒီလို တိုးတက်ပြောင်းလဲလာတဲ့အတွက် အနုပညာလက်ရာတွေအပေါ် ဘယ်သို့ ဘယ်ပုံ သက်ရောက်တာတွေ… ဒါတွေနဲ့ ပတ်သက်တဲ့ ဆရာ့အတွေးအခေါ် အားလုံးနီးနီးကို သူ သိပ်သဘောကျတာ၊ ပြောကြကြေး ဆိုရင် အက်ဒ်မန်ရဲ့ ဂိမ်းသီအိုရီတွေ၊ အနာဂတ်ကို မှန်းဆ တွက်ထုတ်တဲ့ လမ်းကြောင်းတွေကလည်း ခုနင်က ကျွန်တော် ပြောခဲ့တဲ့ဟာတွေနဲ့ အတော်လေးကို ဆင်ဆင်တူတာကိုး ဆရာရဲ့၊ လူနေမှုအမျိုးမျိုး၊ စနစ်အဖုံဖုံရဲ့ ကြီးထွား တိုးတက်လာတဲ့ ပုံစံကို ခွဲခြမ်းစိတ်ဖြာပြီး နောင်အနာဂတ်မှာရော သူတို့ ဘယ်ဘူတာ ဆိုက်မလဲ ဆိုတာ ခန့်မှန်းရတာမျိုး မဟုတ်လား"

"ဒီနယ်ပယ်မှာတော့ အက်ဒ်မန်က သိပ်ကို တော်လွန်းပါတယ်ဗျာ၊ နော့စတြားဒမ်းမြု လက်သစ်လို့တောင် တင်စားကြသေးတယ် မဟုတ်လား ကိုယ့်လူရဲ့"

"ဟုတ်တယ်လေ၊ ကျွန်တော့်အမြင်မှာတော့ အက်ဒ်မန်ကို စော်ကားလိုက်သလိုမျိုးပဲ"

"ဘာလို့တုံး"

လန်ဒင်က မကျေနပ်။

"နော့စတြားဒမ်းမြု ဆိုတာ သမိုင်းမှာ အကြီးကျယ်ဆုံး တဘောင်ဆရာပဲလေ၊ မဟုတ်ဘူးလား"

"ကျွန်တော် ဆရာ့ကို ကန့်လန့်လိုက်တိုက်တာတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ နော့စတြားဒမ်းမြု ရေးသွားတာတွေက သိုက်စာလိုလို၊ တဘောင်စာလိုလို ရေရေရာရာ မရှိတဲ့ စာပိုဒ်လေးတွေလေ ဆရာ၊ တစ်ထောင်နီးနီးတောင် ရှိမလားပဲ၊ ဟော… နှစ်လေးရာလောက် အတွင်းမှာ ဉာဏ်ကြီးရှင်တွေ၊ အယူသီးတဲ့သူတွေ ကိုယ်လိုရာ ဆွဲပြီး ဖတ်တော့မှ အဓိပ္ပာယ် ရယ်လို့ ဖြစ်လာတာပါ၊ ဒုတိယကမ္ဘာစစ်က အစ မင်းသမီးဒိုင်ယာနာ ဆုံးတာ အလယ် ကမ္ဘာ့ကုန်သွယ်ရေးစင်တာကြီး အတိုက်ခံရတာအဆုံး ပေါက်ပြီးမှ ဖော်တဲ့ 'ပေါက်ဖော်' လုပ်ကြတာလေ ကိုယ့်ဆရာ၊ အလကားဟာတွေပါဗျာ၊ အက်ဒ်မန်ခါးရှ်က ဒီလို မဟုတ်ဘူး၊ သူ့ဟောကိန်းတွေက အရေအတွက် နည်းနည်း၊ အတိအကျ၊ အချိန်တိုမှာပဲ တကယ်ဖြစ်လာတာ၊ အင်တာနက် ကလောက်နည်းပညာတွေ၊ မောင်းသူမဲ့ကားတွေ၊ အက်တမ်ငါးလုံးတည်းနဲ့ အလုပ်လုပ်တဲ့ ချစ်ပ်ပြားတွေ စသဖြင့်… စသဖြင့်ပေါ့၊ မစ္စတာခါးရှ်က နော့စတြားဒမ်းမြုနဲ့ မတူဘူးဗျ"

*'ဟုတ်ပါပြီဗျာ၊ ကျုပ် ပန်းပေးပါတယ်'* လန်ဒင်က စိတ်ထဲ တိတ်တိတ်တွေးသည်။ အက်ဒ်မန်ခါးရှ်ကို လုပ်ဖော်ကိုင်ဖက်များက အလွန် သစ္စာရှိကြောင်း လန်ဒင် ကြားဖူး၏။


mgyoe.com

mgyoe.com SAMPLE BOOK

ဝင်စတန်သည်လည်း ခါးရှ၏ အမာခံ သာဝကတစ်ဦး ဖြစ်ချိမ့်။

"ဘယ့်နှယ်လဲ ဆရာ၊ ပြတိုက်ထဲ လှည့်ပတ်ကြည့်ရတာ အဆင်ပြေရဲ့လား"

ဝင်စတန်က စကားလမ်းကြောင်းလွှဲရင်း မေးသည်။

"ပြေချက်ပဲ ကိုယ့်လူရေ၊ ပြတိုက်လမ်းညွှန်စနစ်နဲ့ နည်းပညာကို ပေါင်းသွားတာ အလွန့် အလွန် တော်ပါပေတယ်ဗျာ"

"ဟုတ်တယ်၊ ဒီလို ဖြစ်လာဖို့က အက်ဒ်မန်ရဲ့ အိပ်မက်ပဲ၊ အချိန်ရော ငွေပါ နှစ်တွေ အများကြီး ချိုပြီး ရင်းနှီးခဲ့ရတာ မနည်းမနောပဲ"

"တကယ်ကြီးလားဗျ၊ ကျွန်တော့်အမြင်မှာ ဒီစနစ်က ထင်သလောက်လည်း မရှုပ် ပါဘူး၊ တစ်ခုတော့ ရှိတယ်၊ ခင်ဗျားနဲ့ စစချင်း စကားပြောတုန်းက ဟုတ်ပါ့မလား မောင်ကာဠု ရယ်လို့ တွေးမိသေးတယ်၊ ဒါပေမဲ့ စကားပြောရတာ သိပ်ကို စိတ်ဝင်စားဖို့ ကောင်းပါ သဗျာ"

"ကျေးဇူးတင်ပါတယ် ဆရာ၊ ဆရာ့ကို ဝန်ခံစရာ တစ်ခုတော့ ရှိတယ်ဗျ၊ ဘာလို့လဲ ဆိုတော့ ကျွန်တော် ဆရာ့ကို ဖုံးထားတာလေးတွေလည်း ရှိသေးတာကိုး"

"ဘယ်လို..."

"ပထမဆုံး တစ်ခုက ကျွန်တော့်နာမည် ဝင်စတန် မဟုတ်ဘူး၊ ကျွန်တော့်နာမည်က အေအာရ်တီ တဲ့"

လန်ဒင်က ရယ်သည်။

"အေအာရ်တီ - အာ့တ် ဆိုတာ အနုပညာပေါ့၊ ပြတိုက်လမ်းညွှန်ရဲ့ နာမည်က 'မောင်အနုပညာ' ဆိုတော့ ဘယ်ရိုင်းမလဲ ကိုယ့်လူရဲ့၊ ကောင်းပါလေ့ဗျာ၊ တွေ့ရတာ ဝမ်းသာ ပါရဲ့ အေအာရ်တီရေ"

"နောက်တစ်ခု ရှိသေးတယ် ဆရာ၊ ခုနက ဆရာ မေးတယ် မဟုတ်လား၊ ကျွန်တော် က ဆရာ့ဘေးမှာ လူကိုယ်တိုင် လိုက်ပြီး ဘာလို့ ရှင်းမပြနိုင်တာလဲ ဆိုပြီး မေးတော့ ပြတိုက်ထဲမှာ လူတွေ အရမ်းရှုပ်နေမှာကို မစ္စတာခါးရှ်က မကြိုက်လို့ ဆိုပြီး ကျွန်တော် ခပ်တည်တည်နဲ့ ဖြေခဲ့တယ်လေ၊ အဲဒီ အဖြေက သိပ်မပြည့်စုံဘူး ဆရာ၊ လူကိုယ်တိုင် မဟုတ်ဘဲ နားကြပ်ကနေ တစ်ဆင့်ပဲ ဆရာနဲ့ ဆက်သွယ်ရတဲ့ အကြောင်း နောက်တစ်ခု ရှိသေးတယ်"

ဝင်စတန် တစ်ဖြစ်လဲ အေအာရ်တီက စကားစကို ခဏ ဖြတ်ပြီးမှ ဆက်ပြော ပြန်သည်။

"တကယ်တမ်းကျတော့ ကျွန်တော်က လှုပ်လို့ ရှားလို့ မရဘူး ဆရာ"

"ဖြစ်ရလေဗျာ၊ ကျွန်တော် စိတ်မကောင်းပါဘူး"

ဆက်သွယ်ရေး ဗဟိုဌာနချုပ်တွင် ဘီးတပ် ကုလားထိုင်လေးပေါ် ထိုင်ရင်း အလှုပ်


mgyoe.com

mgyoe.com SAMPLE BOOK

လုပ်နေရာမည့် အေအာရ်တီကို လန်ဒင် မြင်ယောင်လာသည်။ မသန်မစွမ်း အခြေအနေကို လူစိမ်းတစ်ဦးအား ဘွင်းဘွင်းကြီး ပြောရရန် ခဲယဉ်းလှပေမည်။

“စိတ်မကောင်း မဖြစ်ပါနဲ့ဗျာ၊ ကျွန်တော့်မှာ ခြေထောက်တွေ ရှိရင်လည်း မြင်ရတာ အတော်လေး ခွတီးခွကျ ဖြစ်နေလိမ့်မယ်၊ ဆရာ နားလည်မှု လွဲနေပြီ ထင်တယ်”

လန်ဒင်၏ ခြေလှမ်းတို့ နှေးလာသည်။

“ဘာပြောချင်တာလဲ”

“ကျွန်တော့်နာမည် အေအာရ်တီ ဆိုတာ နာမည်စစ်စစ် မဟုတ်ဘူးဗျ၊ အတိုကောက် စာလုံးတစ်လုံး၊ အတိအကျ ပြောရရင် ‘အဇီဝ’ ဆိုတဲ့ အာတီဖစ်ရှယ်ရဲ့ အတိုကောက် စာလုံးပဲ၊ မစ္စတာခါးရှ်ကတော့ ‘လူ့ဖန်တီးမှု’ ဆိုတဲ့ စကားလုံးကို ပိုကြိုက်တယ်”

အသံက ခေတ္တမျှ ဆိုင်းသွား၏။

“အရှင်းဆုံး ပြောရရင်တော့ဗျာ၊ ဒီတစ်ညနေလုံး ကိုယ့်ဆရာနဲ့ စကားပြောနေတာက အထူး ဖန်တီးထားတဲ့ ပြတိုက်လမ်းညွှန် တစ်ယောက်ပေါ့၊ ကွန်ပျူတာ တစ်မျိုးပဲ ဆိုကြပါစို့”

လန်ဒင်က ဇဝေဇဝါဖြင့် တောင်ကြည့် မြောက်ကြည့် လုပ်သည်။

“ဘယ်လိုတွေလဲဗျာ၊ ကျွန်တော့်ကို အရူးလုပ်ဖို့ပါ အက်ဒ်မန်က ပြောထားသေးလို့လား”

“မဟုတ်ဘူး ဆရာ၊ ကျွန်တော် အတည်ပြောနေတာပါ၊ အဇီဝဉာဏ်နယ်ပယ်မှာ အက်ဒ်မန် စိတ်ရော ကိုယ်ပါ မြှုပ်ထားတာ ဆယ်စုနှစ်နဲ့ ချီနေပြီ၊ ငွေတွေလည်း ဘီလျံချီ သုံးတာ၊ ဒီအသီးအပွင့်တွေကို ကနေ့ည ဦးဦးဖျားဖျား မြည်းစမ်းခွင့် ရတဲ့သူတွေထဲမှာ ပါမောက္ခကြီးလည်း တစ်ယောက်အပါ ဆိုပါတော့လေ၊ ဆရာနဲ့ တစ်ချိန်လုံး စကားပြော နေတဲ့ ကျွန်တော်က လူမဟုတ်ပါဘူး ခင်ဗျာ၊ ကွန်ပျူတာပါပဲ၊ လူဖန်တီးထားတဲ့ ပြတိုက် လမ်းညွှန်တစ်ခုပါပဲ”

လန်ဒင်မှာ ရုတ်တရက် ဘာပြန်ပြောရမှန်း မသိချေ။ ဤလူ၏ စကားလုံး ရွေးချယ်မှု၊ သဒ္ဒါအထားအသို မှန်ကန်မှုတို့မှာ လုံးဝ အပြစ်ဆိုစရာ မရှိပေ။ ရယ်လိုက်လျှင် အနည်းငယ် အတီးအတ ဖြစ်သည်မှတစ်ပါး လန်ဒင် စကားပြောဖူးသမျှ သူ အားလုံးတွင် အရည်မွန်ဆုံး၊ နှစ်လိုဖွယ် အကောင်းဆုံးပင်။ ထို့အပြင် ယနေ့ည သူတို့ ပြောခဲ့သော အကြောင်းအရာ ခေါင်းစဉ်တို့မှာလည်း အတော်ပင် ကျယ်ပြန့် စုံလင်လှ၏။

*‘ငါ့ကို စောင့်ကြည့်နေတာပဲ’* ယခုမှ တဖြည်းဖြည်း သဘောပေါက်လာသော လန်ဒင်က နံရံများဆီ တောင်ကြည့် မြောက်ကြည့် လုပ်ရင်း လျှို့ဝှက် ကင်မရာတို့ကို ရှာသည်။ ထူးထွေ ဆန်းပြားသော အနုပညာပြကွက် တစ်ခုထဲ၌ မသိလိုက် မသိဘာသာ ကိုယ်တိုင် ပါဝင် ကပြနေရပြီလောဟု လန်ဒင် သံသယဝင်လာသည်။


mgyoe.com

*ငါတော့ ဝက်ပါထဲက ကြွက် ဖြစ်ပြီ။*

"ကျွန်တော် သိပ်အဆင်မပြေဘူးဗျာ"

လန်ဒင်က ပြောင်ပြောင်ပင် ဖွင့်ပြောလိုက်သည်။ လူသူလေးပါး ကင်းရှင်းလျက်ရှိသော ပြတိုက်ခန်းထဲ၌ သူ့အသံက ပဲ့တင်ထပ်နေ၏။

"ကျွန်တော် တောင်းပန်ပါတယ် ဆရာ"

ဝင်စတန်က လေပြည်ထိုးသည်။

"ဆရာ့အခြေအနေကို ကျွန်တော် သဘောပေါက်ပါတယ်၊ ကျွန်တော် အမှန်အတိုင်း ဖွင့်ပြောလိုက်ရင် ဆရာ ဒါမျိုး ဖြစ်သွားမယ် ဆိုတာ တွက်ထားပြီးသားပါ၊ ဒါကြောင့်လည်း ဆရာ့ကို သီးသီးသန့်သန့် ရှိတဲ့ ဒီနေရာ အရောက်ခေါ်လာဖို့ အက်ဒ်မန်က ကျွန်တော့်ကို ခိုင်းထားတာပေါ့၊ တခြား ဧည့်သည်တွေကို ဒီအဇီဝဉာဏ်အကြောင်း ပြောမပြဘူး ဆရာ"

မှိန်ပျပျ မီးရောင်အောက်ဝယ် လူတစ်ယောက်ယောက်များ ရှိနေမည်လောဟု လန်ဒင်က ဟိုကြည့် သည်ကြည့် လုပ်ပြန်သည်။

"လူ့ဦးနှောက်က ဘိုင်နရီ- ဒွိစုံကိန်းစနစ် ဆိုတာ ကိုယ့်ဆရာလည်း သိမှာပါ"

ဝင်စတန်၏ အသံက အေးစက်စက်။

"ဦးနှောက်ထဲမှာ ရှိတဲ့ အာရုံကြော အဆုံနေရာလေးတွေက လျှပ်စစ်လှိုင်းတွေကို ထုတ်မယ်၊ ဒါမှမဟုတ် မထုတ်ဘူး၊ သူတို့အလုပ်က ဒီနှစ်မျိုးပဲ ရှိတယ်၊ ခလုတ်အဖွင့်နဲ့ အပိတ်၊ ဒါပဲ၊ ကွန်ပျူတာလည်း ဒီသဘောအတိုင်း အလုပ်လုပ်တာပဲ ဆရာ၊ ဒါပေမဲ့ ဦးနှောက်မှာက ဒီလို ခလုတ်ပေါင်း ထရီလျံ ရာနဲ့ချီပြီး ရှိနေတယ်၊ ဒီတော့ ဦးနှောက်တစ်ခုကို ဖန်တီးမယ် ဆိုရင် နည်းပညာက ပြဿနာ သိပ်မဟုတ်ဘူး၊ အရွယ်အစားက ပြဿနာ ဖြစ်နေတယ် ဆရာ"

ဝင်စတန် တတွတ်တွတ် ပြောနေသည်တို့က လန်ဒင့်နားထဲ ဝင်တစ်ချက်၊ မဝင်တစ်ချက်။ ယခုအခါ လန်ဒင်သည် 'ထွက်ပေါက်'ဟု အခန်းဟိုမှာဘက်သို့ မြားထိုးထားသော သင်္ကေတလေးဆီ ဦးတည်လှမ်းနေပြီ ဖြစ်၏။

"ကျွန်တော့်အသံက လူနဲ့ သိပ်တူနေတော့ ကွန်ပျူတာပါ ဆိုတာကို ဆရာသမား မယုံနိုင်ဘူး ဖြစ်နေတယ် ထင်ပါ့၊ စကားသံ လုပ်ရတာလောက် လွယ်တာ မရှိတော့ဘူး ဆရာ၊ ကိုးဆယ့်ကိုးဒေါ်လာတန် အီးဘွတ်ခ်တောင် လူ့အသံကို ကောင်းကောင်းတုနိုင်သေးတာပဲဗျာ၊ အက်ဒ်မန်က ဒေါ်လာ ဘီလျံနဲ့ ချီပြီး ရင်းထားတာလေ"

လန်ဒင်က တုံ့ခနဲ ရပ်လိုက်သည်။

"ဟုတ်ပြီ၊ ခင်ဗျားသာ ကွန်ပျူတာ မှန်တယ် ဆိုရင် ကျွန်တော် မေးတာလေး တစ်ခု ဖြေကြည့်၊ ၁၉၇၄ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့မှာ ဒိုးဂျုန်းစ် ပျမ်းမျှ အညွှန်းကိန်းက ဘယ်လောက်နဲ့ ပိတ်ခဲ့လဲ"


mgyoe.com

mgyoe.com SAMPLE BOOK

"အဲဒီနေ့က စနေနေ့ ခင်ဗျ"

အသံက တစ်မုဟုတ်ချင်း ပြန်ဖြေသည်။

"ဒီတော့ ဈေးကွက် လုံးဝ မဖွင့်ပါဘူး ခင်ဗျာ"

လန်ဒင်ခမျာ ကြက်သီး ဖြန်းခနဲ ထသွားသည်။ ဝင်စတန်ကို အငိုက်ဖမ်းသည့် အနေဖြင့် ဤရက်ကို တမင် ရွေးခဲ့ခြင်း ဖြစ်သည်။ အရာရာကို ဓာတ်ပုံရိုက်သကဲ့သို့ မှတ်မိနေသည့် မှတ်ဉာဏ်ပိုင်ရှင် ရောဘတ်လန်ဒင်၏ ဦးနှောက်ထဲ၌ နေ့စွဲ မြောက်မြားစွာ ကပ်တွယ်နေလေ့ ရှိ၏။ စင်စစ် ထိုစနေနေ့မှာ လန်ဒင် အချစ်ဆုံး သူငယ်ချင်း တစ်ဦး၏ မွေးနေ့ ဖြစ်သည်။ နေ့လယ်ဘက် လုပ်သွားသော ရေကူးကန်ပါတီကိုပင် အမှတ်ရမိသေး၏။

*ဟယ်လီနာဂူလေက ဘစ်ကနီအပြာလေးနဲ့။*

"ဒါပေမဲ့ အဲဒီ တစ်ရက် မတိုင်ခင် သောကြာနေ့ (ဩဂုတ်လ ၂၃ ရက်ပေါ့) မှာ ဆိုရင်"

အသံက ချက်ချင်း ဆက်ပြောသည်။

"ဒိုးဂျုန်းစ် ပျမ်းမျှအညွှန်းကိန်းက ၆၈၆၁.၈၀ နဲ့ ပိတ်သွားတယ်၊ ၁၇.၈၃ မှတ် ကျသွားတာ ဆိုတော့ ၂.၅၃ ရာခိုင်နှုန်း အရှုံးပေါ်တယ်"

လန်ဒင်မှာ အာစေးမိနေ၏။

"ဆရာ့အိတ်ထဲက စမတ်ဖုန်း ထုတ်ပြီး ကျွန်တော် ပြောတာ မှန်၊ မမှန်ကို စစ်ကြည့်ပါဦး"

အသံက ခပ်မြူးမြူး ပြောသည်။

"ကျွန်တော် အေးဆေးစောင့်နေပါ့မယ်၊ ကွန်ပျူတာ ပြောတာ မှန်၊ မမှန်ကို ကွန်ပျူတာနဲ့ ပြန်စစ်ဖို့ ဆိုတာ ရယ်စရာ ကောင်းတာက တစ်ပိုင်းပေါ့လေ"

"ဒါပေမဲ့... ကျွန်တော်..."

"ဒေတာအချက်အလက်တွေကို အမြန်ဆုံး ရယူဖို့က အဓိဝဉာဏ်အတွက် ပြဿနာ သိပ်မရှိဘူး ဆရာ၊ ဒါက ရိုးပါတယ်၊ လွယ်ပါတယ်၊ ဒီဒေတာတွေကို အချင်းချင်း ချိတ်ဆက်ပြီး ဘယ်လို ကောက်ချက်ထုတ်မလဲ၊ ဆက်နွှယ် နှီးနှောမလဲ ဆိုတာကမှ တကယ့်စိန်ခေါ်မှုပေါ့၊ ဒါမျိုးကို ဆရာ အလွန် ပိုင်တယ်လေ၊ ဟုတ်ရဲ့လား ဆရာ၊ အိုင်ဒီယာတွေ အချင်းချင်း ချိတ်ဆက်ပြီး တွေးလုံးထုတ်တာမျိုး ဆိုပါတော့၊ ဒါကြောင့်မို့လို့ပဲ မစ္စတာခါးရှ်က ဆရာ့ကိုမှ ရွေးထုတ်ပြီး ကျွန်တော့်ရဲ့ စွမ်းဆောင်ရည်တွေကို စမ်းသပ်တာပေါ့"

"စမ်းသပ်တာ ဟုတ်လား"

လန်ဒင်က အမြန် မေးသည်။

"ကျွန်တော့်ကို စမ်းတာလား"

"ဟဲ... ဟဲ"


mgyoe.com

အတီးအတ ရယ်သံ ထွက်ပေါ်လာပြန်သည်။

"ကျွန်တော့်ကို စမ်းသပ်တာပါ ဆရာ၊ ကျွန်တော့်ကို လူတစ်ယောက်လို့ ဆရာယုံ၊ မယုံ စမ်းသပ်တာပါ"

"တူရင်စမ်းသပ်ချက်မှ ဟုတ်ရဲ့လား"

"သိပ်ဟုတ်တာပေါ့ ဆရာ"

တူရင်စမ်းသပ်ချက် ဟူသည်မှာ စက်တစ်ခု၏ လုပ်နိုင်စွမ်းအား လူသားစွမ်းဆောင်ရည်နှင့် ခြားနားမှု ရှိ၊ မရှိ သိနိုင်ရန် ဆန်းစစ်သော စမ်းသပ်ချက်တစ်ခု ဖြစ်ပြီး ကုဒ်ကျွမ်းကျင်သူ အလန်တူရင်မှ စတင် သုံးစွဲခဲ့၏။ အနှီ စမ်းသပ်ချက်၏ အနှစ်ချုပ်မှာ ဤသို့ ဖြစ်သည်။ စက်နှင့် လူသားတို့ အပြန်အလှန် စကားပြောသည်ကို လူတစ်ဦးမှ နားထောင်ရ၏။ စကားပြောနေသူ နှစ်ဦးအနက် မည်သူသည် လူသားစစ်စစ် ဖြစ်ကြောင်းကို နားထောင်သူမှ အတိအကျ မဆုံးဖြတ်နိုင်လျှင် ထိုစက်သည် တူရင်စမ်းသပ်ချက်ကို အောင်မြင်စွာ ကျော်ဖြတ်နိုင်သည်ဟု သတ်မှတ်၏။ ၂၀၁၄ တုန်းက လန်ဒန် တော်ဝင်အဖွဲ့တွင်မူ တူရင်စမ်းသပ်ချက်ကို ဟိုးလေးတကျော် အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့လေသည်။ ထိုအချိန်မှစ၍ အဇီဝဉာဏ်နည်းပညာသည် တစ်ဟုန်ထိုး ရှေ့သို့ တက်လာခဲ့၏။

"အခုထိတော့ ကျွန်တော်တို့ ဧည့်သည်တွေ တစ်ယောက်မှ သက်မကင်း မဖြစ်ကြသေးဘူး၊ အားလုံး အဆင်ပြေပြေပဲ"

"နေပါဦး... နေပါဦး၊ ဧည့်သည်တွေ အားလုံးက ကွန်ပျူတာနဲ့ စကားပြောနေကြရတာလို့ ခင်ဗျား ပြောချင်တာလား"

"အတိအကျ ပြောရရင် ဧည့်သည်တွေ အားလုံး ကျွန်တော်နဲ့ စကားပြောနေရတာ၊ ကျွန်တော့်ကိုယ် ကျွန်တော် ကိုယ်တွေ အများကြီး ခွဲလို့ ရတယ်ဗျာ၊ လွယ်ပါတယ်၊ အခု ဆရာ ကြားနေရတာလည်း ကျွန်တော့်အသံတွေထဲက တစ်သံ ဆိုပါတော့၊ အဲ... အက်ဒ်မန် ကြိုက်တဲ့ အသံပေါ့ဗျာ၊ တခြား လူတွေကျတော့ တခြား အသံတွေ၊ ဒါမှမဟုတ် သူတို့ နားလည်တဲ့ ဘာသာစကားတွေနဲ့ ကြားရမယ်လေ၊ ဆရာက အမေရိကန်ပညာရှင် ဆိုတော့ ဗြိတိန်ယောကျ်ားသံကို ကျွန်တော် ရွေးလိုက်တာ၊ တောင်ပိုင်းလေ ခပ်ဝဲဝဲနဲ့ ကောင်မလေးသံထက် အများကြီး ပိုအဆင်ပြေမယ်လို့ ကျွန်တော် တွက်တယ်လေ"

*ဒီငနဲ... အဲ... ဒီဟာက ငါ့ကို လူမျိုးကြီးဝါဒီလို့ နှက်လိုက်တာလားဟ။*

လွန်ခဲ့သော နှစ်အနည်းငယ်က အွန်လိုင်းတွင် ခေတ်စားခဲ့သည့် အသံဖိုင် တစ်ခုကို လန်ဒင် အမှတ်ရမိသည်။ ထိုအသံဖိုင်ကို အွန်လိုင်းတင်ခဲ့သူမှာ တိုင်းမ်မဂ္ဂဇင်းမှ မိုက်ကယ် ရှီရာ ဖြစ်ပြီး တယ်လီဖုန်းမှတစ်ဆင့် အရောင်းမြှင့်တင်ရေး လုပ်သော စက်ရုပ်၏ ခွတီးခွကျ အိုးနင်းခွက်နင်း နိုင်လှပုံကို အသံဖမ်းပြီး မျှဝေခဲ့ခြင်း ဖြစ်၏။

'*နှစ်တွေ ကြာခဲ့ပါပကောလား*' လန်ဒင်က ရင်မောစွာ တွေးသည်။


mgyoe.com

mgyoe.com SAMPLE BOOK

ဤအဇီဝဉာဏ်နည်းပညာနှင့် ပတ်သက်ပြီး ခါးရှ် အပတ်တကုတ် ကြိုးပမ်းနေသည်မှာ နှစ်အတန်ကြာပြီ ဖြစ်ကြောင်း လန်ဒင် သိထားသည်။ သူ့အောင်မြင်မှု အမျိုးမျိုးကိုလည်း မဂ္ဂဇင်း မျက်နှာဖုံးများပေါ်တွင် မကြာခဏ တွေ့မြင်နေရသည်ပင်။ သားငယ်လေး ဝင်စတန်သည် ခေါင်းကိုင်ဖခင် ခါးရှ်၏ လက်ရှိ နည်းပညာ အဆင့်အတန်းကို မီးမောင်း ထိုးပြနေသကဲ့သို့ ရှိ၏။

"ဆရာ့ခေါင်းထဲ တော်တော် ရှုပ်သွားမယ် ဆိုတာ ကျွန်တော် သဘောပေါက်ပါတယ်"

အသံက ဆက်ပြောသည်။

"ဒါပေမဲ့ ဆရာ အခု ရပ်နေတဲ့ ကြောင်လိမ်ကို မဖြစ်မနေ ပြပေးပါလို့ မစ္စတာ ခါးရှ်က ကျွန်တော့်ကို မှာထားပါတယ် ဆရာ၊ ဒီကြောင်လိမ်ထဲ ဝင်ပြီး အလယ်ရောက်တဲ့ အထိ ဆက်လျှောက်ပေးပါလို့လည်း ပြောထားပါသေးတယ်"

မြွေလိမ်မြွေကောက် ကျဉ်းမြောင်းလှသော လမ်းကြောင်းလေးကို မျှော်ကြည့်ရင်း လန်ဒင်၏ ကြွက်သားတို့ တောင့်တင်းလာသည်။

*ကောလိပ်တုန်းကလို မျက်နှာပြောင်နေတာလား အက်ဒ်မန်ရယ်။*

"အထဲမှာ ဘာရှိလဲ ဒီတိုင်း ပြောပြလိုက်လို့ မရဘူးလားဗျာ၊ ဒီလို ခပ်ကျဉ်းကျဉ်း အလုံပိတ် နေရာတွေနဲ့ ကျွန်တော် သိပ်အဆင်မပြေလှဘူး"

"စိတ်ဝင်စားစရာပဲ ဆရာ၊ ဒီအကြောင်းကို ကျွန်တော် မသိရပါလား"

"အွန်လိုင်းပေါ်က ကိုယ်ရေးအကျဉ်းထဲမှာတော့လည်း ဒီအကြောင်း ထည့်မရေးပါရစေနဲ့ဗျာ"

ယခုအခါ လန်ဒင့်စိတ်ထဲ အနည်းငယ် တည်ငြိမ်လာပြီ ဖြစ်သည့်တိုင် ကွန်ပျူတာ တစ်လုံးနှင့် စကားပြောနေရသည် ဟူသော အချက်ကို မယုံနိုင်သေးပေ။

"မကြောက်ပါနဲ့ ဆရာ၊ ကြောင်လိမ် အလယ်တည့်တည့်မှာက တော်တော်လေး ကျယ်ပါတယ်၊ ပြီးတော့ အလယ်ထိ ရောက်အောင် သွားဖို့ မစ္စတာခါးရှ်က အနူးအညွတ် တောင်းဆိုထားပါတယ် ဆရာ၊ ဒါပေမဲ့ အထဲမဝင်ခင် နားကြပ်ကို ချွတ်ပြီး ဒီကြမ်းပြင်ပေါ်မှာပဲ ထားခဲ့ပေးဖို့ အက်ဒ်မန်က မှာထားတယ်"

"ခင်ဗျား မလိုက်ဘူးပေါ့"

လန်ဒင်က သူ့ရှေ့ခြဲ မားမားကြီး ရှိနေသော ကြောင်လိမ်ကို ကြည့်ရင်း ခပ်ဆိုင်းဆိုင်း ဖြင့် ပြန်ပြောသည်။

"မလိုက်ပါဘူး ဆရာ"

"တစ်မျိုးတော့ တစ်မျိုးကြီးပဲဗျ၊ ကျွန်တော်…"

"ဒီအခမ်းအနားကို ဆရာတက်ဖို့ အက်ဒ်မန်ဘက်က အစစ အရာရာ အားလုံး


mgyoe.com

စီစဉ်ပေးထားခဲ့တာပဲ ဆရာရယ်၊ ဒီဟာလေးထဲကို တစ်လှမ်း နှစ်လှမ်း လျှောက်ဖို့ကတော့ ဆရာ့အတွက် အပယ်ဂိက ထင်တာပဲ၊ ကလေးတွေတောင် အမြဲတမ်း ဝင်ထွက် ဆော့နေတာပါ၊ ဘာမှလည်း မဖြစ်ကြပါဘူး''

ကွန်ပျူတာ တစ်လုံး၏ အနှက်ခံရမည်ဟု လန်ဒင် မည်သည့် အခါမှ မတွေးခဲ့စဖူး။ သို့သော် အမောင်ကွန်ပျူတာ၏ ကလော်ချက် အောင်မြင်သည်ဟု ခေါ်ရပေမည်။ လန်ဒင်က နားကြပ်ကို ချွတ်လိုက်ပြီး ကြမ်းပြင်ပေါ်သို့ အသာချကာ ကြောင်လိမ်နှင့် မျက်နှာချင်း ဆိုင်သည်။ နံရံများက ခပ်မြင့်မြင့်။ လမ်းကြောင်းက ကောက်ကွေ့ကွေ့။ အထဲသို့ သေချာ မမြင်ရဘဲ အမှောင်ထုသာ ကြီးစိုးနေ၏။

''ကိုင်း… လာပြီဟေ့''

လန်ဒင်က တစ်ကိုယ်တည်း ရေရွတ်သည်။

ထို့နောက် အသက်ပြင်းပြင်း တစ်ချက် ရှူလိုက်ပြီး အပေါက်ဝဆီ ဦးတည်ချေပြီ။

လမ်းကြောင်းမှာ သူ ထင်ထားသည်ထက် ပိုနက်ရှိုင်းပြီး ပိုရှည်နေ၏။ ဘယ်နှပတ် ကွေ့ကောက်ပြီးမှန်း မသိနိုင်တော့။ လက်ယာရစ် တစ်ချက် လှည့်လိုက်တိုင်း လမ်းကြောင်းက ပိုပိုကျဉ်းလာသဖြင့် လန်ဒင်၏ ပခုံးကျယ်ကျယ်တို့က ယခုအခါ ဘေးနံရံတို့နှင့် ပွတ်တိုက်စ ပြုနေချေပြီ။

*ဖြည်းဖြည်းချင်း အသက်ရှူ ရောဘတ်။*

သတ္တုချပ်ပြားကြီးများ အတွင်းဘက်သို့ ပြိုကျလာပြီး သံမဏိ တန်ပေါင်းများစွာ အောက်၌ သူ့အား ဖိညှပ်ပစ်တော့မယောင် လန်ဒင် ခံစားနေရ၏။

*ငါ ဘာလို့ ဒါတွေ လုပ်နေမိတာလဲ။*

ဖြစ်လိုရာ ဖြစ်စေ နောက်ပြန်လှည့်တော့မည်ဟု စဉ်းစားလိုက်ချိန်မှာပင် လမ်းကြောင်း ရုတ်တရက် ဆုံးသွားပြီး ခပ်ကျယ်ကျယ် နေရာလွတ်တစ်ခု ဘွားခနဲ ပေါ်လာ၏။ ဝင်စတန် ပြောသွားသည့် အတိုင်းပင် ဤနေရာမှာ အတော်လေး ကျယ်ကျယ်ဝန်းဝန်း ရှိ၏။ ဥမင် လမ်းကြောင်းထဲမှ လန်ဒင် ကပျာကသီ ထွက်လိုက်သည်။ အခုမှ အသက်ဝဝ ရှူနိုင်တော့၏။ လန်ဒင်က ခါလီဖြစ်နေသော ကြမ်းပြင်နှင့် သတ္တုနံရံ မြင့်မြင့်ကြီးများကို အကဲခတ်သည်။ ကောလိပ်ငပြောင်တို့၏ လက်ချက်ပင်လော။

ထိုအချိန်မှာပင် တံခါးဖွင့်သံ တစ်ချက်ကို ကြားလိုက်ရပြီး ခြေသံ ခပ်ပြင်းပြင်း တို့လည်း မရှေးမနှောင်း ထွက်ပေါ်လာ၏။ ခြေသံတို့မှာ နံရံအပြင်ဘက်မှ ထွက်လာခြင်းပင်။ အပြင်ဘက် အခန်းထဲ၌ လူတစ်ယောက် ရှိနေချေပြီ။ လန်ဒင် တွေ့ခဲ့သော တံခါးဆီမှ ဝင်လာပုံရ၏။ ခြေသံမှာ ကြောင်လိမ်နှင့် ပိုပိုနီးလာပြီး ကွေ့ကောက်စွာ ရွေ့လျားနေသည်။ တစ်ချက် ကွေ့လိုက်တိုင်း ခြေသံတို့က ပိုပိုကျယ်လာ၏။ အထဲသို့ လူတစ်ယောက် ဝင်လာပြီ ဖြစ်သည်။ ခြေသံက ကြောင်လိမ်အတွင်း လှည့်ပတ်ရင်း တဖြည်းဖြည်း နီးလာချိန်ဝယ်

mgyoe.com

mgyoe.com SAMPLE BOOK

လန်ဒင်က နောက်သို့ အနည်းငယ် ဆုတ်ပြီး အပေါက်ဝသို့ မျက်နှာမူလိုက်၏။ စည်းချက်ကျကျ ခြေသံတို့ ပိုပိုကျယ်လာပြီး နောက်ဆုံးတွင် ဥမင်ထဲမှ လူတစ်ယောက် ထွက်လာလေသည်။ ထိုသူမှာ အရပ်ခပ်ပုပ်ပုပ်၊ ကိုယ်လုံးကိုယ်ထည် သွယ်သွယ် ဖြစ်ပြီး အသားအရေ ဖျော့တော့နေသည့်တိုင် အကြည့်တို့မှာ စူးရှလှ၏။ အနက်ရောင် ဆံပင်တို့ကလည်း ဖုတ်သိုက်နှင့်။

လန်ဒင်မှာ ထိုသူကို အတန်ကြာအောင် ကြောင်တောင် ငေးနေမိပြီးမှ နောက်ဆုံးတွင် အားပါးတရ ပြုံးပြလိုက်၏။

"မင်းသားကြီး အက်ဒ်မန်ခါးရှ် ထွက်ခန်းကတော့ အမြဲ လန်းနေတာပါပဲလားကွ"

"ဒါမျိုး အခွင့်အရေးက ရခဲတယ်ဗျ"

ခါးရှ်က တရင်းတနှီး ပြန်ပြောသည်။

"အစ်ကို့ကို ကျွန်တော် သတိရနေတာ၊ လာပေးတာ ကျေးဇူးအထူးပါဗျာ"

ဆရာ တပည့် နှစ်ဦးသား ဝမ်းသာအားရဖြင့် ဖက်လဲတကင်း နှုတ်ဆက်လိုက်ကြ၏။ ခါးရှ် ပိန်သွားကြောင်း လန်ဒင် သတိထားမိသည်။

"မင်း ဝိတ်တွေ ဘာတွေ ကျလို့ပါလား"

"ကျွန်တော် သက်သတ်လွတ် စားနေတယ်"

ခါးရှ်က အလိုက်သင့် ပြန်ဖြေသည်။

"ဝှက်စာတွေ ဖော်ရတာထက်တော့ ပိုလွယ်တယ် ဆရာသမားရေ"

လန်ဒင်က ရယ်သည်။

"ပြန်ဆုံရတာ တကယ်ဝမ်းသာတယ်ကွာ၊ မင်းနဲ့ ယှဉ်လိုက်တော့ ကျုပ် အဝတ်တွေ အများကြီး ပိုဝတ်ထားမိသလို ဖြစ်နေပြီ၊ ထုံးစံအတိုင်းပေါ့"

"ကျွန်တော်နဲ့ ယှဉ်ရင်လား"

ခါးရှ်က သူ့ကိုယ်သူ ငုံ့ကြည့်သည်။ အနက်ရောင် ဂျင်းဖင်ကျပ်၊ ဇွိပုံစံ လည်ပင်းအပေါက်နှင့် တီရှပ်အဖြူ၊ ဘုန်းဘား ဂျက်ကက်အင်္ကျီနှင့် ပန်တင့်နေသော အက်ဒ်မန်ခါးရှ်။

"ဖက်ရှင်လေ ဆရာ... ဖက်ရှင်"

"အိမ်နေရင်း ညှပ်ဖိနပ်အဖြူက ဖက်ရှင်တဲ့လား ငါ့ညီ"

"အမယ်လေးလေး... အိမ်နေရင်း ညှပ်ဖိနပ်တဲ့ဗျာ၊ ဒါ ဖာရာဂါးမိုဂင်းနီစ်ဗျ"

"ကျုပ် ဝတ်ထားတဲ့ တစ်ဆင်စာလုံးထက် ဈေးပိုကြီးမယ့်သဘော ရှိတယ်"

အက်ဒ်မန့်က ဟိုသည်လှော့ကာက်ရင်း လန်ဒင်၏ ဂန္ထဝင်ဂျက်ကက်ကို အနုလုံ ပဋိလုံ ကြည့်သည်။

"အစ်ကို ဝတ်ထားတဲ့ နောက်ကွဲကုတ်လည်း သိပ်မိုက်ပေါ့ဗျာ"

အက်ဒ်မန်က တရင်းတနှီး ပြုံးပြရင်း ပြောသည်။


mgyoe.com

"ဒါနဲ့ စကားမစပ် မင့်တပည့် ဝင်စတန်အကြောင်း ပြောပါရစေဦး"

ခါးရှ်မျက်နှာ ဝင်းခနဲ ဖြစ်သွားသည်။

"သိပ်မိုက်တယ် ဟုတ်၊ အဇီဝဉာဏ်နယ်ပယ်မှာ ဒီနှစ်ထဲ ကျွန်တော် ဘယ်လောက်ထိ ခရီးပေါက်နေပြီလဲ ဆိုတာ ပြောရင် အစ်ကို ယုံမှာတောင် မဟုတ်ဘူး၊ လုံးဝ ခုန်ပျံ ကျော်လွှားပြီး တက်သွားတာ၊ ဘယ်သူ့ အကူအညီမှ မပါဘဲ စက်တွေ ကိုယ်တိုင် ပြဿနာ ဖြေရှင်းနိုင်၊ အခြေအနေတွေကို ကိုင်တွယ်နိုင်မယ့် နည်းလမ်းအသစ်၊ နည်းပညာအသစ်တွေ ကျွန်တော့်မှာ ရှိနေပြီ ရောဘတ်ရဲ့၊ ဝင်စတန် ဆိုတာလည်း တစ်နေ့တခြား ပိုပိုတိုးတက်နေတုန်းပဲ"

အက်ဒ်မန်၏ နုနုရွယ်ရွယ် မျက်ဝန်းတစ်ဝိုက်၌ အရေးအကြောင်းများ ပေါ်ပေါက်စ ပြုနေပြီ ဖြစ်ကြောင်း လန်ဒင် သတိထားမိလိုက်၏။ သူ့ကြည့်ရသည်မှာ အားနည်း ဖြူရော် နေဟန်။

"ဒါ့ထက် ကျုပ်ကို ဘာလို့ ဒီအရောက် ခေါ်လာတာလဲ အက်ဒ်မန်"

"ဒီအရောက် ဆိုတာ ဘီလ်ဘာအိုကို ပြောချင်တာလား၊ ရစ်ချတ်ဆီရာရဲ့ ကြောင်လိမ် ကို ပြောချင်တာလား"

"ကြောင်လိမ်အကြောင်း အရင် ပြောကြတာပေါ့ကွာ"

လန်ဒင်က ပြန်ဖြေသည်။

"အလုံပိတ် နေရာတွေကို ကျုပ် ကြောက်တတ်မှန်း မင်း သိရက်နဲ့"

"သိလို့ကို တမင်ခေါ်တာလေ၊ ကိုယ့်အတွက် သက်သောင့်သက်သာ ရှိတဲ့ comfort zone ထဲကနေ လူတွေကို ကျွန်တော် ဆွဲထုတ်ချင်တယ်"

အက်ဒ်မန်က ပြုံးဖြဲဖြဲ ရှိနေ၏။

"မင်းကတော့ ဟုတ်တာပေါ့"

"ပြီးတော့ ကျွန်တော် အစ်ကိုနဲ့ စကားပြောချင်သေးတယ်၊ ပွဲမစခင်မှာလည်း လူမြင် မခံချင်ဘူး"

"ဘာလို့လဲ ဆိုတော့ ရော့ခ်စတားတွေက ရှိုးပွဲမစခင် ပရိသတ်နဲ့ မတွေ့ဘူးလေ၊ ဟုတ်တယ် ဟုတ်လား"

"အမှန်တွေ ပြောတတ်လိုက်တာ"

အက်ဒ်မန်က ပြန်နောက်သည်။

"ရော့ခ်စတား ဆိုတာ မီးခိုးလုံးတွေ ကြားထဲကနေ စင်ပေါ်မှာ ဘွားခနဲ ပေါ်လာ မှာလေ"

ခေါင်းပေါ်ရှိ မီးများမှာ ဆိုင်းမဆင့် ဗုံမပါ ဆိုသလို မှိတ်တုတ် မှိတ်တုတ် ဖြစ်လာ၏။ ခါးရှ်က အင်္ကျီလက်ကို ဆွဲတင်ပြီး နာရီ တစ်ချက် ကြည့်သည်။ ထို့နောက် လန်ဒင်ကို တစ်ချက် ကြည့်ပြန်သည်။ သူ့အမူအရာက ရုတ်တရက် အတည်အတံ့ကြီး ဖြစ်လာ၏။


mgyoe.com

mgyoe.com SAMPLE BOOK

"ကျွန်တော်တို့ အချိန်သိပ်မရှိတော့ဘူး ရောဘတ်၊ ဒီညက ကျွန်တော့်အတွက် သိပ်အရေးကြီးတဲ့ည၊ အင်းလေ... ကျွန်တော့်အတွက်မှ မဟုတ်ပါဘူး၊ လူသားမျိုးနွယ် တစ်ခုလုံး အတွက် အရေးကြီးတဲ့ညပါ"

လန်ဒင့်စိတ်ထဲ မသိုးမသန့် ဖြစ်လာသည်။

"သိပ္ပံတွေ့ရှိချက် အသစ်တစ်ခု ကျွန်တော် ရှာတွေ့ထားတယ်"

အက်ဒ်မန်က ဆက်ပြောသည်။

"သူ့ကြောင့် ဖြစ်လာနိုင်တဲ့ အကျိုးဆက်တွေကလည်း မနည်းဘူး၊ အဲဒီ တွေ့ရှိချက် အကြောင်း သိထားတဲ့သူ ဒီကမ္ဘာပေါ်မှာ (ကျွန်တော့်အပြင်) တခြားလူ မရှိသလောက်ပဲ၊ ဒါပေမဲ့ ခဏနေရင် ကမ္ဘာကြီးတစ်ခုလုံး သိသွားအောင် ကျွန်တော် ကြေညာတော့မယ်၊ တိုက်ရိုက် လွှင့်ပြီးတော့ကို ကြေညာမှာ"

"မိုက်တယ် အက်ဒ်မန်"

လန်ဒင်က အလိုက်သင့် ပြောသည်။

"ချသာ ချ"

အက်ဒ်မန်က အသံကို နှိမ့်လိုက်သည်။ လေသံက စိတ်တင်းထားရသည့်နှယ်။

"ဒီဟာတွေကို လူတွေရှေ့ ချမပြခင် အစ်ကို့ဆီက အကြံတောင်းချင်သေးတယ် ရောဘတ်"

အက်ဒ်မန်က စကားစကို ခေတ္တ ဖြတ်ပြီးမှ ဆက်ပြောပြန်သည်။

"ကျွန်တော့် အသက်အန္တရာယ်က ဒီပေါ်မှာ မူတည်နေတယ်"


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၉)

ကြောင်လိမ် အတွင်း၌ ရုတ်တရက် တိတ်ဆိတ်သွားသည်။

*ကျွန်တော် အစ်ကို့ဆီက အကြံတောင်းချင်တယ်၊ ကျွန်တော့် အသက်အန္တရာယ်က ဒီပေါ်မှာ မူတည်နေတယ်။*

အက်ဒ်မန်၏ စကားလုံးများက လေထဲ၌ ပွဲတင်ထပ်နေသည့်နှယ်။ တပည့်ကျော်၏ မျက်ဝန်းထဲ၌ သောကရိပ်တို့ကို လန်ဒင် မြင်နေရသည်။

"ဘာတွေ ဖြစ်နေတာလဲ အက်ဒ်မန်၊ အဆင်ပြေရဲ့လားကွာ"

ခေါင်းပေါ်ရှိ မီးများက မှိတ်တုတ် မှိတ်တုတ် ဖြစ်လာပြန်၏။ အက်ဒ်မန်က အရေး မလုပ်။

"ဒီနှစ်က ကျွန်တော့်အတွက် အတော်လေး ထူးခြားတဲ့နှစ်ပဲ ရောဘတ်"

သူက လေသံဖြင့် ဆက်ပြောသည်။

"မေဂျာပရောဂျက် တစ်ခုကို ကျွန်တော် တစ်ယောက်တည်း ကိုင်နေတာ၊ ဒီအုတ်အော် သောင်းတင်း ဖြစ်မယ့် တွေ့ရှိချက်ကို ဦးတည်နေတဲ့ ပရောဂျက်ပေါ့"

"အေးလေ... အခုထိ အဆင်ပြေနေတာပဲ မဟုတ်ဘူးလား"

ခါးရှ်က ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ်၊ ပြီးတော့ ဒီဟာအကြောင်း ကမ္ဘာကြီးကို အသိပေးရမှာလည်း ကျွန်တော် တအား စိတ်လှုပ်ရှားနေတယ်၊ ပါရာဒင်းအရွှေ့ အကြီးကြီး ဖြစ်လာမှာ၊ ကော့ပါး နီးကက်စ်တုန်းကလောက်ကို ကြီးကျယ်မယ့် တော်လှန်ရေးပဲ ရောဘတ်"

အက်ဒ်မန် နောက်နေသလားဟု ရုတ်တရက် ထင်လိုက်မိသော်လည်း ထိုသို့ မဟုတ်ကြောင်းကို သူ့မျက်နှာ အမူအရာတို့က ဖော်ပြလျက် ရှိ၏။

*ကော့ပါးနီးကက်စ်နဲ့ နှိုင်းမယ်။*

'နှိမ့်ချခြင်း' ဟူသော စကားလုံးနှင့် အက်ဒ်မန်ခါးရှ် လားလားမျှ မသက်ဆိုင်ကြောင်း လန်ဒင် သိနေသည့်တိုင် ဤနှိုင်းယှဉ်ချက်ကြီးကမူ တစ်ဆိတ် လွန်ချေပြီ။ နစ်ကိုးလက်စ် ကော့ပါးနီးကက်စ်သည် နေဗဟိုပြု စကြဝဠာအဖွဲ့အစည်း အယူအဆကို စတင် ဖော်ထုတ် ခဲ့သူ ဖြစ်ပြီး ၁၅၀၀ ပြည့်လွန်နှစ်များကို အုန်းအုန်းကျွက်ကျွက် ဖြစ်စေခဲ့၏။ ဘုရားသခင်သည်


mgyoe.com

mgyoe.com SAMPLE BOOK

စကြဝဠာ၏ ပင်မ အလယ်ဗဟို ဖြစ်သော ဤကမ္ဘာမြေပေါ်၌ လူသားများကို ဖန်ဆင်းထားခဲ့သည် ဟူသော ခရစ်ယာန် ဘုရားကျောင်းမှ ကာလကြာရှည်စွာ ကိုင်စွဲထားခဲ့သည့် အယူအဆကို အမြစ်မှ ဆွဲနုတ်ခဲ့ခြင်းဖြင့် တော်လှန်ရေးကို မီးမွေးခဲ့သူပင်။ ကော့ပါးနီးကက်စ်၏ တင်ပြချက် အယူအဆကို ခရစ်ယာန်ဘုရားကျောင်းမှ ရာစုနှစ် သုံးစုတိုင်တိုင် အကျောက်အကန် ငြင်းဆန်ခဲ့သည့်တိုင် မိုးလွန်မှ ထွန်ချ ဖြစ်ခဲ့ရချေပြီ။ ကမ္ဘာကြီးသည် ပြောင်းလဲခဲ့ချေပြီတကား။

"အစ်ကို ဘာတွေးနေလဲ ကျွန်တော် သိတယ် ရောဘတ်"

အက်ဒ်မန်က ဆက်ပြောသည်။

"ဒါဝင်နဲ့ နှိုင်းရင် ပိုအဆင်ပြေမလားပဲ"

လန်ဒင်က ပြုံးသည်။

"မထူးပါဘူးကွာ"

"ဟုတ်ပြီလေ၊ ဒါဖြင့်ရင် ကျွန်တော် မေးတာ တစ်ခု ဖြေကြည့်၊ ကျွန်တော်တို့ လူ့သမိုင်းမှာ တောက်လျှောက် မေးလာခဲ့တဲ့ အခြေခံအကျဆုံး မေးခွန်းနှစ်ခုက ဘာဖြစ်မလဲ"

လန်ဒင်က တစ်ချက် စဉ်းစားပြီး ပြန်ဖြေသည်။

"ဒါတွေ အားလုံး ဘယ်က စသလဲ၊ ကျုပ်တို့ ဘယ်က လာကြသလဲ"

"ကွက်တိပဲ၊ ဒါပေမဲ့ မေးခွန်းနှစ်ခုက ခပ်ဆင်ဆင် ဖြစ်နေတယ်၊ ဒုတိယ မေးခွန်းက ကျွန်တော်တို့ ဘယ်က လာကြသလဲ ဆိုတာထက်..."

"ဘယ်သွားကြမှာလဲလို့ ဖြစ်သင့်တယ် ဆိုပါတော့"

"အစစ်ပဲ၊ ဒီမေးခွန်း နှစ်ခုလုံးက ကျွန်တော်တို့ လူသားတွေရဲ့ ရင်ထဲမှာ နက်နက်ရှိုင်းရှိုင်းကြီး ရှိနေတယ်၊ ကျွန်တော်တို့ ဘယ်က လာသလဲ၊ ဘယ်ကို သွားကြမှာလဲ၊ လူသားတွေရဲ့ မူလဘူတနဲ့ အန္တိမပန်းတိုင်၊ ဒါတွေဟာ အားလုံးအတွက် လျှို့ဝှက်ဆန်းကြယ် ဖြစ်နေတုန်းပဲ"

အက်ဒ်မန်၏ အကြည့်တို့က ရုတ်တရက် စူးရှလာပြီး လန်ဒင်ကို မျှော်လင့်တကြီး စိုက်ကြည့်နေ၏။

"ကျွန်တော့်ရဲ့ တွေ့ရှိချက်က ဒီမေးခွန်း နှစ်ခုလုံးကို ရှင်းရှင်းလင်းလင်းကြီး ဖြေပေးနိုင်တယ် ရောဘတ်"

"ကျုပ် ဘာပြောရမှန်းတောင် မသိတော့ဘူး"

"အခု ဘာမှ မပြောနဲ့ဦး ကိုယ့်ဆရာ၊ ဒီည ပွဲပြီးရင် ကျွန်တော်တို့ အသေးစိတ် ဆွေးနွေးဖို့ အချိန်ရပါလိမ့်မယ်၊ အခု ကျွန်တော် ပြောချင်တာက ဒီဟာကြောင့် ဖြစ်လာနိုင်တဲ့ အန္တရာယ်အကြောင်း ပြောချင်တာ"

"ဆိုးဆိုးရွားရွားတွေ ဖြစ်လာမယ်လို့ ထင်နေတာလား"


mgyoe.com

mgyoe.com
SAMPLE BOOK

"အမှန်ပဲ ရောဘတ်၊ ခုနက မေးခွန်းနှစ်ခုကို ဖြေလိုက်ပြီ ဆိုတာနဲ့ ကျွန်တော် တိုင်ပတ်ပြီ၊ ဘာလို့လဲ ဆိုတော့ ဘာသာရေးက ရာစုနှစ်တွေနဲ့ ချီပြီး ယုံကြည် လက်ခံလာတဲ့ အယူအဆတွေဟာ ကျွန်တော့်အဖြေနဲ့ ဖြောင့်ဖြောင့်ကြီး လွဲနေလို့ပဲ၊ လူသားတွေကို ဘယ်သူ ဖန်ဆင်းခဲ့သလဲ၊ လူသားတွေရဲ့ အန္တိမ ပန်းတိုင်က ဘာလဲ၊ ဒါတွေက ဘာသာတိုင်းလိုလိုရဲ့ အစဉ်အဆက် ဒေါက်တိုင်တွေလေ၊ ကျွန်တော် ဆိုတဲ့ ကောင်ကလည်း စည်းအပြင်ကလူ၊ အခု ခဏ နေရင် ကျွန်တော် ကြေညာတော့မယ့်ဟာတွေကို ဘာသာရေးသမားတွေက ဘယ်နည်းနဲ့မှ သဘောကျမှာ မဟုတ်ဘူး"

"စိတ်ဝင်စားစရာပဲ"

လန်ဒင်က ပြန်ပြောသည်။

"မနှစ်က တို့ ဘော်စတွန်မှာ တွေ့ကြတုန်းက ဘာသာရေးနဲ့ ပတ်သက်ပြီး မင်း ကျုပ်ကို နှစ်နာရီလောက် အပူတိုက်သွားတာ ဒါကြောင့်လား"

"ဟုတ်တယ် ရောဘတ်၊ ကျွန်တော် မသေခင်မှာ ဘာသာရေး ယုံတမ်းစကားတွေကို သိပ္ပံပညာနဲ့ ရိုက်ချိုးပြမယ်လို့ အစ်ကို့ကို ပြောခဲ့တာလည်း မှတ်မိမှာပေါ့"

လန်ဒင်က ခေါင်းညိတ်ပြသည်။ *သိပ်မှတ်မိတာပေါ့ကွာ။* အက်ဒ်မန်၏ ရဲရဲတောက် စကားလုံးတိုင်းကို လန်ဒင်၏ မှတ်ဉာဏ်၌ ဓာတ်ပုံရိုက်သည့်နှယ် ပြက်ပြက်ထင်ထင် မှတ်တမ်း တင်ထားသည် မဟုတ်ပါလား။

"ကျုပ် မှတ်မိပါတယ်၊ သိပ္ပံရဲ့ ဝိုက်လက်သီးတွေကို ဘာသာရေးက ကြံ့ကြံ့ခံခဲ့တာ လည်း နှစ်တစ်ထောင် မကတော့ဘူးလို့ ပြန်ပြောခဲ့သေးတာလည်း ကျုပ် မှတ်မိပါတယ်၊ ဘာသာရေး ဆိုတာကလည်း တစ်ဆင့်ပြီး တစ်ဆင့် ဆက်ဆက်ထွန်းကားနေသရွေ့ ဘယ်တော့မှ အမြစ်ပြတ်သွားမှာ မဟုတ်ဘူး၊ ဒါ ကျုပ်တို့ လူ့အဖွဲ့အစည်းရဲ့ အရေးကြီး ပန်းတိုင်တစ်ခုပဲ"

"မှန်တယ်၊ ဘာသာရေး ယုံတမ်းတွေကို သိပ္ပံတွေ့ရှိချက်တွေနဲ့ အမြစ်ဖြတ် ကန်ထုတ် ပစ်ဖို့ကလည်း ကျွန်တော့်ဘဝရဲ့ ပန်းတိုင်ပဲလို့ ပြန်ပြောခဲ့တယ်လေ"

"အင်း... စကားလုံး အကြမ်းကြီးတွေပေါ့"

"ဒီတော့ အစ်ကိုက ကျွန်တော့်ကို စိန်ခေါ်တယ်လေ၊ ဘာသာရေး ယုံကြည်ချက် တွေနဲ့ ကဏ္ဍာကောစ ဖြစ်နေတဲ့၊ ဒါမှမဟုတ် ဘာသာရေးကို အပြီးတိုင် မြေမြှုပ်ပစ်နိုင်မယ့် သိပ္ပံအမှန်တရားကို ကျွန်တော် ကြုံလာရပြီ ဆိုရင် ဘာသာရေးပညာရှင် တစ်ယောက်ယောက် နဲ့ ဆွေးနွေးဖို့၊ ဒါမှသာ သိပ္ပံနဲ့ ဘာသာရေး ဆိုတာ အကြောင်းအရာ တစ်ခုတည်းကို မတူညီတဲ့ ဘာသာစကား နှစ်မျိုးနဲ့ ရှင်းပြနေတာပါလား ဆိုတာကို ကျွန်တော် သဘောပေါက် သွားနိုင်တဲ့ အကြောင်း ပြောခဲ့တယ်နော်"

"ကျုပ် ရှင်းရှင်းလင်းလင်းကြီးကို မှတ်မိပါတယ် အက်ဒ်မန်၊ သိပ္ပံပညာရှင်တွေ၊ ဘာသာရေးသမားတွေဟာ ကျုပ်တို့ စကြဝဠာကြီးရဲ့ လျှို့ဝှက်ဆန်းကြယ်မှုတွေဆီ ခြေဆန့်တဲ့


mgyoe.com

mgyoe.com SAMPLE BOOK

အခါ သုံးတဲ့ စကားလုံး အခေါ်အဝေါ်တွေ မတူကြပေမဲ့ အကြောင်းအရာကတော့ ဒါပါပဲ၊ ငြင်းကြ ခုံကြတယ် ဆိုတာ မရောင်ရာ ဆီလူးနေကြတာပဲ ကျုပ်ညီ၊ အဓိက အကြောင်းအရာကို ငြင်းနေကြတယ်လို့ ကျုပ်တော့ မထင်ဘူး''

''အင်း… အစ်ကို အကြံပေးတဲ့အတိုင်း ကျွန်တော် လိုက်လုပ်ဖြစ်ခဲ့တယ် ဆိုပါတော့ဗျာ''

ခါးရှိက ဆက်ပြောသည်။

''ကျွန်တော့်ရဲ့ နောက်ဆုံး တွေ့ရှိချက်နဲ့ ပတ်သက်လို့ ဘာသာရေးခေါင်းဆောင်တွေနဲ့ စကားပြောခဲ့တယ်''

''ဘာရယ်''

''ကမ္ဘာ့ဘာသာပေါင်းစုံ ညီလာခံအကြောင်း အစ်ကို သိတယ် မဟုတ်လား''

''သိတာပေါ့''

ဘာသာတစ်ခုနှင့် တစ်ခုကြား ပေါင်းကူးပေးရန် ကြိုးစားသော ဤအဖွဲ့ကြီး၏ အားထုတ်မှုကို လန်ဒင် လေးစားသဘောကျသည်။

''ဖြစ်ချင်တော့ ဒီနှစ် သူတို့ အစည်းအဝေးလုပ်တဲ့ နေရာက ဘာစီလိုနာမြို့ပြင်က မွန်ဆာရတ်ကျောင်းတိုက်မှာ၊ ကျွန်တော့်အိမ်နဲ့ ဆိုရင် တစ်နာရီလောက် ကားမောင်းသွားရင် ရောက်ပြီ''

*'သိပ်လှတဲ့ နေရာပေါ့'* လွန်ခဲ့သော နှစ်အတန်ကြာက ထိုတောင်ထိပ်သို့ ရောက်ဖူးသော လန်ဒင်က စိတ်ထဲ တွေးသည်။

''ကျွန်တော့် တွေ့ရှိချက်ကို ကြေညာဖို့ စီစဉ်ထားတဲ့ရက်နဲ့ သူတို့ အစည်းအဝေး လုပ်မယ့်ရက်က တစ်ပတ်တည်း ဆိုတော့… မသိဘူးဗျာ၊ ကျွန်တော့်စိတ်ထဲ ဘယ်လို ဖြစ်လာသလဲဆို…''

''ဘယ်လို ဖြစ်လာသလဲ ဆိုတော့ ဘုရားသခင် အချက်ပေးတယ်လို့ ထင်လာတာလား''

ခါးရှိက ရယ်သည်။

''ဆိုပါတော့ဗျာ၊ ဒါနဲ့ပဲ ကျွန်တော် သူတို့ဆီ ဖုန်းလှမ်းဆက်တယ်''

လန်ဒင်က တပည့်ကျော်ကို ဖြုံသွားသည်။

''ညီလာခံမှာ တက်ပြီး မိန့်ခွန်း သွားပြောတာလား''

''ကြံကြီးစည်ရာ ရောဘတ်ရယ်၊ ဒါမျိုး သွားလုပ်ရင် ပြဿနာတွေ တက်ကုန်မှာပေါ့၊ ဘယ်ဖြစ်မလဲ၊ အန္တရာယ် သိပ်များလွန်းတယ်၊ ကျွန်တော်ကိုယ်တိုင် မကြေညာရသေးခင်မှာ အပြင်ကို ပြန့်ကုန်တာမျိုးလည်း မဖြစ်စေချင်ဘူး၊ ဒီတော့ သူတို့ထဲက သုံးယောက်ကို ရွေးပြီး တွေ့ဖို့ ကျွန်တော် ကြိုးစားတယ်၊ ခရစ်ယာန်ရယ်၊ အစ္စလာမ်ရယ်၊ ရဟူဒီရယ်… အဲဒီ


mgyoe.com

mgyoe.com SAMPLE BOOK

ဘာသာသုံးခုက တစ်ယောက်စီပေါ့၊ ဒီလိုနဲ့ ပိဋကတ်တိုက်ထဲမှာ ကျွန်တော်တို့ လေးယောက် ဆုံကြတယ်''

''မင်းကို ပိဋ္ဋတိုက်ထဲ ပေးဝင်တယ်လား၊ ထူးထူးဆန်းဆန်းပဲ''

လန်ဒင်က အံ့သြတကြီး ပြောသည်။

''သူတို့ အတော်လေး အထွတ်အမြတ် ထားတဲ့ နေရာလို့ ကျုပ် ကြားဖူးတယ်''

''ဖုန်း မရှိ၊ ကင်မရာ မရှိ၊ တခြား အနှောင့်အယှက် မရှိဘဲ လုံလုံခြုံခြုံ ဆွေးနွေးလို့ ရမယ့် နေရာမှာ တွေ့ကြမယ်လို့ ကျွန်တော်က ပြောထားတာကိုး၊ ဒါနဲ့ပဲ ကျွန်တော့်ကို အဲဒီ ပိဋ္ဋကတ်တိုက်ထဲ ခေါ်သွားတယ်၊ ကျွန်တော့်ဘက်က ဘာမှ မပြောသေးခင် သူတို့ ပါးစပ်တွေကို လုံလုံထားပါမယ့်အကြောင်း အရင် သစ္စာဆိုခိုင်းလိုက်တယ်၊ သူတို့လည်း လိုက်တော့ လုပ်တယ်၊ ကျွန်တော့် တွေ့ရှိချက်အကြောင်းကို သိထားတဲ့ အပြင်လူ ဆိုလို့ ကမ္ဘာပေါ်မှာ သူတို့ သုံးယောက်ပဲ ရှိတယ်''

''ဆက်ပြောပါဦး၊ အကြောင်းစုံ သိသွားပြီးတော့ သူတို့ ဘယ်လို ဖြစ်သွားလဲ''

ခါးရှိမှာ အပြစ်လုပ်ထားမိသည့် ကလေးလေးသဖွယ် ရှတ်တရက် မျက်နှာငယ် သွားသည်။

''အခြေအနေက သိပ်တော့ မဟန်ဘူးဗျ၊ အစ်ကိုလည်း ကျွန်တော့်အကြောင်း သိတာပဲ၊ စိတ်က သိပ်ပါလာတဲ့အခါကျရင် သံခင်း တမန်ခင်းတွေ နားလည်တော့တာ မဟုတ်ဘူး''

''ကျုပ် သိပါသဗျာ၊ စိတ်လေ့ကျင့်ခန်းတွေ ဘာတွေ လုပ်ဖို့ လိုတယ်လို့ မင်းကို နှက်ထားတာတွေတောင် ကျုပ် ဖတ်ရပါသေးတယ်''

လန်ဒင်က ရယ်ကျဲကျဲဖြင့် ပြန်ပြောသည်။ *စတိဗ်ဂျော့ဘ်စ်တို့ ဘာတို့လည်း အတူတူ ပါပဲကွာ။*

''ဒီတော့ ကျွန်တော့်ရဲ့ ဘွင်းဘွင်းပြောတတ်တဲ့ အကျင့်အတိုင်းပေါ့လေ၊ ဘာသာရေး ဆိုတာ လူတွေကို ထင်ယောင်ထင်မှား ဖြစ်အောင် လုပ်ထားတဲ့ အကြောင်း၊ အသိဉာဏ် ရှိတဲ့ လူသန်းပေါင်း များစွာက သူတို့ဘဝ ရှင်သန် နေထိုင်ရေးအတွက် ဘာသာရေးရဲ့ လမ်းညွှန် ဆုံးမမှုကို တခုတ်တရ ခံယူနေရတယ် ဆိုတာ သိပ္ပံပညာရှင် တစ်ယောက် အနေနဲ့ အင်မတန် မျက်စိစပါးမွေး စူးမိတဲ့ အကြောင်း စသဖြင့် အရိုးခံအတိုင်း လျှောက်ပြော မိရော၊ ဒီလောက် မလေးမစား ဖြစ်နေရင်၊ သဘောမကျရင်လည်း သူတို့နဲ့ ဘာလို့များ လာတွေ့နေသေးလဲလို့ ကျွန်တော့်ကို ထမေးရော၊ ဘာလို့ လာတွေ့တာလဲ ဆိုတော့ ဒီတွေ့ရှိချက် ကို ကျွန်တော် တရားဝင် ကြေညာလိုက်တဲ့အခါ တစ်ကမ္ဘာလုံးက ဘာသာဝင်တွေ ဘယ်လို တုံ့ပြန်မလဲ သိချင်လို့ သူတို့နဲ့ အရင် စမ်းကြည့်တာလို့ ပြန်ပြောလိုက်တယ် ကိုယ့်ဆရာရေ''

''ပြေရာ ပြေကြောင်း ပြောပါဟ''

လန်ဒင် မျက်စိတစ်ချက် မှိတ်ပြလိုက်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

"နေရာတကာ ရိုးသားတိုင်းလည်း ကောင်းတာ မဟုတ်ဘူး"

ခါးရှိက ဖြစ်ကတတ်ဆန်း လက်ခါပြသည်။

"ဘာသာရေးအပေါ် ကျွန်တော် ဘယ်လို မြင်သလဲ ဆိုတာ လူတိုင်း သိနေတာပဲ၊ သိပ်မထူးပါဘူး၊ ကျွန်တော့်ဘက်က ပွင့်ပွင့်လင်းလင်း ရှိတာကို သူတို့ သဘောကျမယ် ထင်မိတာပါ၊ ထားတော့၊ ဒါနဲ့ပဲ ကျွန်တော့် တွေ့ရှိချက်အကြောင်း သူတို့ကို ရှင်းပြတယ်၊ အသေးစိတ်ကို ရှင်းပြတာ၊ ဒီတွေ့ရှိချက်က ကမ္ဘာကြီးကို ဘယ်လို ပြောင်းလဲပစ်နိုင်သလဲ ဆိုတာကိုပါ အသေအချာ ပြောပြလိုက်တယ်၊ ကျွန်တော့်ဖုန်း ယူသွားပြီး သူတို့ကို ဗွီဒီယို တစ်ခု ဖွင့်ပြလိုက်သေးတယ် ရောဘတ်၊ ဒီဗွီဒီယိုက နည်းနည်းတော့ လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားမယ် ဆိုတာ ကျွန်တော် သိတယ်၊ သူတို့ ပါးစပ်အဟောင်းသားပဲ၊ ဘာမှကို ပြန်မပြော နိုင်ဘူး"

"သူတို့ တစ်ခုခုတော့ ပြောမှာပါ"

ခါးရှိ၏ တွေ့ရှိချက်အကြောင်း သိချင်စိတ်တို့ ပိုမို ပြင်းပြလာသော လန်ဒင်က စကားအစ်သည်။

"ကျွန်တော်က အပြန်အလှန် ဆွေးနွေးချင်တာ၊ ဒါပေမဲ့ ခရစ်ယာန်ဘုန်းကြီးက တခြား နှစ်ယောက်ကို အမြန် ပါးစပ်ပိတ်လိုက်တယ်၊ ဒီအချက်တွေကို လူသိရှင်ကြား မလုပ်ခင် ထပ်စဉ်းစားဖို့လည်း ကျွန်တော့်ကို ပြောတယ်၊ နောက်လလောက် ဆိုရင်တော့ လူတွေ သိအောင် ကြေညာမယ်လို့ ကျွန်တော် သူ့ကို ပြန်ပြောလိုက်တယ်"

"ဒါပေမဲ့ မင်း ဒီညပဲ ပြောတော့မှာ မဟုတ်ဘူးလား"

"ဟုတ်တယ်လေ၊ ကျွန်တော် တမင် ပြောလိုက်တာ၊ ဒါမှ သူတို့ သွေးရူးသွေးတန်းနဲ့ တစ်ခုခု မလုပ်နိုင်မှာ"

"ဒီညအကြောင်း သူတို့ သိသွားရင် ဘယ်လို လုပ်မလဲ"

လန်ဒင်က စိုးရိမ်တကြီး မေးသည်။

"သူတို့ 'ဖု'သွားမှာပေါ့၊ အောက်ထစ် သူတို့ထဲက တစ်ယောက်ကတော့ ကျိန်းသေ ပေါက် 'ဖု'သွားလိမ့်မယ်"

ခါးရှိက လန်ဒင်နှင့် မျက်လုံးချင်း ဆုံအောင် ကြည့်သည်။

"ကျွန်တော်တို့ တွေ့ဆုံပွဲလေးကို အဓိက ကမကထ လုပ်တာက ဘစ်ရှော့ အန်တိုနီယို ဗယ်လ်ဒက်စ်ပီနိုလေ၊ သူ့ကို သိလား ရောဘတ်"

လန်ဒင် လန့်သွားသည်။

"မက်ဒရစ်က တစ်ယောက်လား"

ခါးရှိက ခေါင်းညိတ်ပြသည်။

"အစစ်ပေါ့ဗျာ"


mgyoe.com

mgyoe.com SAMPLE BOOK

အက်ဒ်မန်၏ ဘာသာမဲ့ ဝမ်းမန်းရှိုးနှင့် သဟဇာတ မဖြစ်ဆုံး ပရိသတ် တစ်ဦးကို ပြပါ ဆိုလျှင် အနီ ဘစ်ရှော့ဘုန်းတော်ကြီးကိုသာ ပြရပေမည်။ ဗယ်လ်ဒက်စ်ပီနိုမှာ စပိန် ကက်သလစ် အသိုက်အဝန်းတွင် လက်စောင်းထက်လှပြီး ရှေးရိုးစွဲလွန်းသူလည်း ဖြစ်၏။ ထို့ပြင်တစ်ဝ စပိန်ဘုရင်အပေါ်လည်း ကောင်းစွာ သြဇာလွှမ်းသေးသည် မဟုတ်ပါလား။

"ဒီနှစ် ညီလာခံမှာ သူက အိမ်ရှင်ဗျ"

ခါးရှ်က ဆက်ပြောသည်။

"ဒီတော့ သူ့ဆီပဲ ကျွန်တော် လှမ်းဆက်သွယ်ရတာပဲ၊ လူကိုယ်တိုင် လာတွေ့ဖို့ သူ ခေါ်တော့ အစ္စလာမ်နဲ့ ရဟူဒီဘက်ကလည်း တစ်ယောက်စီ ခေါ်ထားပါလို့ ကျွန်တော် ပြန်ပြောလိုက်တယ်"

ခေါင်းပေါ်ရှိ မီးမှာ မှိတ်တုတ် မှိတ်တုတ် ဖြစ်ပြန်ချေပြီ။

ခါးရှ်က သက်ပြင်းမော တစ်ချက် ချလိုက်ပြီး အသံကို ထပ်နှိမ့်ပြော၏။

"ပွဲမစခင် ခင်ဗျားနဲ့ စကားပြောချင်ရတဲ့ အဓိက အကြောင်းရင်းက ခင်ဗျားဆီ အကြံတောင်းချင်လို့ပဲ၊ ဘစ်ရှော့ ဗယ်လ်ဒက်စ်ပီနိုက အန္တရာယ် ရှိ၊ မရှိ ခင်ဗျား ဘယ်လို ထင်သလဲဟင်"

"အန္တရာယ် ရှိ၊ မရှိ"

လန်ဒင်က မရေမရာ ပြန်မေးသည်။

"ဘယ်လိုမျိုးကိုလဲ"

"ကျွန်တော် ပြခဲ့တဲ့ဟာက သူ့ကမ္ဘာကို ခြိမ်းခြောက်လိုက်တဲ့ သဘောပဲလေ၊ သူ ကျွန်တော့်ကို တစ်ခုခု ထိခိုက်အောင် ရန်ပြုတာ ဘာညာ ရှိနိုင်မယ် ထင်လား"

လန်ဒင်က ခေါင်းကို သွက်သွက်ခါသည်။

"မဖြစ်နိုင်တာ၊ မင်း သူ့ကို ဘာတွေ သွားပြောခဲ့သလဲတော့ ကျုပ် မသိဘူး၊ ဗယ်လ်ဒက်စ်ပီနိုက စပိန်ပြည် ကက်သလစ်သာသနာရဲ့ အဓိက ဒေါက်တိုင်၊ စပိန် တော်ဝင် မိသားစုနဲ့လည်း အသွားအလာတွေ ရှိလို့ သြဇာအရမ်းကြီးတယ်၊ မှန်တယ်၊ ဒါပေမဲ့ သူက ဘုန်းကြီးလေ အက်ဒ်မန်၊ လက်မရွံ့ ကြေးစား မဟုတ်ဘူး၊ နိုင်ငံရေးပါဝါနဲ့ မင်းကို နှောက်ကောင်း နှောက်မယ်၊ တရားဟောပြီး တောထုတ်ကောင်း ထုတ်မယ်၊ ဒါပေမဲ့ ကိုယ်ထိ လက်ရောက် အကြမ်းပတမ်းတွေ လုပ်နိုင်ခြေတော့ ကျုပ် တကယ်ပဲ မမြင်မိဘူး"

ခါးရှ်က အယုံအကြည်ရှိဟန် မတူ။

"မွန်ဆာရတ်ကနေ ကျွန်တော် ပြန်ထွက်လာတော့ သူ ကြည့်နေတဲ့ ပုံစံကို အစ်ကို မြင်စေချင်တယ်"

"အက်ဒ်မန်ရယ်၊ မင်းက သူတို့ အိမ်ဦးခန်း မစင် တက်ယိုသွားတာလေ၊ မင်းလုပ်ပုံ လည်း ကြည့်ဦး၊ ဘုန်းကြီးကျောင်းရဲ့ အထွတ်အမြတ် အထားဆုံး ပိဋကတ်တိုက်ထဲ ဝင်ထိုင်၊


mgyoe.com

mgyoe.com SAMPLE BOOK

သူ တစ်သက်လုံး ယုံကြည် ကိုးကွယ်လာတာတွေက ထင်ယောင် ထင်မှားတွေပါ ဆိုပြီး ဘစ်ရှော့ဘုန်းကြီးကို တရားသွားချ၊ ဒီလောက် သွားရန်စထားတာ ဟိုက မင်းကို ကော်ဖီတို့၊ မုန့်တို့နဲ့ ဧည့်ခံစေချင်သေးတာလား''

''ကျွန်တော် အဲဒီလောက်တော့ မထူပါဘူး ရောဘတ်''

အက်ဒ်မန်က စိတ်ပျက်လက်ပျက်ဖြင့် ပြန်ပြောသည်။

''ဒါပေမဲ့ ခြိမ်းခြောက်တဲ့ အသံဖိုင်ကို အီးမေးလ်က ပို့လာလိမ့်မယ်လို့လည်း မထင်တာတော့ အမှန်ပဲ''

''ဘစ်ရှော့ဗယ်လ်ဒက်စ်ပီနိုက မင်းဆီ ဖုန်းဆက်တယ်လား''

ခါးရှ်က သူ့သားရေဂျက်ကက်ထဲမှ စမတ်ဖုန်း အကြီးစား တစ်လုံးကို ဆွဲထုတ်လိုက်သည်။ ဖုန်းအခွံက စိမ်းပြာရောင် တောက်တောက်၊ ဆဋ္ဌဂံသဏ္ဌာန် အဆင်အကွက်တို့နှင့် မွန်းထား၏။ ခေတ်သစ် အနုပညာ လက်ရာရှင် ကတ်တလန်ဗိသုကာ အန်တိုနီဂေါ်ဒီ၏ လက်ရာမှန်း မြင်ရုံနှင့် သိသာသည်။

''နားထောင်ကြည့်''

ခါးရှ်က ဖုန်းကို ဖွင့်ပြီး ခလုတ်အချို့ နှိပ်သည်။ လှုအိုသံ အက်ကွဲကွဲက ဖုန်းစပီကာမှ တစ်ဆင့် ရှတတ ထွက်ပေါ်လာသည်။ သူ့အသံက အေးစက်စက်။

*အခု ပြောနေတာ ဘစ်ရှော့ အန်တိုနီယို ဗယ်လ်ဒက်စ်ပီနိုပါ မစ္စတာခါးရှ်၊ မနက်တုန်းက မင်း ပြောသွားတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး တို့များ သိပ်ဘဝင်မကျလှဘူး၊ တခြား ဆရာတော် နှစ်ပါးလည်း ဒီအတိုင်းပဲ သဘောရတယ်၊ ဒီတော့ မင်းအနေနဲ့ တို့များဆီကို အမြန်ဆုံး ဖုန်းဆက်ပါ၊ မနက်က ကိစ္စကို ထပ်ဆွေးနွေးဖို့ လိုလိမ့်မယ်၊ လူသိရှင်ကြား ထုတ်ပြောမယ် ဆိုရင် တက်လာနိုင်တဲ့ ပြဿနာတွေ အများကြီး ရှိတာကိုလည်း တို့များ သတိပေးပါရစေ၊ တကယ်လို့ တို့များဆီကို မင်း ဆက်သွယ်မလာဘူး ဆိုရင် မင်းရဲ့ တွေ့ရှိချက်တွေကို တို့များကိုယ်တိုင် ကမ္ဘာကို ထုတ်ပြောလိုက်တော့မယ်၊ တို့သုံးယောက် တိုင်ပင်ပြီးသွားပြီ၊ ရိုးရိုးထုတ်ပြောမှာတော့ မဟုတ်ဘူး၊ မင်းရဲ့ တွေ့ရှိချက်ကို ပုံဖျက်မယ်၊ ပြောင်းပစ်မယ်၊ ကမ္ဘာကြီးကို ဒုက္ခပေးမယ့်အကြောင်း လူတွေကို အသိပေးမယ်၊ မင်း ကြိုမမြင်ခဲ့တဲ့ ပြဿနာတွေကို ဖော်မယ်၊ တို့များရဲ့ သည်းခံနိုင်စွမ်းကို မစမ်းချင်ပါနဲ့၊ မင်းဖုန်းကို စောင့်နေမယ်၊ ဟုတ်ပြီလား။*

အသံဖိုင်မှာ ဤမျှသာ။

ဗယ်လ်ဒက်စ်ပီနို၏ အေးစက် ရန်လိုသော အသံကို ကြားလိုက်ရသဖြင့် လန့်ဒင်ပင် စိတ်ထဲ တစ်မျိုး ဖြစ်သွားသော်လည်း ထိုအသံဖိုင်ကြောင့်ပင် အက်ဒ်မန်၏ ကြေညာလတ္တံ့သော တွေ့ရှိချက်မှာ အဘယ်နည်း ဟူသည့် သိလိုစိတ်တို့ ပိုမို များပြားလာ၏။


mgyoe.com

mgyoe.com SAMPLE BOOK

"မင်း ဘာပြန်ပြောလိုက်လဲ"

"ဘာမှ ပြန်မပြောဘူးလေ"

အက်ဒ်မန်က ဖုန်းကို အင်္ကျီထဲ ပြန်ထည့်လိုက်သည်။

"သကြန်အမြောက်လို့ပဲ ကျွန်တော် မြင်တယ်၊ သူတို့လား ဒီကိစ္စကို လူတွေ သိစေချင်မှာ၊ ဘယ်တော့မှ ပေါ်မလာအောင် မြေမြှုပ်ပစ်လို့ ရရင် မြှုပ်ပစ်မယ့် လူတွေ၊ ပြီးတော့ ဒီည ကျွန်တော် လုပ်မယ့် ပွဲအကြောင်းလည်း သူတို့ ကြိုသိစရာ မရှိဘူးလေ၊ ခြုံကြည့်လိုက်ရင် သူတို့ လက်ဦးပြီး ကြေညာမယ့် ကိစ္စကိုတော့ ကျွန်တော် မကြောက်တာ အမှန်ပဲ"

အက်ဒ်မန်က ခေတ္တ စကားစ ဖြတ်လိုက်ပြီး လန်ဒင်ကို လှမ်းကြည့်သည်။

"ဒါပေမဲ့… အခုကျတော့ သူ့လေသံက တစ်မျိုးပဲဗျာ၊ ကျွန်တော်လည်း မပြောတတ်ဘူး၊ စိတ်ထဲက ထုတ်ပစ်လို့ မရဘူး ဖြစ်နေတယ်"

"ဒီည ဒီနေရာမှာ တစ်ခုခု ဖြစ်နိုင်တယ်လို့ မင်း ထင်နေတာလား"

"အဲဒီလိုတော့ မထင်ပါဘူး၊ ဧည့်သည်စာရင်းကို လုံးဝ တင်းကျပ်ထားပြီးသား၊ ဒီအဆောက်အအုံ လုံခြုံရေးစနစ်ကလည်း သိပ်ကောင်းတယ်၊ ကြေညာပြီး နောက်ရက်တွေ ရောက်မှ ပြဿနာတက်မှာကို ကျွန်တော် ကြောက်နေတာ"

စိတ်ထဲ ရှိသမျှ ထုတ်ပြောလိုက်ရသောကြောင့် ရုတ်တရက် နောင်တရသွားဟန်ဖြင့် အက်ဒ်မန်က စကားဖြတ်သည်။

"ကြောင်တောင်တောင်တွေ ပြောမိနေပြီနဲ့ တူပါရဲ့၊ စင်ပေါ်မတက်ခင် ကယောင်ကတမ်း ဖြစ်တာ နေမှာပါလေ၊ အစ်ကို ဘယ်လို တွေးလဲ ဆိုတာကို ဒီအတိုင်း သိချင်ရုံပါ"

လန်ဒင်က တပည့်ကျော်ကို စိုးရိမ်တကြီးဖြင့် ကြည့်သည်။ အက်ဒ်မန်မှာ ထူးထူးခြားခြားပင် ဖြူရော်ပြီး သောကတောင်တန်း ပွေနေပုံရ၏။

"မင်း သူ့ကို ဘယ်လောက်ပဲ သွားဆွဆွ ဗယ်လ်ဒက်စ်ပီနိုက မင်းကို ကိုယ်ထိလက်ရောက်တော့ ဘာအန္တရာယ်မှ ပေးမှာ မဟုတ်ဘူး၊ ဒါ ကျုပ် မြင်တဲ့ အတိုင်းပဲ"

မီးမှိန်လာပြန်ပြီ။

"အိုကေဗျာ၊ ကျေးဇူးတင်ပါတယ်"

ခါးရှုံက နာရီကို တစ်ချက်ကြည့်သည်။

"ကျွန်တော် သွားရတော့မယ် ရောဘတ်၊ ဒါပေမဲ့ ပွဲပြီးရင် ကျွန်တော်တို့ တွေ့ကြဦးမယ်လေ၊ အဆင်ပြေတယ် ဟုတ်လား၊ အစ်ကိုနဲ့ ကျွန်တော် ဆွေးနွေးစရာတွေ အများကြီး ရှိတယ်"

"ဖြစ်တယ်လေ၊ ကျုပ်က အေးဆေးပဲ"

"ဟုတ်ပြီ၊ ကျွန်တော် ပြောစရာ ရှိတာတွေ ပြောပြီးရင် ကသောင်းကနင်း ဖြစ်ကြလိမ့်ဦးမှာ၊ ဒီတော့ ကျွန်တော်တို့ နှစ်ယောက် အေးအေးလူလူ စကားပြောဖို့ နေရာလိုတယ်"


mgyoe.com

mgyoe.com SAMPLE BOOK

အက်ဒ်မန်က လိပ်စာကတ် တစ်ကတ်ကို ထုတ်ပြီး ကျောဘက်တွင် ခပ်သွက်သွက် ရေးနေ၏။

“ပွဲပြီးရင် အပြင်ထွက်ပြီး တက္ကစီတစ်စီး ခေါ်၊ ဒရိုင်ဘာကို ဒီကတ်ပြလိုက်၊ ဘယ်ပို့ ရမယ် ဆိုတာ သူတို့ သိလိမ့်မယ်”

အက်ဒ်မန်က ပြောပြောဆိုဆိုဖြင့် လိပ်စာကတ်ကို လန်ဒင့်လက်ထဲ ထည့်ပေးလိုက်၏။

ဟိုတယ်၊ သို့မဟုတ် စားသောက်ဆိုင် တစ်ခုခု၏ လိပ်စာ ဖြစ်မည်ဟု တွေးရင်း လန်ဒင်က လိပ်စာကတ်ကို အသာ ကြည့်သည်။ သို့သော် လိပ်စာကတ် နောက်ကျော၌ ရေးထားသည်မှာ ဂဏန်းစာနှင့်ပင် တူသေးတော့၏။

BIO-EC 346

“ဒါကို တက္ကစီဒရိုင်ဘာဆီ ပေးရမှာလား”

“ဟုတ်တယ်၊ ဘယ်မောင်းရမလဲ သူတို့ သိတယ်၊ ကျွန်တော် လုံခြုံရေးကို ကြိုပြော ပေးထားမယ်၊ တတ်နိုင်သမျှလည်း အမြန်ဆုံး လိုက်လာခဲ့မယ်”

*လုံခြုံရေး ဆိုပါလား။* လန်ဒင်က မျက်မှောင် တစ်ချက် ကြုတ်သည်။ *BIO-EC 346 ဟူသည်မှာ လျှို့ဝှက် သိပ္ပံကလပ်တစ်ခု၏ အမည်ဝှက်ပေလော။*

“သိပ်ရှင်းတဲ့ ကုဒ်လေးပါ ရောဘတ်ရယ်”

အက်ဒ်မန်က မျက်စိမှိတ်ပြသည်။

“အစ်ကို မသိဘဲ မနေဘူး၊ ဪ… ဒါနဲ့ စကားမစပ် ဒီည ပွဲလုပ်တဲ့အခါ ကိုယ့်ဆရာ အခန်းလည်း ပါဦးမှာ သိလား၊ ကြိုပြောထားတာ”

လန်ဒင်က အံ့သြသွားသည်။

“ဘယ်လို အခန်းက ပါရမှာလဲကွ”

“မပူပါနဲ့ ကိုယ့်ဆရာ၊ အစ်ကို ဘာမှ လုပ်စရာ မလိုပါဘူး”

ထိုသို့ ပြောပြီးသည်နှင့် အက်ဒ်မန်မှာ ကြောင်လိမ် ထွက်ပေါက်ဆီ ဦးတည်တော့ သည်။

“စင်နောက်ကို ပြေးရတော့မယ်ဗျို့၊ ဒါပေမဲ့ ဝင်စတန်က ဆက်လမ်းညွှန်ပါလိမ့်မယ်”

အပေါက်ဝနား အရောက်တွင် အက်ဒ်မန်က တုံ့ခနဲ ရပ်လိုက်ပြီး သမင်လည်ပြန် လှည့်ကြည့်သည်။

“ပွဲပြီးရင် တွေ့မယ် ရောဘတ်၊ ဗယ်လ်ဒက်စ်ပီနိုအကြောင်း အစ်ကို ထင်တာ မှန်ပါစေဗျား”

“စိတ်အေးအေးထား အက်ဒ်မန်၊ ပွဲကိုပဲ အာရုံစိုက်၊ ဘယ်ဘုန်းကြီးမှ မင်းကို ရန်လာမရှာဘူး”

လန်ဒင်က လှမ်းနှစ်သိမ့်သည်။


mgyoe.com

mgyoe.com
SAMPLE BOOK


ခါးရှိက 'မကင်' ဟူသော ဟန်ပန်နှင့် ပခုံးတွန့်ပြသည်။

"ကျွန်တော် ပြောမယ့်ဟာတွေကို ကြားပြီးရင် အစ်ကို စိတ်ပြောင်းသွားလိမ့်မယ်"

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁၀)

မက်ဒရစ် ရိုမန်ကက်သလစ် သာသနာပိုင်နယ်၏ ဌာနချုပ်မှာ အယ်လ်မူးဒဲနား ကက်သီဒြယ် ဘုရားရှိခိုးကျောင်းကြီး ဖြစ်သည်။ အနီး ဘုရားကျောင်းကြီးမှာ ရောမနှင့် ဂရိ ရှေးဟောင်းပုံစံကို အခြေခံထားပြီး မက်ဒရစ် တော်ဝင်နန်းတော်နှင့် ကပ်လျက်သား တည်ရှိ၏။ ရှေးဟောင်း ဗလီတစ်ခု နေရာတွင် တည်ဆောက်ထားသော အယ်လ်မူးဒဲနား ကက်သီဒြယ်၏ အမည်မှာလည်း 'အဲမူဒီးနာ' ဟူသည့် အာရေဗျ စာလုံးမှ ဆင်းသက်လာခြင်း ဖြစ်သည်။ အဓိပ္ပာယ်မှာ 'ခံတပ်' ဟူသတတ်။

ရာဇဝင် အလိုအရ ၁၀၈၃ ခုနှစ်တွင် မက်ဒရစ်မြို့ကို မွတ်စလင်တို့ထံမှ ပြန်လည်သိမ်းယူခဲ့သော ဆဋ္ဌမမြောက် အယ်လ်ဖွန်ဆို ဘုရင်သည် ပျောက်ဆုံးနေသည့် အပျိုစင်မာရီ ရုပ်တုကို ရှာဖွေလိုစိတ် ပြင်းပြစွာ ပေါ်ပေါက်ခဲ့သည် ဟူ၏။ အနီး ရုပ်တုကို လုံခြုံရေးအလို့ငှာ ခံတပ် တံတိုင်းများထဲ၌ သိုဝှက် မြှုပ်နှံထားခဲ့ခြင်း ဖြစ်သည်။ အပျိုစင် မာရီ ရုပ်တုကို မည်သို့မျှ ရှာမတွေ့သည့် အဆုံး၌ အယ်လ်ဖွန်ဆိုသည် ဘုရားသခင်ထံ ယုံကြည်ချက်ခိုင်မာစွာဖြင့် တောက်လျှောက် ဝတ်ပြု ဆုတောင်းနေခဲ့၏။ ထိုသို့ ဆုတောင်းနေစဉ် အချိန်မှာပင် ခံတပ်တံတိုင်း တစ်နေရာ၌ ရုတ်တရက် ပေါက်ကွဲပြီး အုတ်သားများ ပျက်စီးကာ အတွင်းရှိ အပျိုစင်မာရီ ရုပ်တု ဘွားခနဲ ပေါ်ပေါက်လာခဲ့တော့သည်။ လွန်ခဲ့သည့် ရာစုနှစ်ပေါင်းများစွာကတည်းက ခံတပ်အုတ်ရိုးထဲ ထည့်သွင်း မြှုပ်နှံခံထားရသော်ငြား ဖယောင်းတိုင်တို့မှာ လင်းလက်စွာ တောက်လောင်ဆဲ ဖြစ်သည်ကိုလည်း တွေ့မြင်ခဲ့ကြရ၏။

ယနေ့ခေတ်တွင်မူ အယ်လ်မူးဒဲနား အပျိုစင် မာရီသည် မက်ဒရစ်မြို့ကို စောင့်ရှောက်သော ပတ်ထရွန် သူတော်စင်အဖြစ် ရှိနေချေပြီ။ ရုပ်တုကို အရိုအသေပေး ဝတ်ပြုရန်၊ မင်္ဂလာဆုတောင်းပွဲ တက်ရောက်ရန်အတွက် ဘုရားဖူးများ၊ ကမ္ဘာလှည့် ဧည့်သည်တော်များသည် အယ်လ်မူးဒဲနား ကက်သီဒြယ်သို့ အုပ်စုလိုက် လာရောက်ကြလေ့ ရှိ၏။ နန်းတော်နှင့် ကပ်လျက် တည်ရှိနေခြင်းကလည်း ကက်သီဒြယ်၏ ဆွဲဆောင်မှုကို အားဖြည့်ပေးလျက်ရှိပြီး စပိန်ပြည့်ရှင် ဘုရင်ကြီးကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်သည့် အခွင့်အရေးပါ အပိုဆုအဖြစ် ရ၏။

ယနေ့ညဉ့် ကပွဲယလေးသည် ကက်သီဒြယ် စင်္ကြံထဲ၌ ရေးကြီးသုတ်ပျာ အသော့



mgyoe.com

mgyoe.com
SAMPLE BOOK

နှင်လျက် ရှိ၏။

*ဘစ်ရှော့ဆရာတော် ဗယ်လ်ဒက်စ်ပီနို ဘယ်မှာလဲ။*

*ဝတ်ပြုပွဲ စတော့မယ်။*

ဤကက်သီဒြယ်၏ အကြီးအမှူးအဖြစ် ဆရာတော် ဗယ်လ်ဒက်စ်ပီနို တာဝန်ယူခဲ့သည်မှာ ဆယ်စုနှစ်ပေါင်း မနည်းတော့ချေ။ ဘုရင်ကြီး၏ မိတ်ရင်းဆွေရင်း ဖြစ်သလို ဘာသာရေး အတိုင်ပင်ခံ ဆိုလည်း မမှားသည့် ဗယ်လ်ဒက်စ်ပီနိုမှာ ရှေးရိုးစွဲဝါဒ ပြင်းထန်သူဖြစ်၏။ ခေတ်သစ်လှိုင်းများ၏ ရိုက်ခတ် တိုက်စားမှုကို စိုးစဉ်းမျှ သည်းမခံနိုင်သူပင်။ အီစတာပွဲတော် မတိုင်ခင် ရက်သတ္တပတ်၌ ကျင်းပလေ့ ရှိသော ကက်သလစ် ဘာသာရေး ပွဲတော်တွင်လည်း အသက်ရှစ်ဆယ့်သုံးနှစ်အရွယ် ဘစ်ရှော့ဗယ်လ်ဒက်စ်ပီနိုသည် ခြေချင်းများ ဝတ်ဆင်ပြီး ပါဝင်ဆင်နွှဲမြဲ၊ ရုပ်တုများကို သယ်ဆောင်ပြီး မြို့အနှံ့ ပတ်ကြသည့် ကက်သလစ် ဘာသာဝင်များနှင့် အတူ လက်တွဲ ပါဝင်မြဲ ဖြစ်၏။

*တခြားသူတွေသာ နောက်ကျရင် နောက်ကျမယ်၊ ဗယ်လ်ဒက်စ်ပီနိုကတော့ မစ္ဆားပွဲကို ဘယ်တော့မှ နောက်ကျတာ မဟုတ်ဘူး။*

ကပ္ပိယလေးသည် လွန်ခဲ့သော မိနစ်နှစ်ဆယ်ခန့်ကပင် ဘစ်ရှော့ဆရာတော်ကို ဝတ်ရုံကူဝတ်ပေးခဲ့ပြီး ဖြစ်၏။ ထိုသို့ ဝတ်ဆင်ပြီးချိန်တွင် ဆရာတော်၏ ဖုန်းထဲသို့ စာတိုတစ်စောင် ဝင်လာသည်။ ထို့နောက် ဆရာတော်လည်း စကားတစ်ခွန်း မဆိုဘဲ သုတ်သုတ်ပျာပျာဖြင့် ထွက်သွား၏။

*ဆရာတော် ဘယ်များ သွားပါလိမ့်။*

ဝတ်ပြုဆောင်၊ အဝတ်လဲခန်းတို့ကိုသာမက ဆရာတော်ကြီး၏ သီးသန့် ရေအိမ်ထဲပါ လိုက်ရှာသည်မှာလည်း နှံ့နေချေပြီ။ ယခုအခါ ကပ္ပိယလေးသည် ဘစ်ရှော့ဆရာတော်၏ ရုံးခန်းသို့ ဦးတည်ပြီး အပြေးတစ်ပိုင်း သွားလျက် ရှိ၏။

ပြွန်အော်ဂင်မှ ဂီတသံတို့ စတင် အသက်ဝင်လာသံကို ကပ္ပိယလေး သဲ့သဲ့ ကြားနေရသည်။

*ဓမ္မတေးတွေတောင် စဆိုနေပြီ။*

ဘစ်ရှော့ဆရာတော်၏ ရုံးခန်းရှေ့ အရောက်ဝယ် ကပ္ပိယလေး၏ ခြေလှမ်းတို့ တုံ့ခနဲ ရပ်သွားသည်။ ပိတ်ထားသော တံခါးအောက်ခြေမှ အလင်းရောင်တို့ ဖြာထွက်နေသည်ကို မြင်လိုက်ရသောကြောင့်ပင်။

*ဆရာတော် ဒီမှာ ရှိနေတယ်လား။*

ကပ္ပိယလေးက တံခါးကို အသာအယာ ခေါက်၏။

"ဆရာတော် ရှိပါသလား ခင်ဗျာ"

မည်သည့် အသံမျှ မကြားရ။


mgyoe.com

mgyoe.com SAMPLE BOOK

တံခါးကို ခပ်ကျယ်ကျယ် ထပ်ခေါက်ပြန်သည်။

"ဆရာတော် ရှိပါသလား ခင်ဗျာ"

တုတ်တုတ်မျှ မလှုပ်။

အိုလှပြီ ဖြစ်သော ဆရာတော်၏ ကျန်းမာရေးကို စိတ်ထဲ တစ်ချက် ထင့်သွားသည့် ကပ္ပိယလေးမှာ လက်ကိုင်ကို အသာလှည့်ပြီး တံခါးကို ဆွဲဖွင့်လိုက်တော့သည်။

"ဘုရားရေ…"

ကပ္ပိယလေး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ဘစ်ရှော့ဆရာတော် ဗယ်လ်ဒက်စ်ပီနိုမှာ မဟော်ဂနီခုံ၌ ထိုင်ရင်း လက်တော့ပ် ကွန်ပျူတာကို စူးစူးစိုက်စိုက်ကြီး ငေးကြည့်နေ၏။ ဘစ်ရှော့ဦးဆောင်းမှာ ဆရာတော်၏ ဦးခေါင်းထက်၌ ရှိနေဆဲ ဖြစ်သော်လည်း ဝတ်ရုံမှာမူ ကြမ်းပေါ်၌ ဖရိုဖရဲ အလိပ်လိုက်။ အခြား အဆောင်အယောင်များကိုလည်း နံရံ၌ ဖြစ်သလို မှီထား၏။

ကပ္ပိယလေးက ချောင်းတစ်ချက် ဟန့်ပြီး မစ္ဆားပူဇော်ပွဲ စတော့မည့် အကြောင်း လှမ်းသတိပေးလိုက်သည်။

"လက်စန်တာ မီစက်စတာ…"

"ပရက်ပရာဒါး"

ဗယ်လ်ဒက်စ်ပီနိုက ဖြတ်ပြောသည်။ သူ့အကြည့်တို့ကိုမူ ကွန်ပျူတာ ဖန်သားပြင်မှ မခွာ။

"ပါးဒရဲဒယ်ရီဒါ မယ်စုစတီတော်ရဲ"

ကပ္ပိယလေး ပါးစပ်အဟောင်းသား ဖြစ်သွား၏။ *ဖာသာဒယ်ရီဒါနဲ့ အစားထိုးခိုင်းရမယ်။*

စနေည မစ္ဆားပူဇော်ပွဲကို ရဟန်းငယ်မှ ကြီးမှူး ကျင်းပခြင်းမှာ ထုံးစံ မရှိသလောက်ပင်။

"ဗက်တေယား"

ကပ္ပိယလေးကို *သွားတော့* ဟု ဗယ်လ်ဒက်စ်ပီနိုက ငေါက်သည်။ မျက်လုံးတို့ကမူ ကွန်ပျူတာကို မျက်တောင်မခတ်တမ်း ဆက်ကြည့်နေဆဲ။

"အီသရယ်ရာလာပွယ်တာ" *တံခါးပိတ်သွား* ဟုလည်း ပြောလိုက်သေးသည်။

ကပ္ပိယလေးမှာ ကြောက်ကြောက်လန့်လန့်ဖြင့် တံခါးပြန်ပိတ်ပြီး သုတ်ခြေတင် ထွက်သွားတော့သည်။

ဘုရားသခင်၏ အမှုတော်ကိုပင် မထမ်းနိုင်လောက်အောင် နှောင့်ယှက်နေသော ကွန်ပျူတာထဲမှ အရာမှာ အဘယ်နည်းဟု ကပ္ပိယလေး ဦးနှောက်ခြောက်နေသည်။ သူ့ခြေလှမ်းတို့ကမူ ပြွန်အော်ဂင်သံများဆီသို့။


mgyoe.com

ထိုအချိန်မှာပင် ဗိုလ်ချုပ်ကြီး အဗီးလားသည် ဂူဂန်ဟိုင် ပြတိုက် ခန်းမထဲရှိ လူအုပ်ကြား တိုးဝှေ့ ဖြတ်သန်းလျက် ရှိ၏။ နားကြပ်ကြီး တပ်ရင်း တစ်ကိုယ်တည်း စကားပြောနေကြသော ဧည့်သည်များကိုလည်း အံ့အားသင့်စွာ အကဲခတ်မိသည်။ ပြတိုက်၏ အသံလမ်းညွှန်စနစ်မှာ အပြန်အလှန် စကားပြော၍ ရဟန်တူသည်။ အဗီးလားမှာ ထိုအမှိုက်သရိုက်ကို လွှင့်ပစ်မိခဲ့ခြင်းအတွက် ကျိတ်ပြီး ဝမ်းသာနေ၏။

*ဒီည အာရုံလွှင့်လို့ မရဘူး။*

အဗီးလားက နာရီကို တစ်ချက် ကြည့်သည်။ ဓာတ်လှေကားကိုလည်း လှမ်းအကဲခတ်လိုက်သေး၏။ ထိုနေရာတွင် အပေါ်တက်မည့် သူများနှင့် ပြည့်ကျပ်နေရာ အဗီးလားအဖို့ ရိုးရိုးလှေကားကသာ ပိုအဆင်ပြေပေမည်။ လှေကားတက်နေချိန်ဝယ် ယုံရခက်သော ခံစားချက်တို့က အဗီးလား တစ်ကိုယ်လုံးကို ဖုံးလွှမ်းလာ၏။ ယမန်နှစ် ညကလည်း ဤသို့ပင် ခံစားခဲ့ရသေးသည်။ *ငါ တကယ်ပဲ လူသတ်သမား ဖြစ်နေပြီလား။*

ချစ်ဇနီးနှင့် သားကလေးကို မပြန်လမ်းသို့ ပို့ဆောင်ခဲ့သော မိစ္ဆာဒိဋ္ဌိတို့က သူ့ကို ဘဝပြောင်းစေခဲ့ခြင်းပင်။

*'ဘယ်လိုပဲ ဖြစ်ဖြစ် အထက်အမိန့်အရ လုပ်တာပဲလေ'* အဗီးလားက သူ့ကိုယ်သူ ပြန်သတိပေးသည်။ *ကျုပ် လုပ်တာ တရားနည်းလမ်း ကျပါတယ်။*

လှေကား တစ်ဆစ်ချိုးပြီးချိန်ဝယ် အဗီးလား၏ အာရုံတို့က အနီးရှိ အမျိုးသမီးတစ်ဦးဆီ ရောက်သွား၏။ *'စပိန်ရဲ့ ဆယ်လီလက်သစ်လေးပဲ'* မချောလေးကို အဗီးလားက အကဲခတ်နေသည်။

*ကောက်ကြောင်းအလှ ပေါ်လွင်စေသည့် အဖြူရောင် ဝတ်စုံကို ဆင်မြန်းထားသည့် မဒီလေး။* ဝတ်စုံဖြူ၏ ရင်ဘတ်နေရာတွင် အနက်ရောင် ထောင့်ဖြတ် အစင်းလေး တစ်ခု ဒီဇိုင်းထွင်ထားသေး၏။ သွယ်လျလျ ကိုယ်ဟန်၊ ပိတုန်းရောင် ကေသာနက်နက်၊ နန်းဆန်သော လှုပ်ရှားမှုတို့က မျက်တောင်မခတ်တမ်း ကြည့်နေချင်စရာ။ သူမအား အာရုံစိုက်နေသူမှာ သူတစ်ယောက်တည်း မဟုတ်ကြောင်း အဗီးလား သတိပြုမိသည်။

အဖြူရောင် မိန်းမပျိုသည် ဧည့်သည်တော်များ၏ အကြည့်တို့ကို ဖမ်းစားထားရုံသာမက သူမ ဘေးမှ အရိပ်ပမာ မခွာတမ်း လိုက်နေသော ကိုယ်ရံတော် နှစ်ဦးမှာလည်း သူမကိုသာ အပြည့်အဝ အာရုံစိုက်ထား၏။ ကိုယ်ရံတော် နှစ်ဦးမှာ သစ်နက်တို့၏ တည်ကြည်ခံ့ညား ယုံကြည်မှု အပြည့်ရှိပြီး လိုက်ဖက်လှသော ဘလေဇာကုတ်အပြာကို ဆင်မြန်းထားပေသည်။ အနီ ဘလေဇာကုတ်တွင် ပန်းထိုးထားသော အမွေးပွလေးများ ပါရှိသည့်အပြင် GR ဟူသော အတိုကောက် စာလုံး နှစ်လုံးလည်း ရေးထိုးထားသေးသည်။ ထိုပုဂ္ဂိုလ်တို့ ရှိနေခြင်းကို အဗီးလား မအံ့သြမိသော်လည်း ရုတ်တရက် ဆိုသလို ရင်တဒိတ်ဒိတ် ခုန်လာ၏။ စပိန် တပ်မတော်သားဟောင်းတစ်ဦး အနေဖြင့် GR ဟူသော စာလုံး၏ အဓိပ္ပာယ်အနက်ကို


mgyoe.com

mgyoe.com SAMPLE BOOK

အဖီးလား ကောင်းစွာ နားလည် သဘောပေါက်၏။ လက်နက် အပြည့်အစုံ ကိုင်စွဲထားပြီး တိုက်ရည်ခိုက်ရည် ကျင့်သားဝနေသော ကိုယ်ရံတော်များပင်။

*'သူတို့ ရှိနေရင် ပိုသတိထားရမယ်'* အဖီးလားက စိတ်ထဲ တွေးသည်။

''ဟေ့လူ''

သူ့အနောက်တည့်တည့်မှ အသံတစ်သံ ထွက်လာသဖြင့် အဖီးလားက ချာခနဲ လှည့်လိုက်သည်။ တိုက်ဆီဒိုး ကုတ်အင်္ကျီ ဝတ်ထားသော ဗိုက်ပူလူဝကြီးက သူ့ကို ပြုံးပြုံးကြီး ကြည့်နေသည်ကို တွေ့ရ၏။ လူဝကြီးမှာ ကောင်းဘွိုင်ဦးထုပ် အမည်းရောင်ကိုလည်း ဆောင်းထားသေးသည်။

''ဝတ်စုံက မိုက်လှချည်လား''

အဖီးလား၏ စစ်ယူနီဖောင်းကို ညွှန်ပြရင်း လူဝကြီးက ဟောင်ဖွာဖွာ လှမ်းပြောသည်။

''ဒါမျိုး ဘယ်က ရသလဲဗျ''

အဖီးလားက ဗိုက်ပူကြီးကို စူးစူးရဲရဲ စိုက်ကြည့်နေ၏။ လက်သီးကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်မိလျက်သား။ *'ဘဝတစ်သက်တာလုံး ကိုယ်ကျိုးစွန့် အမှုတော်ထမ်းရင် ရနိုင်တာပေါ့ဗျာ'* သူ့စိတ်ထဲမှ အတွေး။

''နိုးဟက်ဘလိုအင်းဂလစ်''

အင်္ဂလိပ်လို မပြောတတ်ကြောင်း အသာတုံ့ပြန်ရင်း အဖီးလားက ပခုံးတွန့်ပြလိုက်သည်။ ထို့နောက် အပေါ်သို့ ဆက်တက်၏။ ဒုတိယအလွှာသို့ ရောက်ချေပြီ။ စကြံရှည်ကြီး၏ ဟိုမှာဘက် အစွန်တွင် သန့်စင်ခန်း ရှိကြောင်း လမ်းညွှန်ဆိုင်းဘုတ်တို့က သတင်းပေးနေသည်။ ထိုအချိန်မှာပင် မီးများက ရုတ်တရက် မှိတ်တုတ် မှိတ်တုတ် ဖြစ်လာသည်။ ပွဲစတော့မည် ဖြစ်၍ ဧည့်သည်တော်များ အားလုံး အပေါ်သို့ တက်ကြရန် အချက်ပေးခြင်းပင်။

လူသူကင်းမဲ့လျက် ရှိသော သန့်စင်ခန်းထဲသို့ အဖီးလား ဝင်သည်။ နောက်ဆုံး အိမ်သာခန်းကို ရွေးပြီး အထဲမှ ချက်ချလိုက်၏။ အထီးတည်း ဖြစ်သွားသော အဖီးလား၏ စိတ်ထဲဝယ် ရင်းနှီးပြီးသား အရိပ်ဆိုးတို့ တစ်ဖန် ထွက်ပေါ်လာသည်ကို ခံစားနေရသည်။ အဆုံး အစ မထင်သော အသူတစ်ရာချောက်ကြီးထဲ သူ့ကို ဆွဲချရန် ကြိုးစားနေကြ၏။

*ငါးနှစ်တောင် ရှိသွားပေမဲ့ မေ့လို့ မရသေးပါလား။*

အတိတ်၏ အရိပ်ဆိုးတို့ကို အဖီးလားက ဒေါသတကြီး မောင်းထုတ်လိုက်၏။ ယခု လုပ်ရမည့် အလုပ်က အိတ်ကပ်မှ ပုတီးကုံးကို အသာယူရန် ဖြစ်သည်။ ထို့နောက် အဖီးလားသည် အိမ်သာခန်းထဲရှိ ကုတ်အင်္ကျီချိတ်ရန် ချိတ်တွင် ပုတီးကုံးကို ညင်သာစွာ ချိတ်လိုက်သည်။ ပုတီးလုံးများနှင့် လက်ဝါးကပ်တိုင်တို့ ဖြည်းညင်းစွာ လှုပ်ခါနေချိန်ဝယ် အဖီးလားက သူ့လက်ရာ သူ သဘောကျနေ၏။ ပြုလတ္တံ့သော အမှုကိစ္စ၌ ပုတီးကို အသုံးချခြင်းမှာ


mgyoe.com

mgyoe.com
SAMPLE BOOK


ဆိုးယုတ်လှကြောင်း အဖီးလား သဘောပေါက်သည်။ *အခြားသူများသာ သိသွားလျှင်. . .။*

သို့သော် 'ကမ္ဘာမီးလောင် သားကောင် ချနင်း' ဟူသည့် စကားလည်း ရှိသည် မဟုတ်တုံလော။ ရီးဂျင့်က အဖီးလားကို ကြိုတင် နှစ်သိမ့်ပေးထားပြီး ဖြစ်၏။ အပြစ်ဖြစ်၊ မဖြစ် ဟူသည်မှာ လုပ်ရပ်ထက် စေတနာက ပိုအရေးကြီးပေသည်။

*မြင့်မြတ်သော အမှုတော်ကို ရွက်ဆောင်ရီး မှန်လျှင် ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကို ရရှိမည်သာ။*

ရီးဂျင့်က ဤသို့ ကတိပေးထားသည် မဟုတ်တုံလော။ သူ့စိတ်ဝိညာဉ်အတွက် အကာအကွယ် ရှိရုံသာမက ရုပ်ခန္ဓာ အတွက်လည်း အာမခံချက် ရှိပြီးသား မဟုတ်ပါလား။ မည်သည့် ဆိုးယုတ်မှုကမျှ သူ့ကို မတို့ထိနိုင်။ သူ့လက်ဖဝါး၌ ထိုးထားသော ဆေးမင်အရုပ်ကို အဖီးလားက ဖျတ်ခနဲ လှမ်းကြည့်သည်။

ယေရှုခရစ်၏ နာမတော်ကို ရှေးက ပုံဖော်ဟန်နှင့် ယှိုးစွဲသည့် ဤသင်္ကေတသည် လည်း အက္ခရာစာလုံးများကိုသာ အသုံးပြု ပုံဖော်ထား၏။ အပ်နှင့် အိုင်းယွန်းဂေါ် မင်ကို အသုံးပြုပြီး လွန်ခဲ့သည့် သုံးရက်ကမှ ရေးထိုးထားခဲ့သော အမှတ်အသား သင်္ကေတပင်။ သူ့ကို မှာကြားသည့်အတိုင်း တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ခဲ့ခြင်းပင်။ ထိုနေရာမှာ နီးရဲ နာကျင်နေဆဲ ဖြစ်၏။ ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ ဆိုသလို အဖီးလား အဖမ်းခံ ခဲ့ရလျှင် လက်ဖဝါးပေါ်ရှိ ဤအမှတ်အသားကိုသာ မြင်အောင် ပြလိုက်ပါ၊ နာရီပိုင်းအတွင်း ပြန်လွှတ်ပေးလိမ့်မည်ဟု ရီးဂျင့်က အာမခံထား၏။

*'အစိုးရခေါင်ပိုင်းကို ကိုင်ထားတာ၊ မပူနဲ့'* ဟု ရီးဂျင့်က ဆိုခဲ့သည်ပင်။

အထက်ပုဂ္ဂိုလ်တို့၏ ဩဇာသက်ရောက်မှုကို မျက်ဝါးထင်ထင် မြင်ခဲ့ပြီး ဖြစ်၍ အဖီးလားအတွက် အားရှိစရာ။ သူ့တစ်ကိုယ်လုံးကို လွှမ်းခြုံ အကာအကွယ် ပေးထားသည့် ဒိုင်းသဖွယ် ခံစားရ၏။

*ရှေးအစဉ်အလာကို စောင့်ရှောက်တဲ့သူတွေ ရှိတုန်းပါပဲလား။*

တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သူလည်း အထက်ပိုင်းသို့ တက်လှမ်းနိုင်ရမည်ဟု အဖီးလား


mgyoe.com

mgyoe.com SAMPLE BOOK

ယုံကြည်မျှော်လင့်သည်။ သို့သော် ပစ္စက္ခတွင်မူ ကျရာဇာတ်ရုပ်မှ ပျော်ပျော်ကြီး လှုပ်ရှား ရပေဦးမည်။ ဤသို့ ပါဝင်ခွင့်ရခြင်းသည်ပင် ဂုဏ်ယူစရာ မဟုတ်ပါလား။

အဖိုးလားသည် အိမ်သာခန်းထဲ ထိုင်နေရင်း လက်ကိုင်ဖုန်းကို ထုတ်ယူလိုက်၏။ ထို့နောက် လျှို့ဝှက်ဖုန်းနံပါတ် တစ်ခုကို ခေါ်သည်။

တစ်ဖက်မှ ဖုန်း ချက်ချင်း ကိုင်သည်။ "စီ" *ပြောပါ* ဟူသော အသံ ထွက်လာသည်။

"အက်စတွိုင်းယန်း ပိုစီထရန်" *နေရာတကျ ရှိနေပြီ ဖြစ်ကြောင်း* အသိပေးရင်း နောက်ဆုံး လမ်းညွှန်ချက်တို့ကို အဖိုးလား ငံ့လင့်လျက် ရှိ၏။

"ဘီရန်" ရီးဂျင့်က *ကောင်းပြီလေ* ဟု ကျေနပ်စွာ တုံ့ပြန်သည်။

"တန်ဒရာဆိုးနာ ဆိုလာအော့ပိုးတူနီဒါ၊ အပရိုဗီချာလာ ဆယ်လာခရှူသီယာ"

*အခွင့်အရေး ဆိုတာ တစ်ကြိမ်ပဲ ရမယ်၊ အမိအရသာ ကိုင်ပေတော့။*


mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၁၁ )

ဒူဘိုင်း၏ တောက်တောက်ပပ မိုးမျှော်တိုက်များ၊ လူလုပ်ကျွန်းများ၊ ဆယ်လီတို့ ပါတီပေး မြူးထူးရာ ဗီလာများကို လွန်ပြီး ကမ်းရိုးတန်းအတိုင်း ကီလိုသုံးဆယ်ခန့် တက်သွားလျှင် ယူအေအီး၏ ရှေးရိုးအစွဲလာမ်မစ် ယဉ်ကျေးမှု အထွန်းကားဆုံးမြို့တော် ရှာရှူရှာကို တွေ့မြင်နိုင်ပေမည်။ ဗလီပေါင်း ခြောက်ရာကျော်နှင့် ဒေသတွင်း အကောင်းဆုံး တက္ကသိုလ်များ စုဝေး တည်ရှိနေသည့် ရှာရှူရှာမှာ ဘာသာရေးနှင့် ပညာရေးအတွက် အထွတ်အထိပ် နေရာပင်။ ထုတ်မကုန်နိုင်အောင် ရှိနေသည့် ရေနံရင်းမြစ်နှင့် ပညာရေးကို အားပေးသော အုပ်ချုပ်သူတို့ကြောင့်လည်း ဆတက်ထမ်းပိုး ကြီးပွားနေသည်ဟု ဆိုနိုင်၏။

ရှာရှူရှာ ပြည်သူတို့ ချစ်ခင် မြတ်နိုးရသော အလ္လမာ ဆိဒ်အယ်လ်ဖာဒီ၏ မိသားစုဝင် အားလုံး ယနေ့ည စုရုံးလျက် ရှိသည်။ ပုံမှန် ညစဉ် ရွတ်ဖတ်နေကျ တဟာဒ်ဂျုဒ်အစား အခြား ဆုတောင်းတစ်ခုတည်းကိုသာ သူတို့ ဆုတောင်းနေကြ၏။ ယမန်နေ့ ကတည်းက ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့သော အလ္လမာကြီး ဘေးမသီ ရန်မခ ပြန်ရောက်လာပါစေ ကြောင်း ဆုတောင်းနေကြခြင်းပင်။ ဆုတောင်းနေသူများထဲတွင် အလ္လမာကြီး၏ သားသမီးများလည်း ပါသည်။ တူ၊ တူမများလည်း ပါသည်။ ဇနီးသည်လည်း ပါသည်။ အလ္လမာကြီး ပျောက်သွားပုံမှာ မည်သည့် သဲလွန်စမျှ မကျန်ခဲ့။

လွန်ခဲ့သော နှစ်ရက် ကမ္ဘာ့ဘာသာပေါင်းစုံ ညီလာခံမှ ပြန်ရောက်လာကတည်းက ဆိဒ်တစ်ယောက် မူမမှန်လှဟု မိတ်ဆွေတစ်ဦးက ဆိုကြောင်း ဒေသတွင်း သတင်းစာတို့က အပြိုင်အဆိုင် ရေးသားကြ၏။ ပြန်ရောက်လာပြီး သိပ်မကြာသေး၊ အော်ကြီးဟစ်ကျယ် ဖုန်းတစ်ကောကိုလည်း အချိန်အတန်ကြာ ဆက်သေးသည်ဟု သူက ထပ်ပြောသည်။ အလ္လမာကြီး ထိုသို့ ဒေါသတကြီး ဖုန်းပြောသည်မှာ ရှားပါးလှဘိတောင်း။ အသံမှာ ငြင်းခုံနေဟန်ရှိ၏။ သို့သော် အင်္ဂလိပ်ဘာသာဖြင့် ပြောနေကြခြင်း ဖြစ်ရာ သူ နားမလည်။ မည်သို့ပင်ဆိုစေ အမည်တစ်ခုကိုမူ ထပ်ကာတလဲလဲ ပြောသွားသည်ဟု အလ္လမာကြီး၏ မိတ်ဆွေက သတင်းပေးသည်။

*အက်ဒ်မန်ခါး‌ရှ်။*



mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၁၂ )

ကြောင်လိမ်ထဲမှ ထွက်လာစဉ်ဝယ် လန်ဒင်၏ အတွေးတို့ ချာချာလည်နေ၏။ ခါးရှ်နှင့် စကားပြောခဲ့ရသည်မှာ စိတ်လှုပ်ရှားစရာ ကောင်းသလို အထိတ်တလန့်လည်း ဖြစ်စေသည်။ ခါးရှ် ချဲ့ကားပြောသည်ပဲ ဆိုဆို ကမ္ဘာကြီး၏ ပါရာဒင်း အရွေ့ကို အကြီးအကျယ် သက်ရောက်စေမည့် တွေ့ရှိချက် တစ်ခုကို လက်ထဲ ဆုပ်ကိုင်ထားပြီ ဖြစ်ကြောင်း လန်ဒင် သဘောပေါက်သည်။

*ကော့ပါးနီးကက်စ်ရဲ့ တွေ့ရှိချက်တွေလောက်ကို အရေးကြီးတဲ့ အချက်အလက်တွေ ဆိုပါ့လား။*

ကြောင်လိမ်အပြင်သို့ ရောက်ချေပြီ။ လန်ဒင်ခမျာလည်း မူးနောက်နောက်ပင် ဖြစ်နေ၏။ ကြမ်းပေါ် ချထားခဲ့သော နားကြပ်ကို လန်ဒင် ကောက်တပ်လိုက်သည်။

"ဝင်စတန်ရေ၊ ကြားရလား"

လန်ဒင်က နားကြပ်ကို တပ်ရင်း အသံပေးသည်။ တောက်ခနဲ အသံနှင့် အတူ ဗြိတန်သား ကွန်ပျူတာလမ်းညွှန် ပုဂ္ဂိုလ်ကြီး ပြန်ရောက်လာသည်။

"မင်္ဂလာပါ ပါမောက္ခကြီးရေ၊ ကျွန်တော် ရောက်ပါပြီဗျာ၊ ခန်းမထဲ ပြန်သွားရင် နောက်ကျနေမှာစိုးလို့ ပစ္စည်းအတင်အချလုပ်တဲ့ ဓာတ်လှေကားကို သုံးဖို့ မစ္စတာခါးရှ်က မှာသွားပါတယ် ခင်ဗျ၊ ပြီးတော့ အဲဒီ ဓာတ်လှေကားတွေက ကျယ်လည်း ကျယ်တယ်၊ ဆရာ့အတွက် ပိုအဆင်ပြေတာပေါ့"

"ကျေးဇူးပဲလို့ ပြောလိုက်ပါဗျာ၊ ကျွန်တော် အလုံပိတ် နေရာတွေနဲ့ အဆင်မပြေတာ သူ သိတယ်လေ"

"အခု ကျွန်တော်လည်း သိသွားပါပြီဗျာ၊ ဘယ်တော့မှ မမေ့တော့ပါဘူး"

ဘေးတံခါး တစ်ခုဆီသို့ ဝင်စတန်က လမ်းညွှန်သည်။ ထိုတံခါးကို ဖြတ်လျှင် ဓာတ်လှေကားများ ရှိရာ စင်္ကြံတစ်ခုသို့ ရောက်၏။ ဓာတ်လှေကားမှာ ဝင်စတန် ပြောသည့် အတိုင်းပင် ခပ်ကျယ်ကျယ် ဖြစ်သည်။ အရွယ်အစား ကြီးမားလှသော ပန်းချီကားများ၊ လက်ရာများကို သယ်ဆောင်ရန် ရည်ရွယ်သည့် ဓာတ်လှေကားများ ဖြစ်ဟန်တူသည်။

"အပေါ်က ခလုတ်"



mgyoe.com

mgyoe.com
SAMPLE BOOK

ဓာတ်လှေကားထဲ လန်ဒင် ရောက်ချိန်တွင် ဝင်စတန်က ဆက်ပြောသည်။

"သုံးလွှာ"

သုံးလွှာ အရောက်တွင် လန်ဒင်က ဓာတ်လှေကားထဲမှ ထွက်သည်။

"ဟုတ်ပြီဗျာ"

ဝင်စတန်၏ ခပ်မြူးမြူး အသံက လန်ဒင့်ခေါင်းထဲ၌ ထွက်ပေါ်လာပြန်သည်။

"ဆရာ့ဘယ်ဘက်မှာ အခန်းတစ်ခု ရှိတယ်၊ အဲဒီထဲကနေ ဖြတ်သွားရမှာ၊ အနီးဆုံး လမ်းကြောင်းပဲ"

ဝင်စတန်၏ လမ်းညွှန်ချက်အတိုင်း ဘယ်ဘက်ရှိ အခန်းထဲ လန်ဒင် ဝင်လိုက်သည်။ အခန်းမှာ အတော်လေး ကျယ်ပြီး ခပ်ဆန်းဆန်း လက်ရာတို့ကိုလည်း မြင်ရ၏။ နံရံဖြူဖြူပေါ်သို့ ကပ်စေးစေး ဖယောင်းနီများ ပစ်လွှတ်ထားဟန် ဖန်တီးထားသည့် သံမဏိအမြောက်၊ ရေ၌ ပေါ်စရာ မည်သည့် အကြောင်းမျှ မရှိသော သံဆန်ခါကနူးလှေ၊ ပြောင်လက်နေအောင် တိုက်ထားသော သတ္တုတုံးများဖြင့် ပြုလုပ်ထားသည့် မြို့အသေးစားလေး စသဖြင့် ထူးထူးထွေထွေ လက်ရာများပင်။ အခန်းကျယ်ကြီးကို ဖြတ်ပြီး ထွက်ပေါက်ဆီ ဦးတည်နေချိန်ဝယ် တွေ့လိုက်ရသော လက်ရာတစ်ခုကြောင့် လန်ဒင် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ အနီလက်ရာမှာ ကြီးမားလွန်းပြီး နေရာလည်း အတော်ယူထား၏။



*'ဒီပြတိုက်ရဲ့ အထူးခြားဆုံး လက်ရာကို ငါ တွေ့ပြီ'* လန်ဒင် စိတ်ထဲမှ ကောက်ချက်ချသည်။

ရှေ့တွင် မြင်တွေ့နေရသည်က သစ်သားဝံပုလွေရုပ်များ။ အရေအတွက်က မနည်းမနော။ ဝံပုလွေများမှာ တန်းစီပြီး အားကုန်စိုက်ကာ လေထဲ ပျံဝဲခုန်နေကြသည်။ သို့သော် အဆုံးသတ် နေရာ၌ မှန်သားမျက်နှာပြင် အကြည်တစ်ခုကို အရှိန်ပြင်းပြင်း ဝင်တိုက်မိပြီး


mgyoe.com

mgyoe.com SAMPLE BOOK

ပြုတ်ကျ သေဆုံးကြရဟန် ဖန်တီးထားသည်။ မှန်အကြည်ရှေ့တွင် ဝံပုလွေအလောင်းများ ထပ်နေ၏။

"သူ့နာမည်က 'ထိပ်တိုက်' တဲ့ဗျ"

ဝင်စတန်က ရှင်းပြသည်။

"နံရံကို ခေါင်းနဲ့ ပြေးဝင်ဆောင့်တဲ့ ဝံပုလွေ ကိုးဆယ့်ကိုးကောင်ပေါ့၊ လမ်းဟောင်းကနေ ခွဲထွက်ရဲတဲ့ သတ္တိ မရှိတာကို ပြချင်တာလေ"

နိမိတ်ပုံကို လန်ဒင် သတိထားလိုက်မိသည်။

*ဒီည အက်ဒ်မန်တစ်ယောက် လမ်းဟောင်းကနေ ဖြောင့်ဖြောင့်ကြီးကို ခွဲထွက်တော့မှာပါကလား။*


"အခု တည့်တည့်ကို ဆက်လျှောက်ပါ ဆရာ"

ဝင်စတန်က ဆက်ပြောနေသည်။

"ဟိုရှေ့နားက ရောင်စုံ ပုံလေးတစ်ခုဆီ ရောက်ရင် ဘယ်ဘက်ကို ကြည့်လိုက်ဆရာ၊ အဲဒီမှာ ထွက်ပေါက်ပဲ၊ လက်ရာရှင်ကတော့ အက်ဒ်မန်ရဲ့ ဖေးဘရိတ်တွေထဲက တစ်ယောက်ပေါ့လေ"

ကြောင်ခြစ်ရာနှင့် ဆင်ဆင်တူသော မျဉ်းကြောင်းများ၊ မူလအရောင်တို့ကို ရဲရဲရင့်ရင့် အသုံးပြုထားမှု၊ အလယ်၌ လွင့်နေသော မျက်လုံး စသည်တို့ကို ပေါင်းစပ်လိုက်လျှင်…။

*ဂျူအန်မီရို။* နာမည်ကျော် ဘာစီလိုနာသားကြီး၏ လက်ရာကို လန်ဒင်လည်း အမြဲသဘောကျခဲ့သည်သာ။ မီရို၏ လက်ရာတို့က ကလေးများ၏ အရောင်ခြယ် စာအုပ်နှင့် ရောင်စုံ မှန်ကူကွက် ပြတင်းမှန်တို့ကို ပေါင်းစပ်ထားသည့်နှယ်။



သို့သော် ရောင်စုံ လက်ရာရှေ့သို့ အရောက်၌ လန်ဒင် တုံ့ခနဲ ရပ်သွား၏။ လက်ရာ၏ မျက်နှာပြင်မှာ ပြောင်ချောနေပြီး စုတ်တံရာ ဟူ၍ စိုးစဉ်းမျှ မရှိချေ။


mgyoe.com

‘‘ပြန်ကူးထားတာကြီးလား’’

‘‘မဟုတ်ပါဘူး ဆရာ၊ အော်ရီဂျင်နယ် လက်ရာပါပဲ’’

လန်ဒင်က အနီးကပ် ထပ်ကြည့်သည်။ စင်စစ် ဤလက်ရာကို ပရင်တာ အကြီးစားဖြင့် ရိုက်ထုတ်ထားခြင်းသာ ဖြစ်၏။

‘‘ဝင်စတန်၊ ဒါကြီးက ပရင့်ထုတ်ထားတာကြီး၊ ကင်းဗတ်စပေါ် ရေးထားတာတောင် မဟုတ်ဘူး’’

‘‘ကျွန်တော်နဲ့ ကင်းဗတ်စနဲ့ လမိုင်းမကပ်ဘူး ကိုယ့်ဆရာ’’

ဝင်စတန်က ပြန်ပြောသည်။

‘‘ကျွန်တော်က ကွန်ပျူတာထဲမှာ ဆွဲတယ်၊ အက်ဒ်မန်က ပုံထုတ်ပေးတယ်’’

‘‘နေပါဦး၊ နေပါဦး’’

သူ နားကြားလွဲပြီ ဟု လန်ဒင် ထင်လိုက်၏။

‘‘ဒါ ခင်ဗျား ဆွဲထားတာ’’

‘‘ဟုတ်တယ်၊ ဂျုအန်မီရိုရဲ့ ပုံစံကို အတုခိုးပြီး ဆွဲထားတာ’’

‘‘အဲဒါတော့ ကျွန်တော်လည်း သိတယ်’’

လန်ဒင်က တအံ့တသြ ဖြစ်နေ၏။

‘‘ဒီမှာလေ၊ မီရိုလို့တောင် လက်မှတ်ထိုးထားသေးတယ် ဟုတ်လား’’

‘‘မဟုတ်ဘူးဗျ၊ သေချာကြည့်ပါဦး၊ ဂျုအန်မီရိုရဲ့ နာမည်က miró လို့ ပေါင်းတယ်၊ ကျွန်တော်က miro လို့ပဲ ထိုးထားတယ်၊ ‘အို’အပေါ်ကဟာလေး မပါဘူး၊ miro ဆိုတာ စပိန်စကားမှာ ‘ကျွန်တော် ကြည့်သည်’ လို့ အဓိပ္ပာယ်ထွက်တယ်’’

*‘တော်ချက်ပဲ’* လန်ဒင် လက်ဖျားခါသွားသည်။ ပုံအလယ်ကောင်မှ တစ်ခုတည်းသော မျက်လုံးက သူ့ကို စိုက်ကြည့်လျက် ရှိ၏။ ဝင်စတန်၏ လက်ရာထဲမှ မီရိုမျက်လုံးပင်။

‘‘ကိုယ့်ပုံ ကိုယ်ဆွဲဖို့ အက်ဒ်မန်က ခိုင်းတော့ ဒီပုံ ထွက်လာတာပဲ’’

*‘ဒါ မင်းပုံတဲ့လား ဝင်စတန်’* တောင်ခြစ်မြောက်ခြစ် လက်ရာကို လန်ဒင်က ငေးစိုက်ကြည့်ရင်း တွေးနေမိ၏။ *မြင်ရတာ အတော်ခွတီးခွကျနိုင်မယ့် ကွန်ပျူတာပဲ။*

ရှုပ်ထွေးဆန်းကြယ်သော ကွန်ပျူတာများကို အသုံးပြုပြီး အနုပညာ လက်ရာတို့ကို ဖန်တီးနိုင်ရန် အက်ဒ်မန် ကြိုးစားနေကြောင်း တစ်လောက လန်ဒင် ဖတ်လိုက်ရသည်။ သို့ကလို ဆိုလျှင် မေးခွန်းတစ်ခု ပေါ်လာ၏၊ ကွန်ပျူတာတစ်လုံး အနေဖြင့် အနုပညာလက်ရာ တစ်ခုကို ဖန်တီးလိုက်ပြီ ဆိုလျှင် လက်ရာရှင်သည် မည်သူနည်း၊ ကွန်ပျူတာလော၊ သို့မဟုတ် ပရိုဂရမ်ကို ဖန်တီးသူပင်လော။

ကွန်ပျူတာများ ဖန်တီးရေးဆွဲထားသော အရည်အသွေးမြင့် အနုပညာလက်ရာ ပြပွဲ တစ်ခုကို MIT တက္ကသိုလ်၌ ကျင်းပ ပြုလုပ်သွားခဲ့သည်မှာ ပူပူနွေးနွေး ရှိသေး၏။ အနီ


mgyoe.com

mgyoe.com SAMPLE BOOK

ပြပွဲကြောင့် ဟားဗတ် လူမှုဘာသာရပ် လေ့လာသူများအကြား ပွက်လောရိုက်ကုန်၏။

*'အနုပညာကြောင့် ကျွန်ုပ်တို့ လူပီသလာရသည်'* ဟူသော စကားမှာ မှန်ပါသေး၏ လော။

"သံစဉ်တွေ ဘာတွေလည်း ကျွန်တော် ရေးတယ်ဗျ"

ဝင်စတန်က ခပ်သောသော ဆက်ပြောသည်။

"နောက် အချိန်ရလို့ ဆရာ စိတ်ဝင်စားရင် အက်ဒ်မန်ကို ဖွင့်ပြခိုင်းကြည့်၊ အခုတော့ မြန်မြန်လာဗျို့၊ ပွဲစတော့မယ်"

အခန်းထဲမှ ထွက်လိုက်သောအခါ ပင်မ ပြတိုက်ခန်းကြီးကို မိုးနေသည့် လျှောက်လမ်း ခပ်မြင့်မြင့် တစ်ခုပေါ်သို့ လန်ဒင် ရောက်သွား၏။ နောက်ဆုံး ကျန်ရှိနေသော ဧည့်သည် အချို့ကို ဓာတ်လှေကားထဲမှ တက်သုတ်ရိုက် ခေါ်ထုတ်ပြီး လန်ဒင် ဦးတည်ရာ လမ်းကြောင်း အတိုင်း ညွှန်ပြပေးနေသည့် ပြတိုက်ဝန်ထမ်းများကိုလည်း မြင်နေရသည်။

"ခဏနေရင် ပွဲစပြီ ဆရာ"

ဝင်စတန်က ထပ်ပြောသည်။

"ပွဲလုပ်မယ့် နေရာဆီ ဝင်ရမယ့် အပေါက်ကို တွေ့လား ဆရာ"

"တွေ့တယ် ဝင်စတန်၊ ရှေ့တည့်တည့်မှာပဲ"

"ကောင်းတယ် ဆရာ၊ တစ်ခုပဲ ပြောဖို့ ကျန်တော့တယ်၊ ဝင်ပေါက်နားမှာ ပုံးတွေ ချထားတာ တွေ့လိမ့်မယ်၊ နားကြပ်တွေ ထည့်ထားခဲ့ဖို့ ပုံးတွေ၊ ဒါပေမဲ့ ဆရာ့နားကြပ်ကို အထဲ ယူသွားပါလို့ အက်ဒ်မန်က မှာထားတယ် ဆရာ၊ ဒါမှ ပွဲပြီးရင် ပြတိုက်နောက်ပေါက်က ထွက်ဖို့ ကျွန်တော် လမ်းညွှန်ပေးလို့ ရမှာ၊ တက္ကစီငှားမယ်လေ ပြီးရင်"

လိပ်စာကတ်ပေါ်တွင် အက်ဒ်မန် ရေးပေးခဲ့သော စာလုံး ထူးထူးဆန်းဆန်းတို့ကို လန်ဒင် မြင်ယောင်လာသည်။ ဤစာကို တက္ကစီသမားကို ပြလိုက်ပါဟုလည်း ပြောသွား သေးသည် မဟုတ်လော။

"အက်ဒ်မန် ရေးသွားတာက BIO-EC 346 တဲ့ ဝင်စတန်ရဲ့၊ သိပ်ရှင်းတဲ့ ကုဒ်လို့တောင် ပြောသေးတယ်"

"သူ ပြောတာ အမှန်ပဲ ကိုယ့်ဆရာ"

ဝင်စတန်က ချက်ချင်း ပြန်ပြောသည်။

"ကဲ... ကဲ ပွဲစတော့မယ် ဆရာရေ၊ မစ္စတာခါးရှ်ကို အားပေးလိုက်ဦးဗျို့၊ ပွဲပြီးမှ တွေ့ကြတာပေါ့"

ထို့နောက် တောက်ခနဲ အသံမြည်ပြီး ဝင်စတန်၏ အသံ တိတ်သွားချေပြီ။

အပေါက်ဝသို့ ရောက်ချိန်ဝယ် လန်ဒင်က နားကြပ်ကို ဖြုတ်ပြီး ဂျက်ကက်အင်္ကျီ အိတ်ထဲသို့ အသာထည့်လိုက်သည်။ ထို့နောက် ပွဲကျင်းပမည့် အခန်းထဲသို့ ခပ်သုတ်သုတ်


mgyoe.com

mgyoe.com
SAMPLE BOOK

ဝင်သည်။ သူ့အနီးတွင် ဧည့်သည် သုံးလေးယောက်သာ ရှိတော့၏။ တံခါးကြီးလည်း ပိတ်သွားချေပြီ။

လန်ဒင် တစ်ယောက် သူ ထင်မှတ်မထားသော နေရာတစ်ခုဆီ ရောက်လာရပြန်ပြီဖြစ်၏။

*ပွဲလုပ်နေတဲ့ တစ်ချိန်လုံး မတ်တတ်ရပ်နေရမှာလား။*

ခုံများတွင် သက်သောင့်သက်သာ ထိုင်ရင်း အက်ဒ်မန်၏ တင်ဆက်မှုကို ငံ့လင့်နေကြမည့် လူအုပ်ကို လန်ဒင် ပုံဖော်ထားခဲ့သည်။ သို့သော် ရာချီနေသည့် ဧည့်သည်တော်တို့မှာ ဟိုတစ်စု၊ သည်တစ်စု ဆိုသလို မတ်တတ်ရပ်နေကြသည်ကိုသာ တွေ့ရပေသည်။

အခန်းထဲတွင် ထိုင်ခုံ မရှိ၊ အနုပညာလက်ရာ နတ္ထိ။ ခပ်လှမ်းလှမ်း နံရံအနီးတွင် စကားပြောစင်လေး တစ်ခုကိုသာ မြင်ရ၏။ စင်ဘေးရှိ ဧရာမ LCD ဖန်သားပြင်တွင်မူ -

*'တိုက်ရိုက် ထုတ်လွှင့်မှု အစီအစဉ် စတင်ရန် ႏ ၂း၀၇ မိနစ်လို'*

ဟူသော စာသားကို ဖော်ပြထားသည်။

ရင်ဖိုလာသော လန်ဒင်က ဒုတိယ စာကြောင်းကို ဆက်ဖတ်သည်။

*တိုက်ရိုက် ကြည့်ရှုနေသူ ဦးရေ ႏ ၁,၉၅၃,၆၉၄ ဦး။*

*'ဘယ်လို…'* နောက်တစ်ကြိမ် ထပ်ဖတ်သည်။ *လူနှစ်သန်းတောင်။*

ယနေ့ည အစီအစဉ်ကို တိုက်ရိုက် ထုတ်လွှင့်မည်ဟု ခါးရှ် ပြောသွားကြောင်း လန်ဒင် အမှတ်ရသည်။ သို့သော် ကြည့်ရှုသူ ဤမျှ များပြားမည်ဟု ထင်မထားမိခဲ့။ ထို့အပြင် ကြည့်ရှုသူ ဦးရေမှာ စက္ကန့်နှင့်အမျှ လျင်မြန်စွာ တက်လာလျက် ရှိ၏။ လန်ဒင်က တစ်ချက် ပြုံးလိုက်သည်။ သူ့တပည့်ကျော်က အတော်လေး ဟုတ်နေချေပြီ။ သို့ဆိုလျှင် မေးခွန်းတစ်ခုသာ ကျန်ရှိတော့၏။

*ဒီနေ့ည အက်ဒ်မန် ဘာပြောမှာလဲ။*


mgyoe.com